# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်)ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့။ Thursday, 12 October 2017 (၉၀၇၅)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သံအမတ်ကြီးများ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စ ဒေါ်ရိုလ်သေရားနက်ထ်စခဲ-ဗန်ဆဲလ်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အလားတူ နိုင်ငံတော်သမ္မတထံ မြန်မာနိုင်ငံဆိုင်ရာ ဗာတီကန်မြို့ပြနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ပေါလ်ချန်အင်-နမ်သည် နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# ရခိုင်ပြည်နယ်အတွင်း ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းများ ချမှတ်

**နေပြည်တော် အောက်တိုဘာ ၁၁**

ရခိုင်ပြည်နယ်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ရခိုင်ပြည်နယ် ခရီးစဉ်အတွင်း တွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေအား ရှင်းလင်းတင်ပြသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆


ရခိုင်ပြည်နယ်အရေးကိစ္စ၊ စိန်ခေါ်မှုများနှင့် ရှေ့ဆက်အလားအလာများ၊ ဆွေးနွေးပွဲရလဒ်များကို နိုင်ငံတော်သမ္မတရုံးသို့ တင်ပြသွားမည်


စာမျက်နှာ - ၅


လူမှုမီဒီယာများ၏ သဘောသဘာဝများနှင့် လူမှုမီဒီယာများအား ထိရောက်မှန်ကန်စွာ အသုံးချရေးဆွေးနွေးပွဲ ကျင်းပ


စာမျက်နှာ - ၈


ရခိုင်ပြည်နယ်၏ ကျန်းမာရေးဝန်ထမ်းလိုအပ်ချက် ဖြည့်ဆည်းနိုင်ရေးသင်တန်းများ ဖွင့်လှစ်၍ သူနာပြုနှင့် သားဖွားဆရာမများ မွေးထုတ်ပေးလျက်ရှိ


စာမျက်နှာ - ၁၁


ကိုရီးယားကျွန်းဆွယ် ကမ်းရိုးတန်းများတစ်လျှောက် အမေရိကန်ဗုံးကြဲလေယာဉ်များ စစ်ရေးလေ့ကျင့်


စာမျက်နှာ - ၄



KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

# ကြေးမုံ

## တည်ငြိမ်အေးချမ်းဖွံ့ဖြိုးရေး၌ ပါဝင်

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် တိုင်းရင်းသားလူမျိုးစုအများစုပါဝင်သည့် ပြည်ထောင်စုနိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။ တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးသည် နှစ်ပေါင်းထောင်ချီ အေးချမ်းစွာဖြင့် မရှိအတူ၊ ရှိအတူ အေးအတူ ပူအမျှ အတူတကွ လက်တွဲနေထိုင်ခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးစုတစ်စုစီတွင် မတူကွဲပြားသော ဝိသေသလက္ခဏာများရှိကြသော်လည်း ပြည်ထောင်စုကြီး၏ မိသားစုဝင်များဖြစ်ကြသည်ဟူသော ညီအစ်ကိုမောင်နှမ အသိစိတ်ဓာတ်ဖြင့် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး လက်တွဲဆက်ဆံနေထိုင်ကြသည်။ ဘာသာမတူ၊ အသွေးအရောင်ကွဲပြားသော်လည်း အမုန်းမဖက် အပြုံးဖက်၍ ပေါင်းသင်းဆက်ဆံနေထိုင်လျက်ရှိသည်။ ဤသည်မှာ တစ်မျိုးတစ်နွယ်တည်းမှ ဆင်းသက်လာသော မျိုးရင်းသွေး၏ သက်သေပင်တည်း။

ရခိုင်ပြည်နယ်အခြေအနေမှာ ဤသို့မဟုတ်ပြီ။ ရှေးအတိတ်ကာလက အခြေချနေထိုင်လာခဲ့ကြသော ရခိုင်၊ ကမန်၊ ခမီ၊ ဒိုင်းနက်၊ မရမာကြီး၊ မြို၊ သက် တိုင်းရင်းသားလူမျိုးစုများအပြင် ဧည့်နိုင်ငံသား ဘင်္ဂါလီလူမျိုးများလည်း အတူနေထိုင်လာကြသည်။ ဧည့်သည်ကို အိမ်ရှင်ပီသစွာဖြင့် အမုန်းမဖက်လက်ခံခဲ့သည်။ အချိန်ကာလကြာမြင့်သောအခါ မူရင်းတိုင်းရင်းသားများလျော့နည်းသွားသည်။ အထူးသဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်ဖြစ်သည်။ မြက်ရိုင်းများ ထူထပ်လာသောအခါ အခြားအပင်ငယ်များ မရှင်သန်နိုင်သကဲ့သို့ အင်အားများသောလူမျိုးက အင်အားနည်းသောလူမျိုးကို လွှမ်းမိုးခြင်း၊ လူတစ်စုဝင်ရောက်လာသောအခါ လူတစ်စု နေရာဖယ်ပေးရခြင်း၊ ရေကြည်ရာ မြက်နုရာသို့ပြောင်းရွှေ့သွားခြင်းများ ဖြစ်ခဲ့ရသည်။

ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသတစ်ခုလုံးရှိ လူဦးရေစုစုပေါင်း၏ ၉၅ ရာခိုင်နှုန်းမှာ ဘင်္ဂါလီများဖြစ်နေပြီး မူရင်း တိုင်းရင်းသားများမှာ ငါးရာခိုင်နှုန်းသာရှိသည့် လူနည်းစုအဖြစ်ကျန်တော့သည်ကို တစ်ကမ္ဘာလုံးသိရှိသင့်သည်။ ထိုသို့သောအခြေအနေတွင် "ရှင်နည်းရာအဂ္ဂလူထွက်" ကိန်းဆိုက်သကဲ့သို့ လက်ကျန်လူနည်းစုကို အစွန်းရောက်အကြမ်းဖက်သမားများက တိုက်ခိုက်သတ်ဖြတ်ခဲ့သဖြင့် လူနည်းစုတိုင်းရင်းသားများ နေရင်းအရပ်များမှ စွန့်ခွာထွက်ပြေးကြရသည်။ အစွန်းရောက်အကြမ်းဖက်သမားများသည် ဒေသခံတိုင်းရင်းသားများအပြင် ဒေသနေဟိန္ဒူဘာသာဝင်တစ်ရာကျော်ကိုလည်း မနေ့ဝံ့အောင် ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ကြသည်။ ဤအဖြစ်မှန်ကိုလည်း တစ်ကမ္ဘာလုံးသိရှိသင့်သည်။ အထူးသဖြင့် နိုင်ငံတကာမှ ပုဂ္ဂိုလ်များ သိရှိသင့်သည်။

သို့သော် ထိုအဖြစ်မှန်ကို နိုင်ငံတကာမှ အချို့ပုဂ္ဂိုလ်များ မသိ၍သော်လည်းကောင်း၊ သိလျက်သော်လည်းကောင်း၊ အသိမှား၍သော်လည်းကောင်း ကပြောင်းကပြန်ပြောဆိုနေကြသည်။သမာသမတ်ကျကျ စိတ်ရင်းမှန်စွာဖြင့် မြေပြင်တွင် အချိန်ယူကာလေ့လာကြည့်လျှင် သိမြင်နိုင်သည်။ ထိုသို့လေ့လာနိုင်အောင်လည်း တံခါးဖွင့်ပေးထားသည်။ အကြမ်းဖက်သမားများသည် ဝါဒဖြန့်ချိရေးကို ဘာသာအမျိုးမျိုးဖြင့် လှုံ့ဆော်သည်။ ဥပမာအားဖြင့် မြန်မာဘာသာဖြင့် အာဗွီးရှင်း၊ အင်္ဂလိပ်ဘာသာဖြင့် အာတီဗွီတို့ကိုအသုံးပြု၍ ပြောင်းပြန်လှန် မမှန်သတင်းများထုတ်ပြန်ကာ စိတ်ခံစားချက်ဖြစ်ပေါ်အောင် လှုံ့ဆော်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကို သိရှိနားလည်ပြီး အကြမ်းဖက်သမားများ၏ ဝါဒဖြန့်ချိရေးလုပ်ငန်းနည်းဗျူဟာကို နားလည်သူတို့အဖို့ ၎င်းတို့၏ ဝါဒဖြန့်အချက်အလက်များကို မှန်မှန်ကန်ကန်သုံးသပ်နိုင်မည်ဖြစ်သည်။ မကြာမီက ဖြစ်ပွားခဲ့သော ရခိုင်ပြည်နယ်မြောက်ပိုင်းအရေးသည် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ လုပ်ရပ်သာဖြစ်ပြီး ဒေသခံတိုင်းရင်းသားများ၊ ဒေသနေဟိန္ဒူဘာသာဝင်များအား ရက်စက်ပြလိုက်ခြင်းနှင့် ဒေသနေလူများစု မူဆလင်ဘာသာဝင်များအား အသုံးချထားခြင်းဖြစ်သည်ကို အမှန်မြင်သိပါက အလွယ်တကူ နားလည်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတကာအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် အကြမ်းဖက်လုပ်ရပ်များကို ခွဲခြားရှုမြင်သင့်ပြီး လူများစုနှင့်လူနည်းစု၊ သတင်းမှန်နှင့်သတင်းမှား၊ နယ်မြေကျူးကျော်ခြင်းနှင့် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်နက်နယ်မြေ ကာကွယ်ခြင်းတို့ကို ကွဲကွဲပြားပြား နားလည်သဘောပေါက်ကာ စိတ်ရင်းမှန်ကန်စွာဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း။ ။

## နေရောင်ခြည်စွမ်းအင်စက်ရုံတည်ဆောက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး



**နေပြည်တော် အောက်တိုဘာ ၁၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယမန်နေ့ နံနက် ၈ နာရီခွဲတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)တွင် ကျင်းပသည့် နေရောင်ခြည်စွမ်းအင်စက်ရုံ တည်ဆောက်ရေးအတွက် နော်ဝေနိုင်ငံ Energeia Asset Management ကုမ္ပဏီနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးသည်။

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်နှင့် နော်ဝေနိုင်ငံ Energeia Asset Management ကုမ္ပဏီမှ Chief Operational Officer, Mr. Christian Hagemann တို့သည် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီးတို့ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့သည် သထုံစက်မှုနယ်မြေတွင် ၂၈ ဒသမ ၆ မဂ္ဂါဝပ်နေရောင်ခြည်စွမ်းအင်စက်ရုံ အကောင်အထည်ဖော်မည့် အစီအစဉ်များနှင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားသောဒေသများပါ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များကို အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

စီမံကိန်း ပထမအဆင့်အနေဖြင့် Energeia Asset Management (EAM)ကုမ္ပဏီသည် သထုံစက်မှုနယ်မြေတွင် ၂၈ ဒသမ ၆ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်စက်ရုံကို ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာတွင် သထုံစက်မှုနယ်မြေရှိ စီမံကိန်းလုပ်ငန်းများပြီးစီးကာ ဓာတ်အား စတင်ပို့လွှတ်နိုင်မည်ဖြစ်ရာ လိုအပ်သလို တိုးချဲ့နိုင်ရန် စီစဉ်ထားသည်။

၂၈ ဒသမ ၆ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံးစက်ရုံကို သထုံစက်မှုနယ်မြေရှိ စက်ရုံများအတွက် အဓိကရည်ရွယ်တည်ဆောက်ခြင်းဖြစ်ပြီး စီမံကိန်းပြီးစီးပါက တစ်နှစ်လျှင် စုစုပေါင်းလျှပ်စစ်ဓာတ်အား ၄၂ ဒသမ ၆ ဂစ်ဂါဝပ်နာရီ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ အလားတူ နေရောင်ခြည်စွမ်းအင်သုံးစက်ရုံ စီမံကိန်းများကို စက်မှုဝန်ကြီးဌာနရှိ နိုင်ငံပိုင်စက်ရုံ ၁၀ ရုံတွင်လည်း ဆက်လက်တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




## ငရုတ်စိုက်ပျိုးသူများ အဆင်ပြေ

**ကျောက်ဆည် အောက်တိုဘာ ၁၁**

ကျောက်ဆည်မြို့နယ်ရှိ (၆၉၂)ငရုတ်စိုက်ပျိုးသူတောင်သူများ ဆည်မြောင်းရေ ဖူလုံစွာရရှိမှုနှင့် မိုးရွာသွန်းမှုကောင်းမွန်သောကြောင့် ထွက်အားကောင်းကာ ဈေးကောင်းရရှိ၍ ဝင်ငွေကောင်းမွန်လျက်ရှိသည်။

ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ကျေးရွာ ကွင်းအမှတ်(၂၉၂)တောင်သူဦးသိန်းဇော်က "ကျွန်တော်တို့ ငရုတ်စိုက်တဲ့အခါမှာ ကုန်းမြင့်မြေတွေပေါ်မှာ စိုက်ပျိုးတဲ့တောင်သူတွေ ငရုတ်ထွက် အားကောင်းလျက်ရှိပါတယ်။ သုည ဒသမ ၇၅ ဧကစိုက်ပျိုးရင် ထွန်ယက်စရိတ် ငွေကျပ် ၃၀၀၀၀၊ ပေါင်း ပေါက်ခ ငွေကျပ် ၇၅၀၀၀၊ ဆွတ်ခူးခ တစ်တင်းလျှင် ငွေကျပ် ၂၀၀၀ ကျပ် ကုန်ကျပါတယ်"ဟု ပြောသည်။ သုည ဒသမ ၇၅ ဧကမှာ တင်းပေါင်း ၂၅၀ ထွက်ရှိပြီး တစ်ရာသီလျှင် ကျပ်သိန်း နှစ်ဆယ်ရ၍ ငရုတ်စိုက် တောင်သူလုပ်သားများနှင့် ငရုတ်ပွဲစားများပါ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**(ခင်မောင်လွင်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၁၁**

ရန်ကုန်(ရွှေဈေး) ၉၃၃၅၀၀ - ၉၃၃၅၀၀ မန္တလေး(ရွှေဈေး) ၉၃၃၅၀၀ - ၉၃၃၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၃၀/၇၅၀ ကျပ်၊ | ၇၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၈၀/၇၉၀ ကျပ်၊ | ၈၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၅၀/၇၇၀ ကျပ်၊ | ၇၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၈၀/၆၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၀၀/၇၀၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၈၀/၆၉၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၉၆. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၅. ၂၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၀. ၇၄၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၁. ၃၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၈၀၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၇. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈. ၉၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၄. ၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၇. ၃၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**


ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်သမ္မတဦးထင်ကျော်ထံ ဂျာမနီနိုင်ငံသံအမတ်ကြီး မစ္စ ဒေါ်ရိုလ်သေရားနက်ထ်စခဲ-ဗန်ဆဲလ်(အပေါ်ဝဲပုံ)နှင့် ဗာတီကန်မြို့ပြနိုင်ငံသံအမတ်ကြီး မစ္စတာပေါလ်ချန်အင်-နမ်(အပေါ်ယာပုံ)တို့ သံအမတ်ခန့်အပ်လွှာများ ပေးအပ်စဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)



ရခိုင်ပြည်နယ်ဆိုင်ရာညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**☆ ရခိုင်ပြည်နယ်မှ**

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက လုံခြုံရေးအခြေအနေနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးဆောင်ရွက်နေမှု အခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရခိုင်ပြည်နယ်ဖြစ်စဉ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေတို့ကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများ ထိထိရောက်ရောက်ပေးအပ်နိုင်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး၊ ရေရှည်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအနက် ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ချမှတ်ပေးကာ နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးကျော်တင့်ဆွေ၊ သူရဦးအောင်ကို၊ ဒေါက်တာအောင်သူ၊ ဦးဝင်းခိုင်၊ ဦးသိန်းဆွေ၊ ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ဦးကျော်မျိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme-WFP)၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. David Kaatrud နှင့် အဖွဲ့က ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP)၏ လုပ်ငန်းများဆိုင်ရာ မဟာဗျူဟာအသစ်အရ ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများ၊ ဝန်ကြီးဌာန၏ လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာအရ ဆောင်ရွက်နေသည့် စာသင်ကျောင်းများတွင် အာဟာရကျွေးမွေးရေးအစီအစဉ်များ၌ (WFP)မှ ပူးပေါင်းဆောင်ရွက်မှုများ၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် အရေးပေါ်ကူညီပေးရေးလုပ်ငန်းများ၊ ရခိုင်ပြည်နယ်တွင်ဆောင်ရွက်မည့် လူသားချင်းစာနာကူညီမှုအစီအစဉ်များ၊ ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုကဏ္ဍတွင် အရည်အသွေးမြှင့်တင်ခြင်းသင်တန်းများ ဆောင်ရွက်မည့်ကိစ္စများ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ ဆောင်ရွက်နေသည့် တရားဥပဒေ စိုးမိုးရေး၊ လူသားချင်းစာနာကူညီမှုအစီအစဉ်များ၊ လုံခြုံရေးနှင့် မိသားစုများ ပြန်လည်ပေါင်းစည်းရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အတွက် ယာယီသိုလှောင်ရုံ လိုအပ်ချက်အခြေအနေများ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းရေးဖြစ်စဉ်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် ဆက်လက်ကူညီသွားရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဦးထက်အောင်လင်း ဦးဆောင်သော ရန်ကုန်-လိုင်ဇာ ငြိမ်းချမ်းရေးလမ်းလျှောက်အဖွဲ့နှင့် ဆက်လက်တွေ့ဆုံရာတွင် ငြိမ်းချမ်းရေးလမ်းလျှောက်အဖွဲ့က ပြုစုထားသော ဘူးသီးတောင်မြို့နယ်၏ မြေပြင်အခြေအနေများနှင့်ပတ်သက်သည့် အစီရင်ခံစာကိစ္စ၊ ရခိုင်ပြည်နယ်တွင် နိုင်ငံတော်အစိုးရက ဦးဆောင်၍ဆောင်ရွက်နေသော လူသားချင်းစာနာကူညီမှုဆိုင်ရာလုပ်ငန်းများတွင် လူငယ်များအနေဖြင့် ပါဝင်ကူညီဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



ဆက်လက်၍ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များကြောင့် ခေတ္တနေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံတိုင်းရင်းသားများ၏ အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် ဗဟိုဝန်ထမ်းတက္ကသိုလ် အထက်မြန်မာပြည်(ဇီးပင်ကြီး) အကြိုဖေယျသင်တန်းအမှတ်စဉ် (၁၄) သင်တန်းဆင်းအရာထမ်းများက လှူဒါန်းငွေကျပ် ၈၂၀၀၀၀ ကိုလည်းကောင်း၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (Construction and Housing Development Bank) က လှူဒါန်းငွေကျပ် ၁၅၀၀၀၀၀၀ ကိုလည်းကောင်း အဆိုပါဝန်ကြီးရုံးသို့ လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

# ကိုရီးယားကျွန်းဆွယ်ကမ်းရိုးတန်းများတစ်လျှောက် အမေရိကန်ဗုံးကြဲလေယာဉ်များ စစ်ရေးလေ့ကျင့်

**ဆိုးလ် အောက်တိုဘာ ၁၁**

ကိုရီးယားကျွန်းဆွယ် ကမ်းရိုးတန်းများတစ်လျှောက် အင်အားပြသသည့်အနေဖြင့် အမေရိကန်က မဟာဗျူဟာ ဗုံးကြဲလေယာဉ်ကြီးများကို အောက်တိုဘာ ၁၀ ရက် ညက ပျံသန်းစေခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက အောက်တိုဘာ ၁၁ ရက်တွင် ပြောကြားကြသည်။



မြောက်ကိုရီးယားအား အကြီးအကျယ် ဒေါသထွက်စေမည့် လှုံ့ဆော်မှုအဖြစ် ရှုမြင်ရသည်။ မြောက်ကိုရီးယားခေါင်းဆောင်ပိုင်းက ၎င်းတို့ကို အမေရိကန်က စစ်ကြေညာထားသည်ဟု ယူဆကြောင်း၊ အမေရိကန် ဗုံးကြဲလေယာဉ်များကို ပစ်ချကောင်းပစ်ချရလိမ့်မည်ဟု သတိပေးခဲ့ကြောင်း ကုလသမဂ္ဂအထွေထွေညီလာခံ၌ မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ယခုရက်သတ္တပတ်အတွင်း အမေရိကန်နှင့် တောင်ကိုရီးယားတို့ ပူးတွဲစစ်ရေးလေ့ကျင့်ခဲ့ရာတွင် ဘီ-၁ဘီ ဗဟာဗျူဟာဗုံးကြဲလေယာဉ်နှစ်စင်းကို တောင်ကိုရီးယား အက်ဖ်-၁၅ ကေ တိုက်လေယာဉ်နှစ်စင်းက ခြံရံပျံသန်းသွားခဲ့သည်။ စစ်ရေးလေ့ကျင့်မှုသည် ဝေဟင်မှ မြေပြင်ပစ်မှတ်များကို ချေမှုန်းတိုက်ခိုက်ရန် ရည်ရွယ်သည်ဆို၏။

ကိုရီးယားကျွန်းဆွယ်အနောက်ဘက် ပင်လယ်ပြင်အထက် ဝေဟင်အတွင်း တောင်ကိုရီးယားက စစ်ရေးလေ့ကျင့်ခဲ့ပြီး ကိုရီးယားကျွန်းဆွယ်အရှေ့ပိုင်းတွင်လည်း စစ်ရေးလေ့ကျင့်ခဲ့သည်။

အမေရိကန်နှင့် တောင်ကိုရီးယားတို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ၎င်းတို့ကို တိုက်ရိုက်ရန်စခြင်းဟု မြောက်ကိုရီးယားက ယူဆသည်။ ယခုစစ်ရေးလေ့ကျင့်မှုတွင် ဂျပန်လေတပ်ကလည်း ပူးပေါင်းပါဝင်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က ထုတ်ပြန်ကြေညာသည်။

မြောက်ကိုရီးယားက နျူကလီးယားဒုံးလက်နက်ဖြင့် ခြိမ်းခြောက်မှုကို ချေဖျက်နိုင်ရေးအတွက် မိမိတို့မဟာမိတ်နိုင်ငံများ၏ သွေးစည်းခိုင်မာမှုကို ဖော်ပြခြင်းဖြစ်ကြောင်း တောင်ကိုရီးယားလေတပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ရိုက်တာ။**

# မက္ကဆီကိုမြောက်ပိုင်းရှိ အကျဉ်းထောင်အတွင်း၌ ထောင်သားချင်းတိုက်ခိုက်၊ ၁၃ ဦးထက်မနည်းသေဆုံး

**မက္ကဆီကို စီးတီး အောက်တိုဘာ ၁၁**

မက္ကဆီကိုနိုင်ငံမြောက်ပိုင်းရှိ နျူဗိုလွန်ပြည်နယ်ရှိ အကျဉ်းထောင်အတွင်း အကျဉ်းကျနေသည့် ပြိုင်ဘက်ရာဇဝတ်ဂိုဏ်းနှစ်ဂိုဏ်းမှ အကျဉ်းသားများ အပြန်အလှန်တိုက်ခိုက်မှုဖြစ်ပွားခြင်းကြောင့် လူ ၁၃ ဦးထက် မနည်းသေဆုံးရကြောင်း ပြည်နယ်လုံခြုံရေးဌာန ပြောရေးဆိုခွင့်ရှိသူ အယ်နုဖက်စီက အောက်တိုဘာ ၁၀ ရက်တွင် ပြောကြားသည်။

ယင်းပြည်နယ်အတွင်းရှိ ကာဒါအီတာ အကျဉ်းထောင်တွင် အောက်တိုဘာ ၁၀ ရက် နံနက်အစောပိုင်းက ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ရာမှ ဆန္ဒပြသူများ အချင်းချင်းတိုက်ခိုက်မှုများ အဆက်မပြတ်ဖြစ်ပွားခဲ့ပြီး ဒါဇင်ကျော်သော အကျဉ်းသားများ သေဆုံး သို့မဟုတ် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ပြည်နယ်လုံခြုံရေးဌာန ပြောရေးဆိုခွင့်ရှိသူက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

တိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရသူ ရှစ်ဦးမှာ ဒဏ်ရာပြင်းထန်ပြီး သေဆုံးသူ ဦးရေတိုးလာနိုင်ကြောင်း၊ မက္ကဆီကိုရဲတပ်ဖွဲ့က ထိခိုက်သေကျေသူများကို ခွဲခြားသတ်မှတ်နိုင်ခြင်း မရှိသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မက္ကဆီကိုရဲတပ်ဖွဲ့က အကျဉ်းထောင်ကို စောင့်ကြပ်နေပြီး ငြိမ်ဝပ်ပိပြားမှု ပြန်လည်ရရှိပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယခုနှစ် မတ်လအတွင်းကလည်း အဆိုပါ အကျဉ်းထောင်တွင်း၌ အကျဉ်းသားချင်း တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီး အကျဉ်းသားလေးဦး သေဆုံးခဲ့ကြောင်း တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ။**





# အာဖရိကတိုက်မှ ပထမဆုံးသော အမျိုးသမီးသမ္မတ၏ ရာထူးနေရာ၌ အစားထိုးနိုင်ရေး ရွေးကောက်ပွဲကျင်းပ

**မွန်ရိုးဗျား အောက်တိုဘာ ၁၁**

အာဖရိကတိုက်၏ ပထမဆုံးသော အမျိုးသမီးသမ္မတတစ်ဦးဖြစ်သူ အယ်လင်ဂျွန်ဆင် ဆာလိဖ်အား အစားထိုးနိုင်ရေးအတွက် သမ္မတတစ်ဦးကို ရွေးကောက်တင်မြှောက်နိုင်ရန် လိုင်ဘေးရီးယားနိုင်ငံ၌ အောက်တိုဘာ ၁၀ ရက်တွင် ပြည်သူများ မဲပေးခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ရွေးကောက်ပွဲ၌ သမ္မတလောင်းဦးရေ စုစုပေါင်း ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အောက်တိုဘာ ၁၁ ရက်တွင် မဲရေတွက်မှု စတင်ပြုလုပ်လျက်ရှိကြောင်း အမျိုးသားရွေးကောက်ပွဲကော်မရှင်က ပြောကြားသည်။

လိုင်ဘေးရီးယားနိုင်ငံ၏ အမျိုးသမီးသမ္မတ ဆာလိဖ် (၇၈) နှစ်မှာ ငြိမ်းချမ်းရေး နိုဗယ်ဆုရှင်တစ်ဦးဖြစ်ပြီး သမ္မတရာထူးတွင် သက်တမ်းနှစ်ဆက် တာဝန်ထမ်းဆောင်ခဲ့မှုမှာ သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတရာထူးသက်တမ်းမှာ သက်တမ်းတစ်ခုအတွက် ခြောက်နှစ်ဖြစ်သည်။

ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် ပြည်သူ ၂ ဒသမ ၁၈ သန်းက မဲပေးခဲ့ကြကြောင်း၊ နံနက် ၈ နာရီတွင် မဲရုံများကို စတင် ဖွင့်လှစ်သော်လည်း မဲရုံများ မဖွင့်မီ သုံးနာရီအလိုကပင် မဲပေးရန် ရောက်ရှိလာခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

မြို့တော် မွန်ရိုးဗျားရှိ မဲရုံများ၌ လူအများအပြားမဲပေးရန် တန်းစီစောင့်ဆိုင်းခဲ့ကြသည်။

သမ္မတလောင်းများအဖြစ် ပါဝင်ယှဉ်ပြိုင်သူများတွင် ဘောလုံးသမားအကျော်အမော်ဟောင်းတစ်ဦး၊ စစ်ဘုရင်ဟောင်းတစ်ဦး၊ ကြွယ်ဝချမ်းသာသော ကြက်မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးတို့ ပါဝင်ကြသည်။

ညနေ ၆ နာရီတွင် မဲရုံများကို ပိတ်သိမ်းခဲ့သည်။

**ရိုက်တာ။**

# ထိုင်းနိုင်ငံရွေးကောက်ပွဲ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည်

**ဘန်ကောက် အောက်တိုဘာ ၁၁**

ထိုင်းနိုင်ငံအတွင်း ပါတီစုံရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည်ဖြစ်သည်ဟု ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ယနေ့ပြောကြားခဲ့ကြောင်း သိရသည်။

ဇွန်လဝန်းကျင်တွင် ရွေးကောက်ပွဲကျင်းပမည့် ရက်အတိအကျကို ထပ်မံကြေညာမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

ရွေးကောက်ပွဲရက်သတ်မှတ်မှုနှင့်ပတ်သက်ပြီး အသိပေးကြေညာခြင်းသည် ၂၀၁၄ ခုနှစ် အာဏာသိမ်းပိုက်ပြီးနောက် ပထမဆုံးအကြိမ်ကြေညာခြင်း ဖြစ်သည်။

ဧပြီလတွင် စတင်အာဏာသက်ဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲနေသည့်အတွက် ရွေးကောက်ပွဲကျင်းပမည့်ရက်ကို အစိုးရက ရက်ရွှေ့ဆိုင်းထားခြင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် ပထမငါးနှစ်တာကာလအတွက် ဥပဒေပြုလွှတ်တော်အမတ်များကို ထိုင်းတပ်မတော်အဖွဲ့ဝင်ကော်မီတစ်ခုက ရွေးချယ်တင်မြှောက်မည်ဖြစ်သည့်အတွက် ဒီမိုကရေစီစနစ် ကျင့်သုံးနိုင်ရန် အချိန်ကြာဦးမည်ဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

◆



# ရခိုင်ပြည်နယ်အရေးကိစ္စ၊ စိန်ခေါ်မှုများနှင့် ရှေ့ဆက်အလားအလာများ၊ ဆွေးနွေးပွဲရလဒ်များကို နိုင်ငံတော်သမ္မတရုံးသို့ တင်ပြသွားမည်

**ရန်ကုန် အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဦးဆောင်ကျင်းပသည့် ရခိုင်ပြည်နယ်အရေးကိစ္စ၊ စိန်ခေါ်မှုများနှင့် ရှေ့ဆက်အလားအလာများ ဆွေးနွေးပွဲကို ရန်ကုန်မြို့ Summit Parkview Hotel ၌ ယနေ့ကျင်းပခဲ့ပြီး ရလဒ်များကို အစီရင်ခံစာပြုစု၍ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်၏ စိန်ခေါ်မှုများနှင့် ရှေ့အလားအလာများအား လွတ်လပ်မှုကို အခြေခံ၍ ယခုဆွေးနွေးပွဲတွင် ဆွေးနွေးအမြင်ချင်းဖလှယ်ရန်၊ သုံးသပ်အကြံပြုသွားရန်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ ထဲထဲဝင်ဝင် ဆောင်ရွက်နေသူများ၊ အတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များက ဆွေးနွေးတင်ပြမည်ဖြစ်သလို တက်ရောက်လာသူများထဲမှလည်း ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ အခြေအနေ တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်နေသူများ၊ စိတ်ဝင်စားစွာ လေ့လာအကဲခတ်နေသူများ ပါရှိသဖြင့် အပြန်အလှန် ဆွေးနွေးကြခြင်းဖြင့် ပိုမိုပြည့်စုံသည့် ရလဒ်များ ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ထို့ပြင် ဦးဝင်းမြက ယခုအချိန်တွင် ရခိုင်ပြည်နယ်အရေးသည် ပြည်သူအများ၏ စိတ်ပါဝင်စားမှု အများဆုံးသော အကြောင်းကိစ္စတစ်ရပ်ဟု ဆိုရမည်ဖြစ်ပါကြောင်း၊ ARSA အကြမ်းဖက်သမားတို့၏ လုပ်ရပ်များ၊ အထူးသဖြင့် လူနည်းစုတိုင်းရင်းသားများဖြစ်ကြသည့် မြိုသက်၊ ဒိုင်းနက်၊ မရမာကြီးနှင့် လူနည်းစု ဟိန္ဒူဘာသာဝင်များကို ရက်စက်စွာ သတ်ဖြတ်အကြမ်းဖက်ခြင်းကို ရှုတ်ချကြသကဲ့သို့ ဒုက္ခသည်များအတွက် လိုအပ်သည့် လူသားချင်းစာနာထောက်ထားသည့် အကူအညီများကိုလည်း လူမျိုးမရွေး၊ ဘာသာမရွေး အစိုးရ၊ ပြည်သူနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် စေတနာရှင်များက ဝိုင်းဝန်းကူညီကြသည်ကို သိရှိရပါကြောင်း။

ပြည်ပမီဒီယာများတွင် မမှန်ကန်သည့် သတင်းများ ပုံကြီးချဲ့၍ လွဲမှားစွာရေးသားဖော်ပြနေခြင်းသည် အခြေအနေမှန်နှင့် လွဲမှားသည့်အမြင်များ၊ စွပ်စွဲမှုများနှင့် စွက်ဖက်မှုများကို ဖြစ်ပေါ်ခဲ့သည်ဟု သုံးသပ်မှုများရှိခဲ့ပါကြောင်း၊ မိမိတို့ ယခုကဲ့သို့ အတွေ့အကြုံရှိသူများကို ဖိတ်ကြား၍ လွတ်လပ်မှုအပေါ် အခြေခံသော ဆွေးနွေးမှု ပြုလုပ်ခြင်းဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စနားလည်ရေး၊ အခြေအနေမှန်သိရှိရေး၊ အခက်အခဲများအပေါ် အဖြေရှာရာတွင် နည်းလမ်းကောင်းများရရှိရေး တို့အတွက် အထောက်အကူ ဖြစ်စေမည်ဟု ယူဆပါကြောင်း။



လောလောဆယ် ဖြစ်ပျက်ခဲ့သည့်အရေးသည် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် မောင်တောမြို့နယ်ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့များအား အကြမ်းဖက် တိုက်ခိုက်ခဲ့ခြင်းကို အကြောင်းပြု၍ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မောင်တောမြို့နယ်တွင် အခြေအနေများ ပြန်လည်တိုးတက်ကောင်းမွန်လာလောက်သည့်အချိန် ဩဂုတ် ၂၅ရက်တွင် Arakan Rohingya Salvation Army (ARSA)အဖွဲ့က လုံခြုံရေးစခန်း ၃၀ကို တစ်ပြိုင်နက် ဝင်ရောက်တိုက်ခိုက်ခဲ့ပါကြောင်း၊ ၎င်းတို့တိုက်ခိုက်သည့်နေ့သည် ကိုဖီအာနန်၏ ရခိုင်ပြည်နယ်ဆိုင်ရာ အပြီးသတ် အစီရင်ခံစာကို ပြည်သူတို့ထံသို့ ထုတ်ပြန်သောနေ့နှင့် တိုက်ဆိုင်နေခဲ့ပါကြောင်း။

ARSA ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် အစိုးရက ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ ARSA ၏အကြမ်းဖက်မှုကို ပြည်တွင်း၌ ပြင်းထန်စွာရှုတ်ချသလို ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာတွင်လည်း ရှုတ်ချမှုများ ပြုလုပ်ခဲ့ကြကြောင်း၊ ဤအခြေအနေတွင် နေအိမ်များ မီးလောင်ပျက်စီးခြင်း၊ လုံခြုံမှုပျက်ပြားလာခြင်း၊ မိမိတို့ရှင်သန်ရေး၊ စားဝတ်နေရေးတို့အတွက် စိုးရိမ်မှုများရှိခြင်းတို့ကြောင့် မောင်တောမြို့နေ ငြိမ်းချမ်းစွာနေထိုင်လိုကြသော ဘင်္ဂါလီများနှင့် ဒေသခံတိုင်းရင်းသားများသည် လုံခြုံရာ တောင်ပိုင်းဘက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသလို ARSA အကြမ်းဖက်သမားများ၏ အတင်းအဓမ္မ စည်းရုံးခြိမ်းခြောက်မှုကို မလွန်ဆန်နိုင်သော ဘင်္ဂါလီများနှင့် တစ်ဖက်နိုင်ငံရှိ အသိဆွေမျိုးမိတ်ဆွေများ၏ ခေါ်ဆောင်မှုနောက်ကို လိုက်ပါသွားလိုသူ ဘင်္ဂါလီအမြောက်အမြားသည် နယ်စပ်ဖြတ်ကျော်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ သိန်းနှင့်ချီ၍ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါကြောင်း၊ အရေအတွက်မှာ မယုံနိုင်စရာ တစ်နေ့တခြား ဆိုသလို များပြားလာသည့် သတင်းများလည်း ထွက်ပေါ်လာခဲ့ပါကြောင်း၊ ဤအခြေအနေတွင် နိုင်ငံတကာတွင် ဝေဖန်စွပ်စွဲမှုများဦးသည် မိမိတို့ဘက်သို့ ပြောင်းလဲ ဦးတည်လာခဲ့သည်ကို သိရှိရပါကြောင်း။

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ရခိုင်အရေးနှင့် ပတ်သက်၍ တင်ပြဆွေးနွေးပြီး စစ်ဆင်ရေးကို ရပ်တန့်ရန်၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးခွင့်ပြုရန်၊ ဒုက္ခသည်များပြန်လည်လက်ခံရန်နှင့် နှစ်နိုင်ငံဆွေးနွေးမှုများပြုလုပ်ရန် စသည့်ဆွေးနွေးပြောဆိုမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ပြီးခဲ့သည့် စက်တင်ဘာ ၁၉ရက်တွင် သံတမန်အဖွဲ့ကို မိန့်ခွန်းပြောကြားခဲ့ပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ခွန်းပါ ပြောကြားချက်နှင့်အညီ သံတမန်အဖွဲ့ကို ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ သွားရောက်လေ့လာကြည့်ရှုရန် စီစဉ်ပေးခဲ့ပါကြောင်း၊ သံတမန်အဖွဲ့သည် ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ အောက်တိုဘာ ၂ ရက်တွင် သွားရောက်ခဲ့ပြီး ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပါကြောင်း။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည်လည်း အောက်တိုဘာ ၂ ရက်နှင့်၃ရက်တို့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့သွားရောက်၍ ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များနှင့် ဒုက္ခသည်များပြန်လည်လက်ခံရေးနှင့် ပတ်သက်၍ ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ယင်းကိစ္စကို ဆက်လက်ဆွေးနွေးမှုများပြုလုပ်နိုင်ရန် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးကို မြန်မာနိုင်ငံသို့ လာရောက်ရန်ဖိတ်ကြားခဲ့ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးကိုလည်း မြန်မာနိုင်ငံသို့ လာရောက်ရန် မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးထံမှ ဖိတ်ကြားစာကို ပေးခဲ့သည်ဟု သိရှိရပါကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲ၌ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး ခေါင်းစဉ်အောက်တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးစိစ်မြိုင်က ညှိနှိုင်းဆွေးနွေးရေးမှူးအဖြစ် ဆောင်ရွက်ပြီးကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်က "မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ်အဖွဲ့က ရခိုင်ပြည်နယ်တွင် ပြီးခဲ့သည့်စက်တင်ဘာ ၂၄မှ ၂၉ရက်အထိ သွားရောက်ကြည့်ရှုလေ့လာ တွေ့ရှိချက်များ"၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် (ငြိမ်း) ဦးမောင်မောင်အုန်းက "ရခိုင်ပြည်နယ် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုအတွေ့အကြုံများ"၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဦးအောင်လှထွန်းက "ရခိုင်ပြည်နယ်အရေးကိစ္စနှင့် သတင်းမီဒီယာ၏အခန်းကဏ္ဍ"ကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ၏ ပြည်ပဆက်ဆံရေးအပေါ် ရခိုင်ပြည်နယ်အရေးကိစ္စ၏ သက်ရောက်မှုများ ခေါင်းစဉ်အောက်တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက ညှိနှိုင်းဆွေးနွေးရေးမှူးအဖြစ် ဆောင်ရွက်ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးညွန့်ဆွေက "မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂဆက်ဆံရေး"၊ နိုင်ငံတကာရေးရာသုတေသီ ဦးကိုကိုလှိုင်က "မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် အပါအဝင်အခြားနိုင်ငံများနှင့် ဆက်ဆံရေး"၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ အဖွဲ့ဝင် ဦးဘလှအေးက "မြန်မာနိုင်ငံနှင့် အာဆီယံ/အီးယူဆက်ဆံရေး"တို့ကို ဆွေးနွေးကြသည်။

ဆွေးနွေးချက်များအပေါ် တက်ရောက်လာကြသူများက မေးခွန်းများမေးမြန်းကာ သုံးသပ်ချက်၊ အကြံပြုချက်များကို ပြန်လည်ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ရခိုင်စာပေနှင့် ယဉ်ကျေးမှုအသင်း၊ UMFCCI တို့မှ တာဝန်ရှိသူများ၊ ရခိုင်အရေးနှင့် နိုင်ငံတကာကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

**သတင်း-ရဲခေါင်ညွန့်၊နန္ဒာဝင်း၊ဓာတ်ပုံ-လှမိုး**

## ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များကိုအခြေခံ၍ ကလေးသူငယ်နှင့်လူငယ်လူရွယ်အကြောင်းအရာစာတမ်းထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၁၁**

အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်သူ့အင်အား ဦးစီးဌာနသည် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှရရှိသော အချက်အလက်များကိုအခြေခံ၍ အသေးစိတ်ဆန်းစစ်လေ့လာသည့် "ကလေးသူငယ်နှင့် လူငယ် လူရွယ်အကြောင်းအရာ" သုတေသနစာတမ်းကို အောက်တိုဘာ ၁၁ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ယင်းသုတေသနစာတမ်းတွင် ကလေးနှင့် လူငယ်များ၏ လူဦးရေနှင့် လူမှုရေးဆိုင်ရာအချက်အလက်များ၊ အိမ်အကြောင်းအရာနှင့် အိမ်ထောင်စုရှိပစ္စည်းများ၊ နေထိုင်မှု၊ ကျန်းမာရေးနှင့် အိမ်ထောင်ရေးအခြေအနေ၊ ကျောင်းတက်ရောက်မှုနှင့် အလုပ်လုပ်ကိုင်မှု၊ ပြည်တွင်း၊ ပြည်ပရွှေ့ပြောင်းသွားလာမှုစသည့်ကဏ္ဍများကို အသက်အုပ်စုအလိုက်၊ အသက်တစ်နှစ်ချင်းအလိုက် လေ့လာသုံးသပ်တင်ပြထားပြီး စာတမ်းပါအချက်အလက်များသည် ယနေ့ မြန်မာနိုင်ငံရှိငယ်ရွယ်သူ မျိုးဆက်သစ်များ၏ပုံရိပ်ကို ထင်ဟပ်ပေါ်လွင်စေပါသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံရှိ လူဦးရေ၏ ၄၆ ဒသမ ၅ ရာခိုင်နှုန်းသည် ကလေးသူငယ်နှင့် လူငယ်လူရွယ်များဖြစ်ကြောင်း၊ ကလေးမွေးဖွားနှုန်းနှင့် ကလေးသေဆုံးနှုန်းများ ယခုအတိုင်းဆက်လက်တည်ရှိနေမည်ဆိုပါက နောင်လာမည့်ဆယ်နှစ်အတွင်း ကလေးသူငယ်နှင့် လူငယ်လူရွယ်ဦးရေမှာ အနည်းငယ်သာတိုးလာနိုင်ကြောင်းနှင့် ၂၀၂၄ ခုနှစ်တွင် ကလေးသူငယ်နှင့် လူငယ်လူရွယ် ၂၄ ဒသမ ၅ သန်းနှင့် ၂၀၄၄ ခုနှစ်တွင် ၂၃ ဒသမ ၁ သန်းသာ ရှိမည်ဟု ခန့်မှန်းထားကြောင်း ဖော်ပြထားသည်။

ယင်းစာတမ်းပါ အချက်အလက်များအရ အသက် (၅-၉) နှစ်အတွင်းရှိသူ ကလေးများ၏ ၇၁ ဒသမ ၂ ရာခိုင်နှုန်းသည် မူလတန်းပညာတက်ရောက်သင်ကြားနေကြောင်း၊ အသက်(၁၀-၁၃)နှစ် အရွယ်ကလေး ၇၆ ဒသမ ၂ ရာခိုင်နှုန်းမှာ အလယ်တန်းပညာတက်ရောက်သင်ကြားနေကြကြောင်း၊ သို့သော်အသက်(၁၄-၁၅)နှစ်အတွင်းရှိကလေးများ၏ ထက်ဝက်ခန့် ၅၁ ရာခိုင်နှုန်းသာ အထက်တန်း ပညာကို တက်ရောက်သင်ကြားနေကြောင်း တွေ့ရှိရပြီး အထက်တန်းပညာသင်ကြားမှုအနေဖြင့် ကျေးလက်ဒေသတွင် ၄၇ ရာခိုင်နှုန်းနှင့် မြို့ပြဒေသတွင် ၅၉ ရာခိုင်နှုန်းရှိသဖြင့် ကျေးလက်နှင့် မြို့ပြကွာခြားမှုကိုလည်းပြဆိုနေသည်။

အဆိုပါစာတမ်း၏ တွေ့ရှိချက်များအရ ကလေးသူငယ် သုံးယောက်လျှင် တစ်ယောက်သည် အလင်းရောင်အတွက် ရေနံဆီနှင့်ဖယောင်းတိုင်ကိုအသုံးပြုနေရသော အိမ်ထောင်စုများမှဖြစ်ပါကြောင်း၊ ကလေးသူငယ်နှင့် လူငယ် ၇၅ ဒသမ ၇ ရာခိုင်နှုန်းသည် အစားအစာချက်ပြုတ်ရန် သစ်သား/ထင်းနှင့် ရေနံဆီတို့ကို လောင်စာအဖြစ် အဓိကအသုံးပြုသော အိမ်ထောင်စုများမှ ဖြစ်ကြောင်း၊ အကျိုးဆက်အဖြစ် ကလေးသူငယ်များသည် ဝမ်းလျှောရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ အဆိပ်သင့်မှုများဖြစ်ပွားနိုင်သည့် အန္တရာယ်ရှိကြောင်းဖော်ပြထားပြီး အဆိုပါ အန္တရာယ်ဖြစ်နိုင်ခြေမှာ ကျေးလက်ဒေသတွင် ပိုမိုမြင့်မားကြောင်း တွေ့ရှိရသည်။

အလုပ်လုပ်ကိုင်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် အသက်(၁၀-၁၃)နှစ်အရွယ်ကလေးသူငယ်များ၏ ရှစ်ရာခိုင်နှုန်းသည် အလုပ်လုပ်ကိုင်နေကြကြောင်း၊ မြို့ပြဒေသတွင် လေးရာခိုင်နှုန်းနှင့် ကျေးလက်ဒေသတွင် ကိုးရာခိုင်နှုန်းဖြစ်ကြောင်း၊ အသက်(၁၅-၁၉)နှစ်ရှိ လူငယ်အမျိုးသားများ၏ ၆၀ ရာခိုင်နှုန်းနှင့် အမျိုးသမီးများ၏ ၄၄ ဒသမ ၂ ရာခိုင်နှုန်းသည် လုပ်သားအင်အားစုတွင် ပါဝင်ကြကြောင်း၊ လူငယ်အမျိုးသားများ၏ လုပ်သားအင်အားပါဝင်နှုန်းမှာ အသက်(၂၀)နှစ် နောက်ပိုင်းတွင် မြင့်တက်လာသည်ကိုတွေ့ရှိရပြီး အသက်(၂၅-၂၉) နှစ်တွင် ၉၂ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း၊ အသက်(၂၀-၂၄)နှစ် လူငယ်အမျိုးသမီးများ၏ လုပ်သားအင်အားပါဝင်နှုန်းမှာ ၅၉ ဒသမ ၇ ရာခိုင်နှုန်း ရှိသော်လည်း အသက်(၂၅-၂၉)နှစ်တွင် ၅၇ ဒသမ ၇ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်းဖော်ပြထားသည်။

လူငယ်အများစုမှာ ၎င်းတို့မွေးဖွားရာမြို့နယ်များတွင်နေထိုင်ကြပြီး အသက် (၁၅-၂၄) နှစ်ရှိ လူငယ်ငါးယောက်လျှင်တစ်ယောက် (၁၉ ရာခိုင်နှုန်း)သည် မွေးဖွားရာဒေသမှ အခြားဒေသသို့ ပြောင်းရွှေ့ဖူးသူများဖြစ်ကြောင်း၊ လူငယ်များ၏ ၅၇ ရာခိုင်နှုန်းသည် ဘဝတစ်လျှောက်တွင် တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုမှ အခြားတိုင်းဒေသကြီး/ ပြည်နယ်တစ်ခုသို့ အနည်းဆုံး တစ်ကြိမ် ပြောင်းရွှေ့နေထိုင်ဖူးကြောင်း၊ လူငယ်များသည် ရန်ကုန်တိုင်းဒေသကြီးသို့ အများဆုံးပြောင်းရွှေ့ကြကြောင်း ဖော်ပြထားပြီး သန်းခေါင်စာရင်းကောက်ယူသောကာလတွင် လူငယ်လူရွယ် ခုနစ်သိန်းခန့် ပြည်ပတွင်ရောက်ရှိနေကြကြောင်း၊ အချို့သောနယ်စပ်ဒေသများတွင် လူငယ်လူရွယ် ၅၀ ရာခိုင်နှုန်းခန့် ပြည်ပတွင်ရောက်ရှိနေကြောင်း၊ ပြည်ပရွှေ့ပြောင်းသူများ၏ ၆၀ ရာခိုင်နှုန်းမှာ လူငယ်အမျိုးသားများဖြစ်ကြောင်း တွေ့ရှိရသည်။

ဤသုတေသနစာတမ်းတွင် ကလေးသူငယ်များ အထူးသဖြင့် ကျေးလက်ဒေသရှိ ကလေးသူငယ်များ အတွက်လိုအပ်သည့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ သန့်ရှင်းသော ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲနိုင်ရေး၊ လျှပ်စစ်မီးပိုမိုရရှိစေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုပံ့ပိုးပေးနိုင်ရေးစသည်တို့အတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်လိုအပ်ကြောင်း ဖော်ပြထားသည့်အပြင် မူလတန်းပြီးဆုံးချိန်တွင် အလယ်တန်း ဆက်လက်တက်ရောက်နိုင်ရန်အတွက် အဟန့်အတားများလျှော့ချပေးရန်နှင့် ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးရန် လိုအပ်ကြောင်း ဖော်ပြထားသည်။

ပြည်သူ့အင်အားဦးစီးဌာနသည် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အစီရင်ခံစာများကို အတွဲများအလိုက်ထုတ်ပြန်ကြေညာခဲ့ပြီး ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်များကို အခြေခံ၍ အသေးစိတ်ဆန်းစစ် လေ့လာသည့်စာတမ်း ၁၃ စောင်နှင့် သန်းခေါင်စာရင်းရလဒ် မြေပုံစာအုပ်တို့ကို ပြုစုထုတ်ပြန်ကြေညာလျက်ရှိရာ ယခုစာတမ်းအပါအဝင် ထုတ်ပြန်ပြီးဖြစ်သော အစီရင်ခံစာများနှင့် သုတေသနစာတမ်းများအား ပြည်သူ့အင်အားဦးစီးဌာန ဝက်ဘ်ဆိုက် www.dop.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အရေးကိစ္စ၊ စိန်ခေါ်မှုများနှင့် ရှေ့အလားအလာအတွက် ဆွေးနွေးခဲ့ကြသူတို့၏ သဘောထားများ


ဦးဝင်းမြ


ဦးညွန့်ဆွေ


ဦးမောင်မောင်အုန်း


ဦးကိုကိုလှိုင်


ဦးသန်းနိုင်ထွန်း

ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ အတွေ့အကြုံရှိသူ၊ စိတ်ပါဝင်စားသူ ပညာရှင်များသည် ရခိုင်ပြည်နယ်အရေးကိစ္စ၊ စိန်ခေါ်မှုများနှင့် ရှေ့အလားအလာကိစ္စများကို အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက Summit Parkview ဟိုတယ်တွင် ဆွေးနွေးခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက် ဆွေးနွေးခဲ့သူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**ဦးဝင်းမြ**
**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ**

ရခိုင်ပြည်နယ်အရေးဟာ ဘာလဲဆိုတာ သူတို့ရဲ့ ကျွမ်းကျင်တဲ့အမြင်တွေကို ကျွန်တော်တို့ သိရှိခြင်းအားဖြင့် အထောက်အကူဖြစ်မယ်လို့ မြင်ပါတယ်။ ဆွေးနွေးမှုတွေကို မှတ်ပြီးတော့ ရခိုင်ပြည်နယ်ရှေ့အလားအလာက ဘယ်လိုရှိတယ်ဆိုတာကို ဆွေးနွေးသုံးသပ် အကြံပြုချက်တွေ ပြုလုပ်မှာ ဖြစ်ပါတယ်။ အဲဒီလိုပြုလုပ်ပြီးတဲ့အခါမှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဒီကဆွေးနွေးချက်တွေကို နိုင်ငံတော်သမ္မတရုံးကို တင်ပြသွားမှာဖြစ်ပါတယ်။ ဒီလိုတင်ပြခြင်းဖြင့် နိုင်ငံတော်အနေနဲ့ အင်မတန်မှ ခက်ခဲရှုပ်ထွေးနေတဲ့ ဒီရခိုင်ပြည်နယ်အရေးကိစ္စနဲ့ ပတ်သက်ပြီး စဉ်းစားတဲ့အခါမှာ အထောက်အကူဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်ဆိုတာ ပြောကြားလိုပါတယ်။

သတင်းမီဒီယာကောင်စီကိုလည်း ဖိတ်ထားတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ ကိစ္စတွေဟာ ပြည်ပမှာ မီဒီယာတွေရဲ့ဖော်ပြနေမှုဟာလည်း အခြေအနေမှန်နဲ့ ကင်းကွာပြီး လွန်လွန်ကဲကဲဖော်ပြနေလို့ ဖြစ်တယ်ဆိုတဲ့ သုံးသပ်ဝေဖန်မှုလေးတွေလည်း ရှိပါတယ်။ ဒီဆွေးနွေးပွဲကို အရင်က ရခိုင်ပြည်နယ်ဝန်ကြီးချုပ်လုပ်ခဲ့တဲ့ ပုဂ္ဂိုလ်ကိုလည်းဖိတ်ထားတယ်။ သူကလည်း ရခိုင်ပြည်နယ်က အတွေ့အကြုံတွေတော်တော်လေးရှိခဲ့တော့ သူ့ဆီကလည်း ကျွန်တော်တို့ ကြားနာမှာ ဖြစ်ပါတယ်။

ထူးခြားတဲ့အချက်က ဘာလဲဆိုတော့ ဘင်္ဂါလီတွေကို တစ်ဖက်နိုင်ငံရောက်နေသူ အသိမိတ်ဆွေတွေက ဖိတ်ခေါ်နေတယ်ဆိုတဲ့ အနေအထားမျိုးကို တွေ့ရတော့ ဒါဟာ ထူးခြားတယ်လို့မြင်ပါတယ်။ တစ်ဖက်မှာက ဒီမှာနေတဲ့အခါမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ရှိနေလို့၊ ဖိနှိပ်မှုတွေရှိနေလို့၊ ကြမ်းတမ်းမှုတွေရှိနေလို့ အစုလိုက်အပြုံလိုက် ထွက်ပြေးနေကြတယ်ဆိုတဲ့ အမြင်ဖြစ်နေတယ်။ ဒါပေမယ့် တကယ်သွားပြီး ကြည့်တဲ့အခါမှာ အကြောင်းအမျိုးမျိုးကြောင့် တစ်ဖက်က လာကြပါဆိုပြီး ဆွဲဆောင်နေတယ်။ မြောက်ဦးတို့လို အကြမ်းဖက်မှုတွေ မရှိတဲ့နေရာတွေက သူတွေတောင် သူတို့ရဲ့ အိုးအိမ်ပိုင်ဆိုင်မှုတွေ ရောင်းချပြီး ဟိုဘက် (ဘင်္ဂလားဒေ့ရှ်)ကို ထွက်ခွာဖို့ လုပ်နေတယ်ဆိုတဲ့ အနေအထားတွေအထိ ဖြစ်နေတယ်။

အခုကျွန်တော်တို့ ဆွေးနွေးပွဲမှာ ပြည်တွင်းကိစ္စတွေတင်မကဘဲ ပြည်ပနိုင်ငံနဲ့ ဆက်ဆံရေးကိုလည်း ဆွေးနွေးမှာ ဖြစ်ပါတယ်။ အနီးစပ်ဆုံးကတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဖြစ်နေပါတယ်။ သူနဲ့ သက်ရောက်မှုတွေကိုလည်း တင်ပြပြီးတဲ့အခါမှာ ဆွေးနွေးအကြံပြုချက်တွေ ရယူမှာဖြစ်ပါတယ်။

**ဦးကိုကိုလှိုင် ( နိုင်ငံတကာရေးရာသုတေသီ)**

ရခိုင်ဒေသအရေးကိစ္စပေါ်မူတည်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ဆက်ဆံရေး အထူးသဖြင့် အနီးကပ်ဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်အပါအဝင် နိုင်ငံတကာရဲ့ သက်ရောက်မှုတွေကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အခုပြဿနာက နိုင်ငံတကာကပါ ပါဝင်ပတ်သက်နေပြီဆိုတော့ ဒါကို တုံ့ပြန်လုပ်ဆောင်ဖို့က တစ်နိုင်ငံတည်းနဲ့လည်း မရပါဘူး။ ကိုယ့်နိုင်ငံထဲမှာလည်း အားလုံးက စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းလုပ်ဆောင်ကြဖို့ လိုပါတယ်။ အစိုးရတစ်ရပ်တည်းနဲ့လည်း မရနိုင်ဘူး။ တပ်မတော်တစ်ရပ်တည်းနဲ့လည်း မရနိုင်ဘူး။ ပြည်သူအားလုံးက ကဏ္ဍအသီးသီးမှာပါဝင်ပြီး အမျိုးသားရေးအသွင်နဲ့ ပါဝင်လုပ်ဆောင်သွားဖို့ လိုသလို နိုင်ငံတကာနဲ့ ပတ်သက်ရင်လည်း ကိုယ့်ဘက်က ရပ်တည်ပေးမယ့် မိတ်ဆွေနိုင်ငံတွေရဲ့အားကိုယူပြီး တုံ့ပြန်သွားဖို့လိုတယ်ဆိုတာကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

၁၉၉၃ ခုနှစ်မှာ ပြန်လည်လက်ခံတုန်းက ၁၉၉၂ ခုနှစ် သဘောတူညီချက်နဲ့ ပြန်လည်လက်ခံခဲ့တယ်။ လက်ခံခဲ့တဲ့အနေအထားကို ကြည့်မယ်ဆိုရင် သူတို့ဆန္ဒရှိမှ ပြန်လာရမယ်။ မြန်မာနိုင်ငံကို အန္တရာယ်ပြုမယ့်သူမျိုးဆိုရင် လက်မခံဘူး။ ဒါကတော့ ဖြစ်လေ့ဖြစ်ထရှိတဲ့ ပုံမှန် ဒီလိုပဲ လုပ်ကြရမှာပဲလေ။ ဘယ်နိုင်ငံမဆို ကိုယ့်နိုင်ငံကို ပြန်မလာချင်ဘဲနဲ့လည်း အတင်းခေါ်လို့မရဘူး။ နောက်ပြီး ကိုယ့်ကို အန္တရာယ်ပေးမယ့် သူဆိုရင်လည်း လက်ခံလို့မရဘူး။ သူတို့က ဒီနယ်မြေထဲက ထွက်သွားကြတာဖြစ်တဲ့အတွက် ထွက်သွားကြတဲ့သူမှန်ရင် ပြန်လည်စိစစ်ပြီး လက်ခံရမယ်ဆိုတာတော့ ကိုယ့်ရဲ့တာဝန်လိုဖြစ်နေတာပေါ့၊ ၁၉၉၂ ခုနှစ် သဘောတူညီချက်နဲ့ ၁၉၉၃ ခုနှစ်မှာ ပြန်လည်လက်ခံတုန်းကလို သေချာစိစစ်ပြီးတော့မှ ပြန်လက်ခံဖို့ လိုတယ်လို့ ပြောချင်ပါတယ်။

နိုင်ငံတကာဆိုတိုင်း အကုန်လုံးမဟုတ်ပါဘူး။ တကယ်တမ်းကြည့်မယ်ဆိုရင် အနောက်ဘက်က နိုင်ငံတွေနဲ့ OIC နိုင်ငံတွေပေါ့။ ကိုယ့်ဒေသတွင်းအင်အားကြီးနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယနဲ့တရုတ်၊ နောက်ရုရှားလို အင်အားကြီးနိုင်ငံမျိုးတွေ၊ ဂျပန်၊ နောက်အာဆီယံအဖွဲ့ဝင်နိုင်ငံထဲက အများစုက နားလည်စာနာပြီး ကာကွယ်ပေးနိုင်မယ့် မိတ်ဆွေနိုင်ငံမျိုးတွေလည်းရှိပါတယ်။ အနောက်တိုင်းကတော့ သူတို့ကိုယ်သူတို့ နိုင်ငံတကာလို့ ယူဆကြပါတယ်။ ဒါပေမယ့် အဲဒီခေတ်ကုန်သွားပါပြီ။

ဒီကိစ္စက အမျိုးသားရေးကိစ္စဖြစ်တယ်။ အားလုံးဝိုင်းဝန်းပြီး ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်ကြဖို့ လိုပါတယ်။ တစ်ယောက်ကို တစ်ယောက် အပြစ်တင်နေမယ့်အစား၊ ရန်စောင်နေမယ့်အစား တကယ်တမ်းပြောမယ်ဆိုရင် ကိုယ့်အိမ်တံစက်မြိတ်ကို မီးလောင်နေတဲ့ အချိန်မှာတော့ အချင်းချင်းရန်ဖြစ်နေလို့ မရတော့ဘူး။ ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းပြီးပြေလည်အောင် ဖြေရှင်းကြဖို့လိုပါတယ်လို့ ပြောချင်ပါတယ်။

**ဦးညွန့်ဆွေ (မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်)**

ရခိုင်အရေးကိစ္စက ကုလသမဂ္ဂနဲ့ စတင်ပတ်သက်တာက ၁၉၇၈၊ ၇၉ ၊၈၀ ခုနှစ်ကပါ။ ဒါကတော့ ပထမအကြိမ်ပါ။ နောက်တစ်ကြိမ်က ၁၉၉၂၊ ၉၃ ခုနှစ်ပေါ့။ တတိယကတော့ အခုနောက်ပိုင်းအချိန်ပေါ့။ ဒီအပိုင်း သုံးပိုင်းနဲ့ ပတ်သက်ပြီး ပထမအကြိမ်တုန်းက ကုလသမဂ္ဂကို ဘယ်လို ရောက်ရှိသွားခဲ့တယ်၊ ဘယ်လိုဖြစ်ပျက်ခဲ့တယ်။ အဲဒီအချိန်တုန်းက မြန်မာနိုင်ငံအနေနဲ့ ဘယ်လိုဖြေရှင်းဆောင်ရွက်ခဲ့တယ်။ ဒုတိယပိုင်းအနေနဲ့ ၁၉၉၂၊ ၉၃ ခုနှစ်မှာ ဘယ်လို ပြန်လည်ဖြစ်ပေါ်လာတယ်။ ဘယ်လို ဖြေရှင်းခဲ့တယ်ဆိုတဲ့ အတွေ့အကြုံပိုင်းပါ။ တတိယပိုင်းအနေနဲ့ အခုလက်ရှိအနေအထားဖြစ်တဲ့ ကုလသမဂ္ဂမှာ ဘယ်လိုအနေအထားကို ရောက်နေတယ်။ ပထမအကြိမ်၊ ဒုတိယအကြိမ်တွေကို အခြေခံပြီး ဘယ်လိုဖြေရှင်း ဆောင်ရွက်သင့်တယ်ဆိုတဲ့ ပိုမိုကောင်းမွန်တဲ့ နည်းလမ်းတွေကို တင်ပြသွားမှာ ဖြစ်ပါတယ်။

**ဦးသန်းနိုင်ထွန်း**
**လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**
**(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)**

ကျွန်တော်ကတော့ အခုတော်တော်များများပြောနေတဲ့ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို ပြင်ရမယ်လို့ ပြောနေတဲ့ကိစ္စကို ဝေဖန်ချင်တာပါ။ ပြင်သင့်တယ်၊ ဘာကြောင့်ပြင်ရမယ်၊ ဘယ်အချက်ကို ပြင်ရမယ်ဆိုတာ မပြောဘဲနဲ့ ယေဘုယျပုံစံနဲ့ ပြင်ရမယ်။ ပြင်ရမယ်ဆိုတာ သဘာဝမကျဘူး။ ဒီဥပဒေကို ဘယ်လိုရေးဆွဲတာလဲ၊ ဒီဥပဒေမှာ ဘယ်အရာတွေက အားနည်းနေတာလဲ၊ ဘယ်အရာတွေက ကန့်သတ်ထားတာလဲဆိုတာ ဖော်ပြဖို့လိုတယ်။တကယ်တော့ ဒီဥပဒေဟာ ၁၉၈၂ နှစ်ကျမှ ချက်ချင်းကန့်သတ်ချက်တွေ၊ ဖိနှိပ်မှုတွေနဲ့ ရေးဆွဲတာမဟုတ်ဘူး။

လွတ်လပ်ရေးနဲ့အတူ ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှုဥပဒေဆိုတာရှိတယ်။ ဒါကိုလည်း ဗိုလ်ချုပ်အောင်ဆန်းဦးစီးတဲ့ တိုင်းပြုပြည်ပြုလွှတ်တော်က ၁၉၄၇ ဥပဒေရေးဆွဲတဲ့ အချိန်မှာပဲ တစ်ပြိုင်တည်းဆွဲပြီးမှ လွတ်လပ်ရေးနဲ့အတူ ပြဋ္ဌာန်းထားတဲ့ ဥပဒေပါ။ အဲဒီအချိန်က ကိုလိုနီလက်အောက်ခံဘဝမှာ ရေးဆွဲခဲ့တဲ့ ဥပဒေပေါ့။ ပြည့်ပြည့်စုံစုံရေးဆွဲခဲ့ပေမယ့် အုပ်စိုးသူ ကိုလိုနီအကြိုက် လိုက်လျောပြီး နည်းနည်းပါးပါး ရေးဆွဲခဲ့တဲ့ အရာတွေတော့ရှိပါတယ်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၁၁(ဃ) မှာ ဘာပြောထားသလဲဆိုတော့ ဗြိတိသျှဘုရင်မင်းမြတ်ရဲ့ အာဏာပိုင်တဲ့ နယ်မြေတစ်ခုခုမှာ မွေးဖွားတဲ့ မည်သူမဆို ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်လိုတယ်ဆိုရင် ဖြစ်ခွင့်ပေးရမယ်လို့ ပြဋ္ဌာန်းထားတာ ရှိတယ်။ ဒါကြောင့် ၁၉၄၈ ဥပဒေက ၁၉၄၇ ဥပဒေကို ကန့်သတ်သလို ဖြစ်တဲ့အတွက်ကြောင့် ဒီဥပဒေနဲ့အညီ လိုက်ပြီးရေးဆွဲဖို့ လိုအပ်လို့ ရွေးချယ်ရေးဥပဒေကို နောက်ငါးလအကြာမှာ လိုက်ပြီးရေးဆွဲပြီး ထပ်ထုတ်တာ။

၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ၁၁(ဃ)နဲ့ လိုက်လျောညီထွေဖြစ်အောင် လိုက်ဆွဲခဲ့ရတယ်။ အဓိကအချက်က အဲဒီတုန်းက ဗြိတိသျှ နေမဝင်အင်ပါယာနိုင်ငံ ၂၀ လောက်ရှိတယ်။ အဲဒီနိုင်ငံတွေမှာ မွေးတဲ့သူ ဘယ်သူမဆို မြန်မာနိုင်ငံသား ဖြစ်လိုတယ်ဆိုရင် ဖြစ်ခွင့်ပြုရမယ်ဆိုတာပါတယ်။ ကျွန်တော်တို့ လွတ်လပ်တဲ့ အချုပ်အခြာပိုင်တဲ့ နိုင်ငံဖြစ်လာတော့ ဒါတွေဟာ လက်ရှိနဲ့မကိုက်ညီတော့ဘူး။ နောက်တစ်ခုက တော်လှန်ရေးကောင်စီအစိုးရလက်ထက် ဒီဘက်ရောက်လာတော့ ၁၉၇၄ ဥပဒေရေးဆွဲလိုက်ပြီ။ အဲဒီအခါကျတော့ ဒီဥပဒေက မကိုက်ညီတော့ဘူး။

ဒါကြောင့် ပြင်ဖို့လိုတယ်ဆိုပြီး ၁၉၇၆ ခုနှစ်လောက်ကစပြီး နိုင်ငံသားဥပဒေကိုပြင်ဖို့ စီစဉ်ခဲ့တယ်။ စီစဉ်တော့ ဥပဒေပညာရှင်တွေနဲ့ဒေါက်တာမောင်မောင်တို့ပါတယ်။ အချိန် ခြောက်နှစ်လောက် ယူခဲ့ရတယ်။ မူကြမ်း သုံးခုဆွဲတယ်။ ပြည်သူကို သုံးကြိမ်ချပြပြီး အကြံဉာဏ်တောင်းတယ်။ အဲဒီလို ပြည့်ပြည့်စုံစုံ စီစဉ်ပြီးတော့ ၁၉၈၂ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှာ ၁၉၈၂ နိုင်ငံသားဥပဒေကို ပြဋ္ဌာန်းလိုက်တယ်။ ပြဋ္ဌာန်းတဲ့အခါကျတော့ ဒီဥပဒေက မတင်းကျပ်တဲ့အပြင် ဖြေလျှော့ပြီးရေးဆွဲထားတာတွေတောင် အများကြီးရှိတယ်။ ဗြိတိသျှအင်ပါယာနယ်မြေ ၂၀ မှာ မွေးတဲ့သူကို မြန်မာနိုင်ငံသား ပြုခွင့်ရှိရမယ်ဆိုတဲ့ အချက်ကိုတော့ ပယ်ဖျက်လိုက်တယ်။

**ဦးမောင်မောင်အုန်း (ရခိုင်ပြည်နယ်ဝန်ကြီးချုပ်-ငြိမ်း)**

ကျွန်တော်ဝန်ကြီးချုပ်တုန်းကတော့ အသိုင်းအဝိုင်းနှစ်ခုကို အတတ်နိုင်ဆုံးယုံကြည်မှုကို တည်ဆောက်ရတာပါ။ အဲဒါက အင်မတန် အရေးကြီးပါတယ်။ နိုင်ငံတကာနဲ့လည်း ဆက်စပ်ပြီးလုပ်ရတာတွေလည်း အများကြီးရှိပါတယ်။ အဲဒီထဲမှာမှ အဓိကအရေးကြီးတာက နိုင်ငံသားစိစစ်ရေးလုပ်ငန်းပါ။ ကျွန်တော်ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်စဉ်ကလည်း IDP Camp က ဘင်္ဂါလီတွေကို ကျွန်တော်မေးတယ်။ ခင်ဗျားတို့ ရိုဟင်ဂျာဖြစ်ချင်တာလား၊ နိုင်ငံသားဖြစ်ချင်တာလားလို့ တည့်တည့်ပဲမေးတာရှိတယ်။ ရိုဟင်ဂျာ ဆိုရင်တော့ ကျွန်တော်တို့နိုင်ငံမှာမရှိဘူး။ ကျွန်တော် မလုပ်ပေးနိုင်ဘူး။ နိုင်ငံသားဖြစ်ချင်တယ်ဆိုရင်တော့ ကျွန်တော် ၁၉၈၂ ခုနှစ်နိုင်ငံသားဥပဒေနဲ့အညီလုပ်ပေးမယ်။ခင်ဗျားတို့ရဲ့ အဓိက ရည်မှန်းချက်က ဘာလဲ။ ကျွန်တော်တို့လူသားချင်းစာနာတယ်။ ခင်ဗျားတို့ရဲ့ ဘဝတွေကို ဒီထက်မြင့်မားအောင် ကျွန်တော့်မှာလည်း တာဝန်ရှိတယ်ဆိုပြီး သူတို့ကို နိုင်ငံသားအဖြစ် စိစစ်ပြီးလက်ခံအောင် စည်းရုံးပြီးပြောဆိုခဲ့တာတွေလည်း ရှိခဲ့ပါတယ်။ အဲဒီတုန်းကလည်း မြေပုံမြို့နယ်မှာ ပရောဂျက်တစ်ခုလုပ်ပြီးတော့မှ နိုင်ငံသားစိစစ်ရေးကို လူတစ်ထောင်လောက်အထိ ပေးပြီးလုပ်ခဲ့တာပါ။ ဆိုလိုတဲ့ သဘောက ယုံကြည်မှုပါပဲ။

ဘင်္ဂါလီတွေထဲမှာလည်း နိုင်ငံသားဖြစ်ချင်တဲ့သူရှိတယ်။ ရိုဟင်ဂျာဖြစ်ချင်တဲ့သူလည်းအနည်းစုရှိတယ်။

နောက်မှ အကြမ်းဖက်အဖွဲ့က နိုင်ငံသားအဖြစ်မင်းတို့ယူလိုက်ရင် သတ်ပစ်မယ်ဆိုတာရှိတော့ ယုံကြည်မှုတည်ဆောက်မယ်ဆိုရင် ဘင်္ဂါလီထဲမှာလည်း ယုံကြည်မှုတည်ဆောက်ရမယ်။ ကျွန်တော်တို့ ရခိုင်တိုင်းရင်းသားတွေအနေနဲ့လည်း ဘင်္ဂါလီတွေအပေါ်မှာ ဒီထက် ယုံကြည်မှုရအောင် တည်ဆောက်ရမယ်။ နှစ်ပေါင်းများစွာ ဖြစ်ခဲ့တဲ့ကိစ္စကို တစ်ထိုင်တည်းဖြေရှင်းဖို့ခက်တော့ တစ်ဆင့်ချင်းသွားရမှာပါ။ ကျွန်တော်တို့ဘက်ပါအောင်ဆိုတာတော့ ယုံကြည်မှုတည်ဆောက်ပြီးသွားရင် ရနိုင်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။

ကျွန်တော်ဝန်ကြီးချုပ်အဖြစ် တာဝန်ယူတုန်းက ဖြစ်ပေါ်ခဲ့တဲ့ အတွေ့အကြုံတွေကို မူတည်ပြီးတော့ပဲ ဒီထဲက ထုတ်နုတ်ပြီးတော့မှ လူ့အခွင့်အရေးကော်မရှင်နဲ့ အစိုးရကို အကြံပြုဖို့ပါပဲ။ နိုင်ငံသားဖြစ်ရေးနဲ့ ဘင်္ဂါလီကိစ္စကိုပဲ အာရုံစိုက်နေကြတော့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ တည်ငြိမ်မှုကို မေ့နေကြတယ်။ အဲဒါကို ဆွေးနွေးမယ်။

နိုင်ငံတော်ရဲ့ အသည်းနှလုံးကို စူးဝင်နေတဲ့ဆူးက ပိုပြီးစူးဝင်လာသလို ခံစားရတယ်။ အရင်တုန်းက နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းခဲ့တယ်။ နောက်တစ်ခါ စစ်ရေးနည်းလမ်း၊ အခု အကြမ်းဖက်ဖြစ်လာတယ်။ အခုက ဒါကို ကျော်ဖြတ်ဖို့လိုတယ်။ ဒါကို ကျော်ဖြတ်ပြီးပြီဆိုရင်တော့ တကယ့်ကို ကောင်းမွန်တဲ့ အစီအမံတွေနဲ့ လုပ်ရမယ်။ ရခိုင်အရေးဟာ နိုင်ငံ့အရေးဖြစ်တယ်။ တစ်မျိုးသားလုံးပါဝင်ရမယ့် အချိန်ရောက်ပြီလို့လည်း ပြောချင်ပါတယ်။ အစိုးရချည်းပဲ လုပ်လို့လည်းမရဘူး။ အစိုးရရယ်၊ ပြည်သူရယ်၊ တပ်မတော်ရယ်က နိုင်ငံတကာနဲ့ ချိတ်ဆက်ပြီး လက်တွဲညီညီနဲ့ ရခိုင်ပြည်နယ်ကြီး တည်ငြိမ်အေးချမ်းအောင် လုပ်သင့်တယ်။

**တွေ့ဆုံမေးမြန်း - ရဲခေါင်ညွှန့်၊ နန္ဒာဝင်း**
**ဓာတ်ပုံ- လှမိုး**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ကော်မရှင်၊ ပြည်ထောင်စုလွှတ်တော်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ

ပြည်ထောင်စုလွှတ်တော်အနေနဲ့ ကော်မရှင်ဖွဲ့စည်းခြင်းဟာ အခြေခံဥပဒေကို ဆန့်ကျင်ရာရောက်တယ်ဆိုပြီး မကြာသေးခင်က အခြေခံဥပဒေခုံရုံးကို တင်သွင်းလွှာပို့တဲ့ကိစ္စတစ်ခု ပေါ်ပေါက်ခဲ့ပါတယ်။

**ကော်မရှင်ဖွဲ့စည်းခွင့်ရှိသလား**

တင်သွင်းလွှာကို စတင်တင်သွင်းသူများက ဗိုလ်မှူးချုပ်မောင်မောင် အပါအဝင် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅၀ တို့ ဖြစ်ကြောင်း သတင်းများအရ သိရပါတယ်။

၎င်းတို့က အခြေခံဥပဒေမှာ ပြည်ထောင်စုလွှတ်တော်က ကော်မရှင် ဖွဲ့စည်းခွင့်ရှိကြောင်း အတိအလင်းပြဋ္ဌာန်းတာ၊ အာဏာပေးအပ်ထားတာ မရှိဘူးလို့ဆိုပါတယ်။ အဲဒီလိုအာဏာပေးအပ်ထားတာမရှိဘဲ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်တဲ့ဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းတာဟာ အခြေခံဥပဒေကို ဆန့်ကျင်ရာရောက်တယ်လို့လည်း ဆိုပါတယ်။

ဥပဒေမှာ အတိအလင်းပြဋ္ဌာန်းချက်မရှိတဲ့ကိစ္စကို တားမြစ်ထားတာ မရှိလို့ ပြုလုပ်နိုင်တယ်လို့ အဓိပ္ပာယ်ကောက်တာပဲဖြစ်ဖြစ် သွယ်ဝိုက်ပြီးတော့ ပေးအပ်ထားတဲ့ အာဏာရှိတယ်လို့ အဓိပ္ပာယ်ကောက်တာပဲဖြစ်ဖြစ် လုပ်လို့ မရဘူးလို့ တင်သွင်းလွှာတင်သွင်းသူတို့က ဆိုပါတယ်။ ဥပဒေတစ်ရပ်မှာ ပြုလုပ်ခွင့်အာဏာကို အတိအလင်းပြဋ္ဌာန်းမထားတာဟာ အဲဒီအာဏာကို မပေးလိုတဲ့သဘောနဲ့ တားမြစ်ထားတာဖြစ်တယ်ဆိုပြီး အဓိပ္ပာယ်ကောက်ယူ ရမယ်လို့ ဆိုပါတယ်။

သူတို့တင်ပြချက်ကတော့ အခြေခံဥပဒေပြင်ဆင်ခြင်း ဖြစ်နေတယ်လို့လည်း ၎င်းတို့က ကောက်ယူတင်ပြထားပါတယ်။

**အခြေခံဥပဒေပြင်ဆင်ခြင်းဖြစ်နေတယ်**

ဒါနဲ့ပတ်သက်လို့ အတည်ပြုလက်ခံထားတဲ့ Legal Maxims မှာ "expressio unius est exclusion alterius" ဖြစ်တယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ ပြည်ထောင်စုလွှတ်တော်က လွှတ်တော်အဖွဲ့အစည်းဖွဲ့စည်းဖို့ ပြဋ္ဌာန်းချက်မရှိတာဟာ Clear and explicit ဖြစ်တာကြောင့် အဲဒီအချက်ထက် ကျော်လွန်ပြီး အနက်အဓိပ္ပာယ်မကောက်ယူနိုင်ပါဘူးတဲ့။ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာမပါရှိတဲ့ ပြဋ္ဌာန်းချက်တွေကို ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းစတာတွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းဖြစ်တယ်လို့ အဓိကအားဖြင့် လျှောက်လဲတင်ပြထားကြပါတယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ညီညွတ်ရဲ့လား**

ထို့နောက် သူတို့ရဲ့တင်သွင်းလွှာဟာ ပြည်ထောင်စုလွှတ်တော်မှာ ကော်မရှင်ဖွဲ့စည်းခြင်းအတွက် လွှတ်တော်ရဲ့ဆောင်ရွက်ချက်အပေါ် တင်သွင်းတဲ့ တင်သွင်းလွှာမဟုတ်။ အဲဒီလိုလည်း တင်သွင်းခွင့်မရှိကြောင်း၊ ဒါပေမယ့် ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းတဲ့ ဥပဒေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်ခြင်း ရှိ၊ မရှိဆိုတာကို ခုံရုံးကစိစစ်ပြီး သဘောထားမှတ်ချက်ချမှတ်ပေးဖို့ တင်သွင်းတဲ့ တင်သွင်းလွှာသာဖြစ်တယ်လို့ သူတို့က ရှင်းပြပါတယ်။ တင်သွင်းသူရဲ့အဆိုကို ချေပရှင်းလင်းသူကလည်း ပြည်ထောင်စုလွှတ်တော်သည် ဥပဒေနဲ့ အညီ ဆောင်ရွက်ခဲ့ကြောင်း အကိုးအကားများဖြင့် တင်ပြထားပါတယ်။

**ဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့**

ဒါနဲ့ပတ်သက်လို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားဆောင်ရွက်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်တုံ့ပြန်တာက-

- ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကိုပြင်ဆင်ရာမှာ မူလဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (စ)ကို ပြင်ဆင်ခဲ့ခြင်းမရှိပါ။
- ပုဒ်မ ၂ (စ)ပါ ဖော်ပြချက်အရ ပြည်ထောင်စုလွှတ်တော်မှာ ကော်မတီကိုသာမက ကော်မရှင်နဲ့အဖွဲ့တို့ကိုပါ ဖွဲ့စည်းခွင့်ရှိပါတယ်။
- အဲဒီဥပဒေကိုပြင်ဆင်တဲ့ဥပဒေအမှတ် ၂/၂၀၁၄ ဖြင့် ပုဒ်မ ၇ -ခ နဲ့ ၇ - ဂ တို့ကိုဖြည့်စွက်ပြီး ကော်မတီ၊ ကော်မရှင်နဲ့အဖွဲ့များ ဖွဲ့စည်းခွင့်ပေးထားတာဟာ အခြေခံဥပဒေနဲ့ ဆန့်ကျင်ခြင်းမရှိပါ။
- ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၈ အရ ပြည်သူ့လွှတ်တော်ကလည်းကောင်း၊ ပုဒ်မ ၁၅၀ အရ အမျိုးသားလွှတ်တော်ကလည်းကောင်း လိုအပ်တဲ့ကော်မရှင်နဲ့ အဖွဲ့များကို ဖွဲ့စည်းခွင့်ရှိတာဖြစ်လို့ ပုဒ်မ ၇၄ ပါ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် နှစ်ရပ်ပေါင်းပြီး ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုလွှတ်တော်မှာလည်း အဆိုပါအဖွဲ့အစည်းများကို ဖွဲ့စည်းခွင့်အာဏာရှိခြင်းဟာ ထပ်မံဖော်ပြရန်မလိုတဲ့ ရှိရင်းစွဲအာဏာဖြစ်ပါတယ်။
- ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်တဲ့ဥပဒေ (၂/၂၀၁၄) ကို မပြဋ္ဌာန်းမီကတည်းက လယ်ယာမြေနဲ့ အခြားမြေများ သိမ်းဆည်းခံရတာတွေကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါတယ်။
- ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိပ္ပာယ်ကောက်ယူရာမှာ အလေးထားအပ်တဲ့အချက်များနဲ့စပ်လျဉ်းပြီး ဥပဒေပညာရှင် Bhawani Lai ပြုစုထားတဲ့ Interpretation of Statutes ကျမ်း (၁၉၆၄ ခုနှစ် ပုံနှိပ်ခြင်း) စာမျက်နှာ ၉ မှာ The Constitution must be interpreted in a broad and liberal manner giving effect to all its parts and the presumption should be that no conflict or repugnancy was intended by its framers . (ဖွဲ့စည်းပုံအခြေခံဥပဒေအစိတ်အပိုင်းအားလုံးကို အကောင်းမြင်ဘက်မှ ကျယ်ကျယ်ပြန့်ပြန့်နဲ့ အစွန်းမရောက်ဘဲ သဘောထားကြီးကြီးနဲ့ အဓိပ္ပာယ်ကောက်ယူရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် အဓိပ္ပာယ်ကောက်ယူပုံ ထင်မြင်ချက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပုံဖော်သူများရဲ့ ရည်ရွယ်ချက်ကို မဆန့်ကျင်သင့်ပါ။ ဒါမှမဟုတ် မနှစ်မြို့မှု မဖြစ်စေသင့်ပါ။) ဆိုပြီး သုံးသပ်ဖော်ပြထားတာရှိပါတယ်။
- ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၁၊ ၂ နဲ့ ၃ တို့မှာ အတိအလင်းဖော်ပြမထားတဲ့ ကြွင်းကျန်တဲ့ကိစ္စရပ်များအတွက် ဥပဒေပြုခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၈ အရ ပြည်ထောင်စုလွှတ်တော်ကို အပ်နှင်းထားတာဖြစ်လို့ ပြည်ထောင်စုလွှတ်တော်ရဲ့ ဥပဒေပြုခွင့်အာဏာဟာ အမြင့်ဆုံးဖြစ်တယ်ဆိုတာ ထင်ရှားပြီးဖြစ်လို့ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့မှာသာ ကော်မရှင်ဖွဲ့စည်းခွင့်ရှိပြီး ပြည်ထောင်စုလွှတ်တော်မှာ အဲဒီအခွင့်အာဏာမရှိပါဆိုတဲ့ သုံးသပ်ချက်ဟာ ဆီလျော်မှုမရှိပါဆိုပြီး စီရင်ထုံးသုံးလေးခုကို ရည်ညွှန်းကိုးကားကာ လျှောက်လဲတင်ပြခဲ့ပါတယ်။

အဆိုတင်သွင်းသူ၊ ထုချေရှင်းလင်းသူတို့နဲ့ မသက်ဆိုင်ဘဲ ဥပဒေအမြင်သက်သက်ကိုသာ တင်ပြရသော ရုံးတော်သဟာယဖြစ်သည့် ရှေ့နေချုပ်ရုံးရဲ့ လျှောက်လဲချက်မှာလည်း မှတ်သားလောက်ပါတယ်။

**ရှေ့နေချုပ်ရုံးရဲ့ လျှောက်လဲချက်**

ဒါနဲ့ပတ်သက်လို့ ပြည်ထောင်စုရှေ့နေချုပ်ရုံး ကိုယ်စားလှယ်ရဲ့ လျှောက်လဲတင်ပြချက်ကိုလည်း အခုလို တွေ့ရပါတယ်။ အဲဒီလျှောက်လဲချက်မှာ-

- ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ် ၁၁/ ၂၀၁၀ နဲ့ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။
- ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအဖွဲ့အစည်းဆိုတဲ့ စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့က ဖွဲ့စည်းတဲ့ကော်မတီ၊ ကော်မရှင်နဲ့အဖွဲ့တို့ကို ဆိုလိုတယ်လို့ ဖော်ပြထားတာဖြစ်လို့ ပြည်ထောင်စုလွှတ်တော်ဟာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်များလိုပဲ ကော်မတီ၊ ကော်မရှင်နဲ့ အဖွဲ့တို့ကို ဖွဲ့စည်းနိုင်ခွင့်အာဏာရှိတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။
- တစ်နည်းအားဖြင့်ဆိုရင် ပြည်ထောင်စုလွှတ်တော်ဟာ ကော်မရှင်ဖွဲ့စည်းနိုင်ခွင့်ရှိကြောင်းကို နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းတဲ့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှာကတည်းက ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။
- ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ အရ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီကပြဋ္ဌာန်းခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (စ)ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ပြည်ထောင်စုလွှတ်တော်ဟာ ကော်မရှင်ဖွဲ့စည်းခွင့်ရှိကြောင်း မှတ်ယူရမယ့်အခြေအနေမှာ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်တဲ့ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ (ခ)၊ (ဂ)နဲ့ (ဃ) တို့မှာ ပြည်ထောင်စုလွှတ်တော်က ကော်မရှင်ဖွဲ့စည်းခြင်းနဲ့သက်ဆိုင်တဲ့ ပြဋ္ဌာန်းချက်မှာ လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် ပြဋ္ဌာန်းခဲ့တာဖြစ်တယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီပြဋ္ဌာန်းချက်ကို ပြဋ္ဌာန်းခြင်းဟာ ဖွဲ့စည်းပုံအခြေခံ

**သက်ညို**

ဥပဒေနဲ့ ဆန့်ကျင်ခြင်းမရှိလို့ သုံးသပ်ရပါတယ်။

**ကျယ်ပြန့်တဲ့သဘောသက်ရောက်ဖို့**

- အခြေခံဥပဒေရဲ့အဓိပ္ပာယ်သဘောကိုကောက်ယူရာမှာ ကျဉ်းမြောင်းအောင် ကျပ်ကျပ်တည်းတည်းမကောက်ယူဘဲ ကျယ်ပြန့်အောင် ကောက်ယူရမှာ ဖြစ်ပါတယ်။ အခြေခံဥပဒေများမှာ ပေးအပ်ထားတဲ့တန်ခိုးအာဏာများကို ကျယ်ပြန့်နိုင်သမျှ ကျယ်ပြန့်အောင် အဓိပ္ပာယ်ကောက်ယူဖို့လိုပါတယ်။
- ပြည်သူ့အတွက် အကျိုးအများဆုံး ဖြစ်ထွန်းစေနိုင်မယ့်သဘော အဓိပ္ပာယ်ကို ကောက်ယူရမယ်လို့ ဖြစ်ပါတယ်။
- ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေနဲ့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကိုပြင်ဆင်တဲ့ဥပဒေပါ ပြဋ္ဌာန်းချက်တွေမှာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အတိအလင်းပြဋ္ဌာန်းချက်မရှိတာကို သွယ်ဝိုက်ပြီး ပေးအပ်ထားတဲ့အာဏာအဖြစ် အဓိပ္ပာယ်ကောက်ယူပြီးပြဋ္ဌာန်းခြင်း မဟုတ်ဘဲ လွှတ်တော်ဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပေးထားတဲ့အာဏာကို ကျယ်ပြန့်နိုင်သမျှ ကျယ်ပြန့်စေရန်ဆိုတဲ့ အဓိပ္ပာယ်သဘောကောက်ယူပြီး ပြဋ္ဌာန်းထားတာဖြစ်ကြောင်း သုံးသပ်တင်ပြထားတာကို တွေ့ရပါတယ်။

**ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နဲ့ ဆန့်ကျင်ခြင်းမရှိကြောင်း ဆုံးဖြတ်ချက်ချမှတ်ခြင်း**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဖော်ပြပါ တင်ပြလျှောက်ထားချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဥပဒေပုဒ်မ ၄၅၃၊ ၄၄၁၊ ၄၄၃၊ ၇၇၊ ၃၂၂ (ခ)၊ ၂၉၃ (ဂ) ၉၈ ပါ ပြဋ္ဌာန်းချက်တို့နဲ့အညီ သုံးသပ်ချက်များအရ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်တဲ့ဥပဒေ (၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေအမှတ် ၂) မှာ ပြည်ထောင်စုလွှတ်တော်၌ ကော်မရှင်ဖွဲ့စည်းခြင်းကို ထည့်သွင်းပြဋ္ဌာန်းခြင်းနှင့် အခြားဆက်စပ်ပုဒ်မများမှာ ကော်မရှင်ဆိုတဲ့စကားရပ်ကို ထည့်သွင်းပြဋ္ဌာန်းခြင်းတွေဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ခြင်းမရှိကြောင်း ဆိုပြီး ဆုံးဖြတ်လိုက်တာ တွေ့ရပါတယ်။

**ပလပ်ကြောင်းအမိန့်**

အဲလိုဆုံးဖြတ်လိုက်တာကြောင့် ဗိုလ်မှူးချုပ်မောင်မောင်ပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅၀ ရဲ့တင်သွင်းလွှာကို ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ အဖွဲ့ဝင် ဦးညီညီ၊ ဦးမြင့်ဝင်း၊ ဦးမျိုးမြင့်၊ ဦးခင်မောင်ချို၊ ဒေါ်ခင်ဌေးကြွယ်၊ ဦးတွာလ်ကျင်ပေါင်၊ ဒေါ်လှမျိုးနွယ်၊ ဦးကျော်ဆန်းတို့ ပါဝင်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးက စက်တင်ဘာလ ၂၁ ရက်နေ့မှာ ပလပ်ကြောင်းအမိန့် ချမှတ်ခဲ့တာကို တွေ့ရှိခဲ့ရပါတယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး**

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တစ်ဦးနဲ့တစ်ဦး အမြင်ကွဲလွဲစရာတွေ၊ ဆွေးနွေးစရာတွေ အရင်အစိုးရလက်ထက်မှာကတည်းက တွေ့မြင်နေခဲ့ရပြီး အခြေခံဥပဒေခုံရုံးရဲ့ အဆုံးအဖြတ်ကိုရယူခဲ့ရတဲ့ ဖြစ်စဉ်များရှိခဲ့ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ကိုယ်နှိုက်က အားနည်းချက်များ ပြင်ဆင်ဖို့လိုတာများရှိနေတာကိုလည်း ယခင် တပ်မတော်အစိုးရလက်ထက်မှာကတည်းက တွေ့ရှိနေခဲ့တာဖြစ်ပါတယ်။

ဒီလိုထဲမှာ ဥပဒေရဲ့ အခြေခံအကျဆုံးအားနည်းချက်တစ်ခုကတော့ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ တင်းကျပ်လွန်းပြီး ပြင်ဆင်ရန်ခက်ခဲနေတဲ့ အပိုင်းများဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ ဆန္ဒသဘောထားနဲ့အညီဆိုရင်တောင်မှ ပြင်ဆင်ဖို့ခက်ခဲနေတဲ့ အကျပ်အတည်းများရှိနေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ တစ်ခါရေးပြီး ပြီးပြီဆိုတဲ့သဘော သက်ရောက်နေတာက အနာဂတ်ကာလကို မျက်ကွယ်ပြုရာရောက်ပါတယ်။ ပြည်သူလူထုရဲ့သဘောဆန္ဒကို ထင်ဟပ်တဲ့အခြေခံဥပဒေဖြစ်ဖို့ လိုပါမယ်။

ဒါကတော့ အားလုံးစဉ်းစားပြီးနည်းလမ်းရှာဖွေဖို့ လိုအပ်နေဆဲဖြစ်တဲ့ အရေးကြီးတဲ့ပြဿနာတစ်ရပ်လို့ ထင်မြင်မိပါတယ်။

**(နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် တရားရုံးတစ်ရုံးဖြစ်ပါတယ်။ တရားရုံးကဲ့သို့ပင် အကြောင်းခြင်းရာအား ပြည့်ပြည့်စုံစုံ ကြားနာစစ်ဆေးပြီး ဥပဒေနဲ့အညီ မှန်ကန်မျှတစွာ စီရင်ဆုံးဖြတ်ပါတယ်။ အခြေခံဥပဒေခုံရုံး၏ ဆုံးဖြတ်ချက်သည် တရားမျှတပြီး မှတ်ကျောက်တင်ခံနိုင်ကြောင်း မြန်မာနိုင်ငံပြန်တမ်းတွင် အကျယ်တဝင့်ဖော်ပြကာ ထုတ်ပြန်ထားတာကိုလည်း တွေ့ရပါတယ်။ ပွင့်လင်းမြင်သာမှုနဲ့ အများပြည်သူသိရှိစေလိုသည့်မူအရ ယခုဆောင်းပါးက ဖြည့်စွက်ဖော်ပြခြင်း ဖြစ်ပါတယ်။)**

*အခြေခံဥပဒေမှာ ပြည်ထောင်စုလွှတ်တော်က ကော်မရှင်ဖွဲ့စည်းခွင့်ရှိကြောင်း အတိအလင်း ပြဋ္ဌာန်းတာ၊ အာဏာပေးအပ်ထားတာ မရှိဘူးလို့ဆိုပါတယ်။ အဲဒီလို အာဏာပေးအပ်ထားတာ မရှိဘဲ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်တဲ့ ဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းတာဟာ အခြေခံဥပဒေကို ဆန့်ကျင်ရာရောက်တယ်လို့လည်း ဆိုပါတယ်။*

## မိုးလေဝသ

### အခြေအနေ

**နေပြည်တော်၊ ရန်ကုန်မြို့တို့နှင့် အနီးတစ်ဝိုက်**

မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေးနှင့်အနီးတစ်ဝိုက်**

မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမေရိကန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး Mr. Scot Alan Marciel အား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ညှော့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ဆွေးနွေး**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**ကြည့်ရှုလေ့လာ**

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ Telecom International Myanmar Co.,Ltd.(MyTel) ရုံးချုပ်သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# လူမှုမီဒီယာများ၏ သဘောသဘာဝများနှင့် လူမှုမီဒီယာများအား ထိရောက်မှန်ကန်စွာအသုံးချရေး ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၁**

လူမှုမီဒီယာများ၏ သဘောသဘာဝများနှင့် လူမှုမီဒီယာများအား ထိရောက်မှန်ကန်စွာအသုံးချရေး ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

လူမှုမီဒီယာများ၏ သဘောသဘာဝများနှင့် လူမှုမီဒီယာများအား ထိရောက်မှန်ကန်စွာအသုံးချရေးနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်နှင့် Information Matrix Co., Ltd. မှ CEO ဦးသောင်းစုငြိမ်းတို့က ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ဦးနေဘုန်းလတ်က **"စဉ်းစားဆင်ခြင် လူမှုကွန်ရက်တစ်ခွင်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ပြီး လူမှုမီဒီယာအသုံးပြုမှုနှင့်ပတ်သက်၍ ချင့်ယုံ၊ ကြည့်ရှုယ်၊ ချိန်ပြော ဟူ၍ ဆွေးနွေးမှုအနှစ်ချုပ်ကို ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါဆွေးနွေးပွဲနှင့်ပတ်သက်၍ ၎င်းက "လူမှုမီဒီယာက သုံးတတ်ရင် ဆေး၊ မသုံးတတ်ရင်ဘေးဖြစ်ပါတယ်။ လူမှုမီဒီယာမှာက အကျိုးရှိရှိသုံးတာနဲ့စာရင် တလွဲသုံးတာတွေ၊ ကိုယ့်ကို လူစိတ်ဝင်စားဖို့သုံးတာတွေ၊ သတင်းအမှားဖြန့်တာတွေက ပိုပြီးတော့များနေပါတယ်။ ဖေ့စ်ဘွတ်ဆိုတာ အလကားပါ၊ သုံးမနေပါနဲ့၊ ပိတ်လိုက်ပါဆိုတာမျိုးတွေ ပြောကြပါတယ်။ ဒီလိုပြောတာကို လက်မခံပါဘူး။ ကျွန်တော်တို့ဆိုရင် ကိုယ်စားလှယ်ဖြစ်တဲ့အတွက် ပြည်သူလူထုနဲ့ဆက်ဆံတဲ့အခါမှာ လူမှုမီဒီယာတွေကို သုံးရတယ်။ ဖေ့စ်ဘွတ်တစ်ခုတည်း မဟုတ်ပါဘူး။ Social network၊ Social Media တွေကို ကောင်းတဲ့နေရာတွေမှာ သုံးစေချင်တယ်။

Social Network လို့ပြောလို့ရှိရင် ဖေ့စ်ဘွတ်၊ Twitter၊ Youtube၊ Instagram စသဖြင့် အများကြီး ရှိပါတယ်။ ကျွန်တော်တို့ဆီမှာက ဖေ့စ်ဘွတ်တစ်ခုပဲ သိတယ်။ အင်တာနက်လို့ပြောရင် Social network၊ Social Media တင် မဟုတ်ပါဘူး။ တခြားဝက်ဘ်ဆိုက်ရှိတယ်။ အခြားလေ့လာစရာတွေ၊ သင်ယူစရာတွေအများကြီးရှိတယ်။ ကျွန်တော်တို့ဆီမှာက အင်တာနက်ဖွင့်လိုက်ရင် ဖေ့စ်ဘွတ်ကို တန်းရောက်သွားတယ်။ ဖေ့စ်ဘွတ်မှာ အချိန်တွေကုန်ပြီးတော့ ဒီမှာပဲပြီးသွားတယ်။ ဖေ့စ်ဘွတ်တစ်ခုမှာ အချိန်တွေကုန်ပြီး တကယ်အကျိုးရှိတဲ့ဟာတွေကို မသုံးဖြစ်ကြတာများတယ်။ ဒါကို အစိုးရပိုင်းကပဲဖြစ်ဖြစ်၊ ပညာရေးပိုင်းကပဲဖြစ်ဖြစ် ပြည်သူတွေသိအောင် ဘယ်လို ပညာပေးမလဲဆိုတာကို စဉ်းစားသင့်ပါတယ်။

Social Media သုံးနေတဲ့သူတွေကို တစ်စုံတစ်ရာ လွှမ်းမိုးမှုရှိတဲ့သူမျိုးတွေကို Social Media Influencer တွေလို့ခေါ်ကြတယ်။ Social Media Influencer အနေနဲ့ သာမန်လူထက်ပိုပြီးတော့ အလေးအနက်ထားပြီး သေချာစဉ်းစားသင့်တယ်။ ပြည်သူတွေသိသွားရင် ဘာအကျိုးသက်ရောက်မှုရှိတယ်ဆိုတာကို Post မတင်ခင် စဉ်းစားသင့်ပါတယ်။

လူမှုမီဒီယာတွေမှာ သတင်းအတုတွေ တင်တာကို ပြန်ကြားရေးဝန်ကြီးဌာနက နောက်ကနေလိုက်ပြီး ရှင်းနေရတာထက်စာရင် Proactive ဖြစ်နေစေချင်ပါတယ်။ Proactive ဆိုတဲ့သဘောက ကိုယ်ကရှေ့ကနေ ဦးနေတဲ့သဘောပါ။ အရည်အသွေးပြည့်ဝတဲ့ အစိုးရတွေဟာ Proactive ဖြစ်အောင် ကြိုးစားကြတယ်။ သတင်းအမှားတွေ သတင်းအတုတွေကို ပေါ်လာမှ နောက်ကနေလိုက်ပြီး ရှင်းနေတာနဲ့စာရင် တစ်ခုခုဖြစ်ပြီဆိုတာနဲ့ ဒါဟာသတင်းအချက်အလက် အမှန်ဖြစ်ပါတယ် ဆိုတာမျိုးကို မြန်မြန်ဆန်ဆန် ထုတ်ပြန်ပေးနိုင်ရင် သတင်းအတုတွေက နေရာမရတော့ဘူး။ ကောလာဟလရဲ့အသက်က သတင်းမှန်ထွက်လာတဲ့ အထိပဲရှည်တာ ဖြစ်ပါတယ်။

သတင်းအတုတွေအတွက် Rapid Response ကို လျင်လျင်မြန်မြန် လုပ်ဆောင်ပေးစေချင်တယ်။ Proactive နဲ့ Rapid Response ကို ပြန်ကြားရေးဝန်ကြီးဌာနကို လုပ်ဆောင်စေချင်ပါတယ်။ ပြည်သူလူထုကို မှန်မှန်ကန်ကန်နဲ့ လျင်လျင်မြန်မြန် ဝန်ဆောင်မှုပေးနိုင်ဖို့ နည်းပညာကို အသုံးပြုရမှာဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း ဒီလိုပဲ ကြိုးစားနေကြတယ်။ နည်းပညာအသုံးပြုပြီး ကြိုးစားကြတဲ့အတွက် e-government ပေါ့။ ဒီလိုအဆင့်ရောက်ရှိအောင် သွားဖို့လိုအပ်ပါတယ်။ နည်းပညာတွေက ရှိပြီးသားပါ။ စားပွဲတစ်ခုကနေ စားပွဲတစ်ခုပြောင်းဖို့ တစ်လလောက်ကြာတဲ့ ကြိုးနီစနစ်တွေကို အတတ်နိုင်ဆုံး လျှော့ချရမယ်။ နည်းပညာသုံးရင်တော့ အချိန်တွေ ယူစရာမလိုဘူး။ နည်းပညာမသုံးနိုင်သေးတာ၊ သုံးနိုင်တဲ့ အစွမ်းအစမရှိသေးတာလား။ ဘာတွေက Resistance ဖြစ်နေတာလဲ။ ဒါတွေကို ပြန်လေ့လာပြီး ဆောင်ရွက်သင့်ပါတယ်။ သတင်းထုတ်ပြန်တဲ့ နေရာတွင်မကပါဘူး။ တခြားဝန်ကြီးဌာနတွေက ပြည်သူတွေကို ဝန်ဆောင်မှုပေးနေတဲ့အပိုင်းမှာပါ ဆောင်ရွက်စေချင်ပါတယ်။ ဒီလိုဆောင်ရွက်လိုက်ရင် အကျင့်ပျက်ခြစားမှုတွေ မရှိနိုင်တော့ပါဘူး။ ကျွန်တော်တို့ဆီမှာ e-government master plan ရှိပြီးသားပါ။ တကယ်ဆောင်ရွက်နိုင်ဖို့ပဲ လိုအပ်တာပါ။

ဒီနေ့လူမှုမီဒီယာတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးကြတယ်။ လူမှုမီဒီယာတွေ အသုံးပြုတဲ့အခါ အသိဉာဏ်ရှိရပါမယ်။ ပြီးတော့ ကိုယ်တင်မယ့် Post တွေကို သတိထားဖို့ လိုအပ်သလို လူမှုမီဒီယာမှာ Click လုပ်တာ၊ Touch လုပ်တာတွေကိုလည်း သတိထားဖို့လိုအပ်ပါတယ်။ လူမှုမီဒီယာမှာ တွေ့သမျှ၊ မြင်သမျှကို မယုံကြည်စေချင်ပါဘူး။ ဒါမှသာ လူမှုမီဒီယာကိုအသုံးချပြီး ကိုယ့်အတွက်၊ တိုင်းပြည်အတွက် အကျိုးရှိမှာဖြစ်ပါတယ်" ဟု အကြံပြုပြောကြားသည်။

ဦးသောင်းစုငြိမ်းက လူမှုမီဒီယာ၏ အကောင်း၊ အဆိုးခံနေရသူများနှင့် Crisis Communication Plan ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲနှင့် ပတ်သက်၍ "Social Media Usage Policy နဲ့ ပတ်သက်ပြီး ဆွေးနွေးခဲ့ပါတယ်။ ဒီ Policy က အဖွဲ့အစည်းတစ်ခုခု ဥပမာ ကုမ္ပဏီတစ်ခုမှာဆိုရင် ကုမ္ပဏီဝန်ထမ်းတွေ၊ အစိုးရအဖွဲ့အစည်းမှာဆိုရင် ဝန်ထမ်းတွေ၊ အသင်းအဖွဲ့တစ်ခုမှာဆိုရင် အသင်းသားတွေအားလုံး တူညီစွာသတ်မှတ်ထားပြီး အားလုံးလိုက်နာမယ်လို့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေ ဖြစ်ပါတယ်။ လူမှုမီဒီယာတွေမှာ သတင်းတွေ တက်လာတဲ့အခါမှာ ဒီသတင်းဟာ အတုလား၊ အစစ်လားဝေခွဲလို့ရအောင် ပြည်သူတွေအသုံးတည့်အောင် Fact Check ကို ဘယ်လိုလုပ်ရမလဲဆိုတာမျိုး ဆွေးနွေးခဲ့ပါတယ်။ ဒီလိုမျိုးလုပ်ဆောင်သင့်ပါတယ်။ Fact Check က အချက်အလက်မှန်ကန်အောင် တည့်မတ်ပေးတဲ့ သဘောဖြစ်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို နိုင်ငံတကာက အထင်ကရအရေးကြီးတဲ့ ပုဂ္ဂိုလ်တွေက ထုတ်ဖော်ပြောဆိုလာပြီဆိုရင် သူတို့ပြောတဲ့ အချက်အလက်တွေကို ဘယ်အတိုင်းအတာ မှန်တယ်၊ ဘယ်အချက်က နားလည်မှုလွဲတယ်ဆိုတာကို ထုတ်ပြန်ဆောင်ရွက်ပေးရင် ကောင်းပါတယ်။ တစ်ခုခုဖြစ်တာနဲ့ ဘယ်လိုတုံ့ပြန်မယ်ဆိုတာကို အဆင်သင့်ဆောင်ရွက်ထားစေချင်ပါတယ်။

Process နဲ့ Procedure ကို ကြိုတင်ဆောင်ရွက်ထားစေချင်ပါတယ်။ ဘယ်လိုလုပ်မယ်ဆိုတာ အဆင်သင့်ဖြစ်နေဖို့ လိုအပ်ပါတယ်။ ဥပမာအနေနဲ့ ဈေးတစ်ခု မီးလောင်သွားတယ်။ မီးလောင်သွားတဲ့အတွက် သိန်းပေါင်းများစွာဆုံးရှုံးသွားတယ်။ မီးလောင်ပြီး အချိန်တစ်ရက်၊ နှစ်ရက်အထိ ဘယ်သူမှထုတ်ပြန်ခြင်းမရှိသေးရင် အဆင်ပြေမှုမရှိနိုင်ဘူး။ ဖြစ်လာပြီဆိုမှ ပြည်သူကို မင်းထွက်ပြော၊ ငါထွက်ပြောနဲ့ အချိန်မကုန်အောင် ကြိုတင်စီစဉ်ဆောင်ရွက်သင့်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ သတင်းထုတ်ပြန်ပေးတဲ့အလုပ်နဲ့ တစ်ဖက်က သတင်းမီဒီယာအနေနဲ့လည်း ရပ်တည်နေတယ်။ သတင်းမီဒီယာအနေနဲ့ ရပ်တည်ချက်က တခြားနေရာ တခြားအချိန်မှာ ဆွေးနွေးလို့ရတယ်။ တကယ်လို့ သတင်းမီဒီယာအနေနဲ့ဆက်ပြီး ရပ်တည်မယ်ဆိုရင် အကြံပြုချင်တာက နိုင်ငံပိုင်မီဒီယာအတွက်သာမကပါဘူး။ မီဒီယာအားလုံးအတွက်ပါ။ သတင်းမီဒီယာတွေဟာ အနာဂတ်အတွက် ကြိုတင်ပြင်ဆင်သင့်တယ်။ အရင်က သတင်းစာနဲ့ပတ်သက်ပြီး ပြောင်းလဲမယ်ဆိုရင် အချိန်ယူတယ်။ ရုပ်သံဆိုရင်လည်း ဒီအတိုင်းပါပဲ။ အခု Digital Media ခေတ်မှာကျတော့ အပတ်တိုင်း ပြောင်းလဲနေရပါတယ်။ ပိုပြီးမြန်မြန်ဆန်ဆန်ပြောင်းလဲရမှာဖြစ်ပါတယ်။ နောက်ဆုံးပေါ် နည်းပညာတွေကို အမြဲကြည့်နေရမှာဖြစ်ပါတယ်။ Digital Media ဆိုတာ နယ်စည်းမခြား သဘောမျိုးဖြစ်တဲ့အတွက် နိုင်ငံတကာ ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေကို နားလည်အောင် ဆောင်ရွက်ဖို့လိုတယ်။ အဓိက စာဖတ်ပရိသတ်ရဲ့ လိုအပ်ချက်ကို အမြဲဖြည့်ဆည်းနိုင်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ စာဖတ်ပရိသတ်နဲ့ အမြဲအတူရှိနေရမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ဆွေးနွေးပွဲတက်ရောက်လာသည့် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတက်ရောက်သူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာတည်းဦးသန်းနိုင်က "ဒီနေ့ ဆွေးနွေးပွဲမှာ လူမှုမီဒီယာတွေရဲ့ အားသာချက်၊ အားနည်းချက်၊ ဆိုးကျိုးကောင်းကျိုးတွေကို သိခွင့်ရခဲ့ပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာ ပြည်သူတွေဟာ ပုံနှိပ်မီဒီယာထက် လူမှုမီဒီယာတွေကနေ အများဆုံးသတင်းရယူဖတ်ရှုအသုံးပြုနေတာကို တွေ့ရပါတယ်။ အထူးသဖြင့် ဖေ့စ်ဘွတ်ကဖြစ်ပါတယ်။ ပြည်သူတွေဟာ သူတို့ရဲ့ခံစားချက်တွေကို ဖေ့စ်ဘွတ်ကနေ လွတ်လပ်စွာရင်ဖွင့် ပြောဆိုခွင့်တွေရနေကြပါပြီ။ ဒီနေရာမှာ တစ်ခုတွေ့လာတာက လူမှုမီဒီယာတွေကနေ အမုန်းစကားတွေ၊ သတင်းအတုအယောင်တွေကို ရေးတင်နေကြတာတွေ့ရပါတယ်။ ဒါတွေကို ပြည်သူတွေအနေနဲ့ စဉ်းစားချင့်ချိန်ပြီး မှန်ကန်စွာ သုံးသပ်ဖို့လိုပါတယ်။

အမုန်းစကားတွေ သတင်းအတုအယောင်တွေက လူမျိုးရေး၊ ဘာသာရေး၊ အဖွဲ့အစည်းအချင်းချင်း သံသယတွေ၊ အမုန်းတရားတွေကို ပိုမိုကြီးထွားလာစေပါတယ်။ အဓိကကတော့ သုံးစွဲသူရဲ့ စဉ်းစားချင့်ချိန်မှုအပေါ် မူတည်ပြီး အကောင်းအဆိုးတွေကို ခံစားကြရမှာဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးပွဲမျိုး ပြည်သူတွေအကြား ကျယ်ကျယ်ပြန့်ပြန့်လုပ်ပေးချင်ပါတယ်။ ဒါမှလည်း Social Media ကို ကျွန်တော်တို့ ပြည်သူတွေ အကျိုးရှိစွာ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲတတ်လာမှာဖြစ်ပါတယ်"ဟု ဆွေးနွေးပွဲအတွေ့အကြုံကို ပြောကြားသည်။

ယနေ့ဆွေးနွေးပွဲမှ ရရှိလာသည့် ဆွေးနွေးချက်များကို ပြန်လည်စုစည်းသုံးသပ်သွားမည်ဖြစ်ပြီး လူမှုမီဒီယာများ မှန်ကန်စွာအသုံးပြုနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများတွင် ဆင့်ပွားဆွေးနွေးပွဲ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



## ပြည်တွင်းရေးရာ

**✱ ပုဂ္ဂလိကကဏ္ဍမှ**

နိုင်ငံတကာစံနှုန်းတွေနဲ့အညီ ပြင်ဆင်ရေးဆွဲဆောင်ရွက်ကြဖို့လိုပါတယ်”ဟု ပြောကြားသည်။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ဒုတိယသမ္မတက ဝန်ကြီးဌာနများ၏ ထုတ်ပြန်ကြေညာချက်များကို လုပ်ငန်းရှင်များက သိရှိခြင်းမရှိသဖြင့် သိရှိအောင် မကြာခဏထုတ်ပြန်ကြေညာသင့်ကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေက “အချို့ကိစ္စရပ်တွေမှာ ဝန်ကြီးဌာနတွေရဲ့ ထုတ်ပြန် ကြေညာချက်တွေကို လုပ်ငန်းရှင်တွေအပိုင်းက မသိရှိဘဲ ထပ်မံတင်ပြနေကြတဲ့အတွက် ဝန်ကြီးဌာနတွေအနေနဲ့ လုပ်ငန်းရှင်များသိရှိအောင် မကြာခဏ ထုတ်ပြန်ကြေညာသင့်ပါတယ်။

“ကမ္ဘာ့ဘဏ်ကနေ နှစ်စဉ်ထုတ်ပြန်တဲ့ နိုင်ငံတွေရဲ့ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရန် လွယ်ကူမှုအဆင့်အခြေအနေအစီရင်ခံစာ (Doing Business Report) မှာ အချက်(၁၀)ချက် ပါဝင်ပါတယ်။ အဲဒီအချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ကဏ္ဍတစ်ခုချင်း အဆင့်တက်လာစေဖို့အတွက် တာဝန်ယူထားတဲ့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအပြင် သက်ဆိုင်ရာဝန်ကြီးဌာနတွေကလည်း သတ်မှတ်ထားတဲ့အဆင့်ကို ရောက်ရှိစေဖို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

“အိန္ဒိယနိုင်ငံကနေ ပဲတင်သွင်းမှုအရေအတွက် ကန့်သတ်တာကြောင့် ပြည်တွင်းမှာရှိတဲ့ လက်ကျန်ပဲတွေ ဆက်လက်တင်ပို့နိုင်ဖို့ကိစ္စရပ်တွေကို ညှိနှိုင်းဆွေးနွေးနေသလို ပြည်တွင်းမှာ ပဲစားသုံးမှု ပိုမိုတိုးတက်လာစေဖို့အတွက်လည်း နည်းလမ်းတွေရှာဖွေပြီး တစ်ဖက်တစ်လမ်းကနေ ကူညီဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်။

“မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အသေးစား၊ အလတ်စားလုပ်ငန်းငယ်များ (Small and Medium Enterprises - SMEs) ဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံပံ့ပိုးကူညီမြှင့်တင်သွားဖို့ လိုအပ်ပါတယ်။ အဲဒီ အသေးစား၊ အလတ်စားလုပ်ငန်းငယ်တွေကနေ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးနိုင်ရင် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝ တိုးတက်လာမှာဖြစ်ပါတယ်”ဟု ပြောကြားသည်။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၉/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သည်။ ကော်မတီ၏ ပုံမှန်အစည်းအဝေးကို နှစ်လတစ်ကြိမ် ကျင်းပခဲ့ပြီး ယခင်ကျင်းပခဲ့သည့် စတုတ္ထအကြိမ်အထိ ဆုံးဖြတ်ချက်ပေါင်း ၃၂ ချက် ချမှတ်ခဲ့ရာ ၂၇ ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။ ကော်မတီ၏လုပ်ငန်းတာဝန်(၅)ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ(၅)ရပ်ကို ဖွဲ့စည်းခဲ့ပြီး အဆိုပါလုပ်ငန်းကော်မတီများ၏ အစည်းအဝေးများကို အနည်းဆုံးတစ်လတစ်ကြိမ် ကျင်းပလျက်ရှိရာ (၄၆)ကြိမ် ကျင်းပခဲ့ပြီးဖြစ်သည်။

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၏အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် ရည်ရွယ်၍ လုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ စတင်ပြီး ဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် စက်တင်ဘာလအထိ (၁၀)ကြိမ်မြောက် တွေ့ဆုံခဲ့ပြီး လုပ်ငန်းရှင်များ၏ တင်ပြချက် စုစုပေါင်း ၁၅၇ ချက်ရှိပြီဖြစ်ကြောင်း သိရသည်။

တင်ပြချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းကော်မတီများသို့ပေးပို့ခဲ့ရာ ဖြေရှင်းပြန်ကြားချက်စုစုပေါင်း ၁၄၂ ချက်အား သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များထံသို့ ဖြေရှင်းပြန်ကြားခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေက ပုဂ္ဂလိကအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစည်းအဝေးများ၌သာမက လက်တွေ့နယ်ပယ်များတွင်ပါ ပိုမိုအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကော်မတီ၏လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း တက်တက်ကြွကြွ ပီပီပြင်ပြင်နှင့် မြန်မြန်ဆန်ဆန် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

လုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲများမှ တင်ပြချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဖြေကြားရှင်းလင်းမှုများ ပြုလုပ်ပေးလျက်ရှိသဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိုက်သင့်သလောက် အောင်မြင်မှုရှိလာသည်ကို တွေ့ရကြောင်း၊ အချို့ကိစ္စရပ်များသည် ဆက်လက်ဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်နေသဖြင့် လုပ်ငန်းကော်မတီ (၅)ရပ်အနေဖြင့် ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ (Private - Public Dialogue) များကို စဉ်ဆက်မပြတ်ပြုလုပ်၍ ဖြေရှင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးပြီး တည်ငြိမ်အေးချမ်းသည့်နေရာဒေသများတွင်သာမက ဖွံ့ဖြိုးမှုနည်းပြီး တည်ငြိမ်အေးချမ်းမှုမရှိသည့် နေရာဒေသများတွင်လည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ အဆိုပါဒေသတွင် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး ဝင်ငွေတိုးကာ ဒေသတည်ငြိမ်အေးချမ်းမှုကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံး ကွက်လပ်မကျန်အောင် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အချိုးညီညီ မျှမျှတတဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုဥပဒေကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ခဲ့ကြောင်း၊ လုပ်ငန်းကော်မတီ (၅)ရပ်အနေဖြင့်လည်း တိုင်းဒေသကြီး/ပြည်နယ်များရှိ စီးပွားရေးလုပ်ငန်းရှင်များထံသို့ သွားရောက်၍ ကြုံတွေ့နေရသည့်အခက်အခဲများကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ကော်မတီ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ကော်မတီ၏ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က Doing Business ကဏ္ဍ (၁၀)ခုမှ လျှပ်စစ်ဓာတ်အားရရှိရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက Ease of Doing Business ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး အခြေခံလူသားအရင်းအမြစ်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးဦးမောင်မောင်ဝင်း၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်တိုးတက်ကောင်းမွန်စေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံ၏အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်တို့ကလည်းကောင်း ကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာအောင်သူ၊ ဒေါက်တာသန်းမြင့်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးကြပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ဒေါက်တာမျိုးသိမ်းကြီးနှင့် ဦးအုန်းမောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ လုပ်ငန်းကော်မတီ(၅)ရပ်မှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# လူမှုပေါင်းစည်းရေးဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးအစီအစဉ် ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၁**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန် ရည်ရွယ်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် Search for Common Ground တို့ ပူးပေါင်းကျင်းပသည့် လူမှုပေါင်းစည်းရေးဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး အစီအစဉ်၏ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ရှေးဦးစွာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုအစီအစဉ်ကို တက်ရောက်ကြမည့် ဝန်ထမ်းများသည် လူမှုပေါင်းစည်းမှုဆိုသည်မှာ မည်ကဲ့သို့ဖြစ်သည်၊ ပဋိပက္ခများကို မည်သို့ကိုင်တွယ်ဖြေရှင်းရမည် စသည်တို့ကို စာတွေ့သာမက လက်တွေ့လေ့ကျင့်ခန်းများ ဆောင်ရွက်ပြီး သင်ယူကြမည်ဖြစ်၍ မိမိတို့ဌာနအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းရာတွင် ရန်ဘက်ဆန်ဆန် ဖြေရှင်းနည်းမျိုးမဟုတ်ဘဲ ပြဿနာ၏အရင်းအမြစ်ကို သေချာလေ့လာပြီး ပူးပေါင်းညှိနှိုင်းအဖြေရှာသောနည်းလမ်းများဖြင့် ဖြေရှင်းသည့် အလေ့အကျင့်နှင့် ဓလေ့များ ထွန်းကားစေရန်၊ ဘုံသဘောတူညီမှုဖြင့် အဖြေရှာခြင်းနည်းလမ်းများကို သိရှိနိုင်ရန်ပို့ချပေးမည်ဖြစ်၍ နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသော ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အထောက်အကူပြု ကူညီဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း။

တိုင်းရင်းသားများ၏ အရေးကိစ္စများကို ဆောင်ရွက်ကြမည့်သူများအနေဖြင့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မြှင့်တင်ပေးနိုင်ရေးလုပ်ငန်းများကို ဆောင်ရွက်သည့်အခါတွင် အထောက်အကူပြုနိုင်ရေးအတွက် ယခုအရည်အသွေးမြှင့် အစီအစဉ်မှရရှိသော အတွေးသစ်၊ အမြင်သစ်များနှင့် ကျွမ်းကျင်မှုများကို အသုံးချ၍ အောင်မြင်အောင် ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် Search for Common Groundမှ Country Director Mrs. Isla Glaister က သင်ကြားပို့ချမည့် အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ သင်တန်းသား သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ Search for Common Ground မှ ပညာရှင်များက လူမှုပေါင်းစည်းမှု၏ သဘောတရားများကို မိတ်ဆက်ခြင်း၊ မြန်မာနိုင်ငံတွင် လူမှုပေါင်းစည်းမှု သဘောတရားများကို လက်တွေ့ဖော်ဆောင်ခြင်းနှင့် လူမှုပေါင်းစည်းမှုအတွက် လိုအပ်သောအခြေအနေများ၊ မြန်မာနိုင်ငံ၏လူမှုပေါင်းစည်းမှု နောက်ခံအခြေအနေနှင့် လူမှုပေါင်းစည်းမှုကို အားကောင်းစေသောအဖြစ်အပျက်များနှင့် အားနည်းစေသော အဖြစ်အပျက်များကို အချိန်ကာလအလိုက် လေ့လာခြင်း၊ လူမှုပေါင်းစည်းမှု၏ အဓိက အစိတ်အပိုင်းများအကြား ဆက်နွှယ်မှုကို နားလည်သဘောပေါက်ခြင်းနှင့် ၎င်းတို့ကိုမြှင့်တင်ရေးတွင် မိမိတို့၏အခန်းကဏ္ဍများ စသည့်ကိစ္စရပ်များကို ဆွေးနွေးပို့ချကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၀ တက်ရောက်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## KBZ Bank Women's League ပြိုင်ပွဲတွင် ထိပ်ဆုံးမှ မြဝတီအသင်း ဂိုးပြတ်အနိုင်ရ

**နေပြည်တော် အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးပြီး KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ်(၁၁) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ ထိပ်ဆုံးမှ မြဝတီအသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။ မြဝတီအသင်းသည် YREO အသင်းကို ခြောက်ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

ချန်ပီယံဆုအတွက် အရေးပါသည့် အဆုံးအဖြတ်ကာလတွင် ထိပ်ဆုံးမှ မြဝတီအသင်းသည် အမှားအယွင်းမရှိ နိုင်ပွဲရယူနိုင်ခဲ့ပြီး ဝင်းသီဂီထွန်း၏ ဟက်ထရစ်အပါအဝင် ဂိုးဒါဇင်ဝက် သွင်းယူကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပွဲအစ နှစ်မိနစ်မှာပင် ဝင်းသီဂီထွန်းက မြဝတီအသင်းအတွက် အဖွင့်ဂိုးစတင်သွင်းယူခဲ့ပြီး ၃၇ မိနစ်တွင် ရူပါခိုင်၊ ၅၃ မိနစ်တွင် ခိုင်သဇင်၊ ၆၀၊ ၈၃ မိနစ်တွင် ဝင်းသီဂီထွန်းတို့က ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ ကျန်တစ်ဂိုးမှာမူ ၇၈ မိနစ်တွင် YREO အသင်း ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ ပွဲစဉ်(၁၁) နောက်ဆုံးနေ့ကို အောက်တိုဘာ ၁၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဇွဲကပင်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **(ရဲရင့်ရှိန်း)**



# ပြင်ဦးလွင်မြို့နယ် ကျင်ကနားကျေးရွာအနီး ပရဆေးဉယျာဉ်မြေနေရာအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၁**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျင်ကနားကျေးရွာအနီး မြန်မာ့တိုင်းရင်းဆေးပရဆေး ဉယျာဉ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြေနေရာကို ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး သားဖွားမီးယပ်ကုဌာန၊ ရောဂါရှာဖွေရေးဌာနရှိ Haematology၊ Microbiology၊ Biochemistry၊ ဓာတ်မှန်ဌာန၊ ခွဲစိတ်ခန်း၊ နှလုံးရောဂါအထူးကုဌာန၊ အထူးကြပ်မတ်ကုသခန်း၊ အကြောအဆစ်ကုဌာနနှင့် ဆောက်လုပ်ပြီးလူနာဆောင်တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သားဖွားသင်တန်းကျောင်း(ပြင်ဦးလွင်)သို့ရောက်ရှိကာ Skill Lab တွင် သားဖွားသင်တန်းသူများ သားဖွားခြင်းကို နမူနာပုံစံအထောက်အကူပြုပစ္စည်းများနှင့် လေ့ကျင့်နေမှုများကို ကြည့်ရှုသည်။ အစည်းအဝေးခန်းမတွင် ကျောင်းအုပ်ကြီး၊ ဆရာမများနှင့် သင်တန်းသူများအားတွေ့ဆုံကာ ဆေးသိုလှောင်ခန်းအား ကြည့်ရှုပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အနီးစခန်းရှိ ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်ရုံးခွဲ) အစည်းအဝေးခန်းမတွင် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဆေးသုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကြီးတစ်ခုလုံး တိုးတက်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သုတေသနလုပ်ဆောင်နိုင်စွမ်း၊ ဝန်ထမ်းတစ်ဦးချင်းစီ၏အရည်အသွေးတိုးတက်စေရန်အတွက် မည်သို့လုပ်ဆောင်သင့်သည်ကို အချင်းချင်းညှိနှိုင်းတိုင်ပင် ဆွေးနွေးကြစေလိုကြောင်း မှာကြားခဲ့သည်။

(သတင်းစဉ်)

# လူထုဗဟိုပြုစီမံကိန်းလုပ်ငန်း တိုးချဲ့ဆောင်ရွက်နိုင်ရေး ဆွေးနွေး

**ရွှေကူ အောက်တိုဘာ ၁၁**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းကို ရွှေကူမြို့နယ်တွင် စီမံကိန်းလုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရန် ကမ္ဘာ့ဘဏ်မှ မစ္စတာ အိုလီဗာ ဂျီအက်စ်ရက်ဆဲလ်နှင့်အဖွဲ့သည် ရွှေကူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ဌာနဆိုင်ရာများ၊ မိတ်ဖက် အဖွဲ့အစည်းများနှင့် အောက်တိုဘာ ၉ ရက် နံနက် ၁၀ နာရီတွင် ဒေသဆိုင်ရာတွေ့ဆုံဆွေးနွေးဆောင်ရွက်ခဲ့သည်။ ယင်းနောက် မွန်းလွဲ ၁ နာရီတွင် ဝေခူးကျေးရွာနှင့် ပန်းတင်ကျေးရွာရှိ ကျေးလက်နေပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( မုံရွာမြို့ )
၂၀၁၇ ခုနှစ် ၊ အောက်တိုဘာလ (၁၃၊ ၁၄၊ ၁၅)ရက်၊ (သောကြာ၊ စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ
မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
မုံရွာတက္ကသိုလ်၊ မုံရွာမြို့။
Gold Sponsors
PREMIER WELLNESS Milk Powder
Silver Sponsors
Nutroplex
Organized by
VII mix

# သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ ဒွါဒသမအကြိမ် ကထိန်သင်္ကန်းကပ်လှူပွဲ ကျင်းပ



**တပ်ကုန်း အောက်တိုဘာ ၁၁**
ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ ဒွါဒသမအကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက်တွင် ကျင်းပသည်။

ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲသို့ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးနှင့် ဇနီးနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများတက်ရောက်ခဲ့ကြပြီး လှူဖွယ်ပစ္စည်းများနှင့် အလှူငွေတို့၏စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၅၅ သိန်းကျော် ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

# ယာဉ်မောင်းလိုင်စင်ဖြေဆိုရန် အွန်လိုင်းမှတစ်ဆင့် အကြိုစာရင်းတင်ထားသူများကို စတင်စစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၁**
ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(မြင်သာ)တွင် ယာဉ်မောင်းလိုင်စင် ဖြေဆိုမည့်သူများ အွန်လိုင်းစနစ်ဖြင့် အကြိုစာရင်းတင်သည့်စနစ်ကို အောက်တိုဘာ ၁ ရက်တွင် စတင်ခဲ့ပြီး ကြိုတင်ရက်ချိန်းယူခဲ့သူများကို အောက်တိုဘာ ၉ ရက်တွင် စတင်စစ်ဆေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(မြင်သာ)မှ သိရသည်။

အောက်တိုဘာ ၁ ရက်တွင် စတင်ခဲ့သည့် အွန်လိုင်းမှ ကြိုတင်ရက်ချိန်းယူသည့်စနစ်တွင် အနည်းဆုံး သုံးရက်မှ အများဆုံး ရက် ၃၀ အထိ ကြိုတင်ရယူထားနိုင်ပြီး အောက်တိုဘာ ၉ ရက်တွင် စတင်စစ်ဆေးမှုများပြုလုပ်ပေးခဲ့ကာ တစ်နေ့တာ ရေးဖြေစစ်ဆေးမှု လေးကြိမ်အတွက် ဖြေဆိုသူ ဦးရေ ၄၀၀ ကို စစ်ဆေးပေးခဲ့ခြင်းဖြစ်သည်။

"အွန်လိုင်းစနစ်နဲ့ ရက်ချိန်းယူတာတွေကို ဒီနေ့ စစ်ဆေးပါတယ်။ စစ်ဆေးချိန် လေးချိန်အတွက် တစ်ကြိမ်မှာ အယောက် ၁၀၀ နဲ့ အယောက် ၄၀၀ ဖြေဆိုခဲ့ပါတယ်။ အွန်လိုင်းက ကြိုတင်တင်ထားတဲ့သူတွေ အကုန်နီးပါး လာဖြေတယ်လို့ ပြောလို့ရပါတယ်။ အဆင်ပြေမှုလည်း ရှိပါတယ်။ ဒါပေမယ့် စစချင်းဆိုတော့ ကိုယ်တိုင်သုံးနေတဲ့ အွန်လိုင်းတွေကနေ ရက်ချိန်းမယူဘဲနဲ့ ရုံးမှာဖွင့်ထားတဲ့ အွန်လိုင်းဌာနကို လာတင်နေတဲ့အခါမှာ အဲဒီနေရာမှာ လူတိုးနေတာလေးတွေ ရှိနေပါတယ်။ တကယ်တော့ အပြင်က ကိုယ်တိုင်သုံးနေတဲ့ ဖုန်းတွေ၊ တက်ဘလက်တွေ၊ ကွန်ပျူတာစနစ်တွေကနေ အလွယ်တကူပဲ အကြိုစာရင်းတင်လို့ရအောင် လုပ်ပေးထားပါတယ်"ဟု ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(မြင်သာ)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အွန်လိုင်းတိုကင်စနစ်ယူရာတွင် www.rtad.gov.mm website သို့ ဝင်ရောက်ရမည်ဖြစ်ပြီး အဆိုပါ ဝက်ဘ်ဆိုက်စာမျက်နှာပေါ်တွင် ယာဉ်မောင်းလိုင်စင်ရေးဖြေ ဖြေဆိုမှုရက်ချိန်း ရယူရန်၊ လျှောက်ထားရန်ကို (Click)ခလုတ် တစ်ချက်နှိပ်ပါက ရွေးချယ်ရမည့် ရက်ချိန်း၊ ရယူလိုသည့် လိုင်စင်၊ လာရောက်ဖြေဆိုမည့်အချိန်၊ လက်ရှိ လိုင်စင်ရှိပါက လိုင်စင်အမှတ်စသည့် လိုအပ်ချက်များကို ဖြည့်စွက်ရမည်ဖြစ်ပြီး လာရောက်ဖြေဆိုမည့် ရုံးနေရာတွင် တိုင်းဒေသကြီးရုံး(မြင်သာ)ကို ရွေးချယ်ရမည်ဖြစ်သည်။

ယင်းနောက် စစ်ဆေးရန်ကို နှိပ်၍ စစ်ဆေးရမည်ဖြစ်ပြီး စစ်ဆေးမှု အောင်မြင်ပါက အိုကေကိုနှိပ်၍ လျှောက်ထားသူ၏ အချက်အလက် အပြည့်အစုံကို ဖြည့်စွက်ရမည်ဖြစ်သည်။ အပြည့်အစုံဖြည့်စွက်ပြီးနောက် လျှောက်ထားရန်ကို နှိပ်ပါက ရက်ချိန်းရယူမှု အောင်မြင်ပါသည်ဟု ပေါ်လာမည်ဖြစ်ပြီး ဒေါင်းလုတ်ရယူနိုင်သလို အဆိုပါဖိုင်အား ပရင့်ထုတ်၍လည်းကောင်း၊ လက်ကိုင်ဖုန်း (သို့မဟုတ်) တက်ဘလက် တစ်ခုခုဖြင့် တင်ပြနိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ယာဉ်မောင်းလိုင်စင် ဖြေဆိုရန် တစ်ရက်လျှင် လိုင်စင်အသစ် ဖြေဆိုသူ ၄၀၀ အထိ လက်ခံပေးမည်ဖြစ်ပြီး တစ်ကြိမ်လျှင် ၁၀၀နှုန်း 'ခ'လိုင်စင် ဖြေဆိုသူ ၈၅ ဦး၊ 'ဃ'နှင့် 'င'လိုင်စင် ဖြေဆိုသူ ၁၅ ဦးဖြင့် လေးကြိမ် ခွဲခြားသတ်မှတ်ထားကြောင်း သိရသည်။ ယင်းတွင် ပထမအကြိမ် နံနက် ၁၀ နာရီမှ ၁၁ နာရီခွဲအထိ (သတင်းပို့ရမည့် အချိန် ၈း၃၀ နာရီ)၊ ဒုတိယအကြိမ် နံနက် ၁၁ နာရီခွဲမှ မွန်းလွဲ ၁ နာရီအထိ (သတင်းပို့ရမည့် အချိန် ၁၀နာရီ)၊ တတိယအကြိမ် မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၃ နာရီ (သတင်းပို့ရမည့်အချိန် မွန်းတည့် ၁၂ နာရီ)၊ စတုတ္ထအကြိမ် ညနေ ၃ နာရီမှ ၄ နာရီခွဲအထိ (သတင်းပို့ရမည့်အချိန် မွန်းလွဲ ၁ နာရီခွဲ)တို့ဖြစ်ကြောင်း သိရသည်။



အလားတူ ယင်းသို့ ရေးဖြေ ဖြေဆိုပြီးနောက် လက်တွေ့စစ်ဆေးခြင်းကိုလည်း လက်ရှိတွင် ရွာသာကြီး၌ စစ်ဆေးပေးလျက်ရှိပြီး ထပ်မံ၍ တောင်ပိုင်းခရိုင်ရုံး(သန်လျင်)တွင် နေရာခွဲစစ်ဆေးပေးနိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**သတင်း-ဆုနှင်းလဲ့၊ ဓာတ်ပုံ-ခင်မောင်ဝင်း**

# မုံရွာကလေးစာပေပွဲတော်ကျင်းပရန်အတွက် ကြိုတင်ပြင်ဆင်မှုများ စတင်ဆောင်ရွက်

**မုံရွာ အောက်တိုဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်ကို အောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက်အထိ မုံရွာတက္ကသိုလ်ဘက်စုံခန်းမအဆောက်အအုံ၌ ကျင်းပမည်ဖြစ်သည်။

ကလေးစာပေပွဲတော် ကျင်းပမည့် မုံရွာတက္ကသိုလ်ဘက်စုံခန်းမအဆောက်အအုံ၌ ပြခန်းများအလိုက် ခင်းကျင်းပြသနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ယနေ့နံနက်ပိုင်းမှစ၍ ဆောင်ရွက်လျက်ရှိသည်။

ကလေးစာပေပွဲတော်၏ အဓိကရည်ရွက်ချက်ဖြစ်သည့် ကလေးစာပေများခင်းကျင်းပြသနိုင်ရန်အတွက် စာအုပ်စင်များနှင့် ဆရာကြီးမင်းသုဝဏ်၏ စာပေမှတ်တမ်း၊ စာအုပ်များနှင့် ဓာတ်ပုံပြခန်းကိုတက္ကသိုလ်ခန်းမထဲတွင် ပြသနိုင်ရန်အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက ပြင်ဆင်ဆောင်ရွက်မှုများ စတင်ဆောင်ရွက်လျက်ရှိသည်။

ကလေးစာပေပွဲတော်ကို ကလေးများ၏ဉာဏ်ရည်ဉာဏ်သွေးနှင့် အတွေးအခေါ်အယူအဆများထက်မြက်လာစေရန်၊ တီထွင်ဖန်တီးလိုစိတ်များရင့်သန်လာစေရန်၊ စာပေနှင့်ရင်းနှီးပြီး စာဖတ်ခြင်းတွင်ပျော်မွေ့လာတတ်စေရန်နှင့် ကလေးများ၏ ပျော်ရွှင်မှုကို ဖန်တီးပေးရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ကလေးစာပေပွဲတော်ရက်များအတွင်း စစ်ကိုင်းတိုင်းဒေသကြီးရှိအခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များ၊ ကလေးများ ပျော်ရွှင်စေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန် ရည်ရွယ်၍ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများ၊ ဂိမ်းကစားနည်းများ အစရှိသည့် အစီအစဉ်များစွာကို ကျင်းပသွားမည်ဖြစ်သည့်အပြင် စာပေဟောပြောပွဲနှင့် ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

စာပေဟောပြောပွဲတွင် စာရေးဆရာ ဦးအောင်ဗိုလ်ဝင်း (ဗိုလ်မြန်မာ)၊ ဒေါ်မြမြဆွေ(စိတ်ပညာ)၊ ဦးရဲလွင်(ရဲသျှမ်း)၊ ဦးဇော်နောင်ဟိန်း(Guitar)၊ ဒေါက်တာတင်ဝင်းနှင့် ဘာမထီခင်အောင်(ရွှေဘို)တို့က ပွဲတော်ရက်များအတွင်း ဟောပြောသွားမည်ဖြစ်သည်။

ထို့ပြင် ကလေးစာပေမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲတွင် "စာဖတ်အကျင့် တိုးမြှင့်မြတ်နိုး၊ ဘက်စုံတိုးတက်ကလေးတို့အတွက်"၊ "စာဖတ်ခြင်းအကျိုးကျေးဇူး"၊ "ပြည်သူ့နီတိနှင့် လူငယ်အစိုးရအဖော်ကောင်းပြည်သူ့ကျောင်း" စသည့် ခေါင်းစဉ်များဖြင့် ပွဲတော်ရက်များအတွင်း ဆွေးနွေးသွားမည်ဖြစ်ပြီး မည်သူမဆိုဝင်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။

ကလေးစာပေပွဲတော် မုံရွာတွင် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ တာဝန်ရှိသူများက ပွဲတော်သို့ လာရောက်သည့် ကလေးငယ်များ၊ ကျောင်းသားကျောင်းသူများနှင့် စာပေချစ်မြတ်နိုးသည့် မိဘပြည်သူများအား စာအုပ်စာစောင်များကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်ရန်အတွက် စာအုပ်ဆိုင် ၆၄ ဆိုင်ကို ခင်းကျင်းဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်မင်းဟန်**

**ဓာတ်ပုံ-သန်းမင်းအောင်**




# ရခိုင်ပြည်နယ်၏ ကျန်းမာရေးဝန်ထမ်းလိုအပ်ချက်ဖြည့်ဆည်းနိုင်ရေး သင်တန်းများဖွင့်လှစ်၍ သူနာပြုနှင့် သားဖွားဆရာမများ မွေးထုတ်ပေးလျက်ရှိ

**စစ်တွေ အောက်တိုဘာ ၁၁**

ရခိုင်ပြည်နယ်၏ ကျန်းမာရေးဝန်ထမ်းလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရေးအတွက် စစ်တွေမြို့တွင် သူနာပြုနှင့်သားဖွားသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးကာ သူနာပြုနှင့် သားဖွားဆရာမများကို မွေးထုတ်ပေးလျက်ရှိသည်။

သင်တန်းတွင် သူနာပြုဒီပလိုမာ သုံးနှစ်သင်တန်းနှင့် တွဲဖက်လျက် သားဖွားဒီပလိုမာ နှစ်နှစ်သင်တန်းများကိုလည်း ပုံမှန်ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သူနာပြုသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုဇံက ပြောသည်။

"၁၉၆၃ ခုနှစ်ဝန်းကျင်ကတော့ သားဖွားသင်တန်း တစ်ခုတည်း ဖွင့်လှစ်ခဲ့တာပါ။ ၁၉၉၃ ခုနှစ်ကျမှ သူနာပြုနဲ့ သားဖွားသင်တန်းကျောင်းဆိုပြီး တွဲဖက်ဖွင့်လှစ်ခဲ့တာပါ။ ခုလက်ရှိ ၂၀၁၂ ခုနှစ်ကနေပြီး ၂၀၁၇ ခုနှစ် အထိတော့ စာသင်နှစ်တစ်နှစ်ကို ကျောင်းသူ ၇၅ ဦးခန့် သင်ကြားမွေးထုတ်ပေးလျက်ရှိပါတယ်" ဟု ကျောင်းအုပ်ဆရာမကြီးက ဆက်လက်ရှင်းပြသည်။

စစ်တွေမြို့ရှိ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသည် ၁၉၉၃ ခုနှစ်က ဆောက်လုပ်ခဲ့သော စာသင်ဆောင်ဖြစ်ပြီး သင်တန်းသူ ၁၅၀ ခန့်သာ တက်ရောက်သင်ကြားနိုင်ခဲ့သော အဆောက်အအုံဖြစ်သည်။ ယခုအခါ သင်တန်းသူအရေအတွက် များပြားလာလျက်ရှိရာ အခြေခံအဆောက်အအုံ လုံလောက်မှုမရှိသောကြောင့် ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာ ဒုတိယပတ်မှစတင်၍ သုံးထပ်စာသင်ဆောင် ဆောက်လုပ်သွားမည် ဖြစ်ပြီး ကျန်းမာရေးကဏ္ဍအတွက် လိုအပ်လျက်ရှိသော သူနာပြုနှင့်သားဖွားဆရာမများကို ဆက်လက်သင်ကြားမွေးထုတ်ပေးသွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း - အောင်ကျော်ဦး**

**ဓာတ်ပုံ-ဟန်လင်းနိုင်**

**(စစ်တွေ-ကိုယ်ပွား)**



■ **ဆိပ်ဖြူမြို့နယ်မှ**

ယောချောင်းတံတား(ကံတွင်း)ကို ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုငွေဖြင့် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ယောချောင်းတံတား(ကံတွင်း)သည် ချင်းပြည်နယ်နှင့် ယောဒေသတို့မှ အခြေခံ၍ စီးဆင်းလာသော ယောချောင်းကို ဖြတ်သန်းတည်ဆောက်ပေးထားသည့်တံတားတစ်စင်းဖြစ်ပြီး ၂၀၁၀ ခုနှစ်တွင် အိုတူးဘီမုန်တိုင်းအန္တရာယ်ကြောင့် တံတားရေတိုက်စားခံခဲ့ရပြီး ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ၊ ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာအခက်အခဲများကို တွေ့ကြုံခဲ့ရကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ယောချောင်းတံတား(ကံတွင်း)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေး(၂) တံတားအထူးအဖွဲ့(၅) ဆိပ်ဖြူမှ တာဝန်ယူတည်ဆောက်ပေးမည်ဖြစ်ကြောင်း၊ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး အောက်ခံအုတ်မြစ် (1.2 m Bored )၊ တံတားကိုယ်ထည် (သံကူကွန်ကရစ် ကမ်းကပ်ခုံနှင့်ရေလယ်တိုင်)၊ တံတားအပေါ်ထည် (100' PC Girder သံကူကွန်ကရစ် ကြမ်းခင်းနှင့် လက်ရန်း)ဖြစ်ပြီး တံတားအရှည် ပေ ၉၀၀၊ ခန်းဖွင့် ၁၀၀ ပေ ကိုးခန်း၊ တံတားအကျယ်ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် ဘေးတစ်ဖက်တစ်ချက်လျှင် သုံးပေစီပါဝင်မည်ဖြစ်ကာ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်တန် ၆၀ ဖြစ်ကြောင်း၊ ယခင်ယောချောင်းကူးတံတား အရှည်ပေ ၅၆၀၊ အမြင့်ပေ ၂၀ ရှိခဲ့ပြီး အသစ်တည်ဆောက်ပေးမည့် ယောချောင်းတံတား(ကံတွင်း) အရှည်ပေ ၉၀၀၊ အမြင့် ၃၃ ပေဖြစ်ကြောင်း၊ မြေတိုင်းတာခြင်းလုပ်ငန်းများကို ၂၀၁၇ ခုနှစ် ဇွန် ၆ ရက်မှစတင်၍ ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကနဦးခွင့်ပြုငွေကျပ်သန်း ၁၀၀၀ ခွင့်ပြုပေးထားကြောင်း၊ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်တို့တွင် အိုတူးဘီမုန်တိုင်းနှင့် ဂီရိမုန်တိုင်းတို့ကြောင့် ချောင်းရေကြီးမှုတွင် ရေရောက်ရှိခဲ့သည့် ရေအမြင့်ထက်မှ တည်ဆောက်မည် ဖြစ်ကြောင်း တံတားအထူးအဖွဲ့(၅) ဆိပ်ဖြူမှ ယောချောင်းတံတား(ကံတွင်း)တည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာက ပြောသည်။

**စိုးလင်းနိုင်(IPRD)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ အောက်တိုဘာလ ၁၀ ရက်နေ့ကပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် စက်တင်ဘာ ၉ ရက်မှ ၂၂ ရက်အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ လေးဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ သတင်းစာတစ်ဦး၊ မဂ္ဂဇင်းငါးဦး၊ အထွေထွေ ၁၁ ဦး ပေါင်း ၁၇ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်လိုသူ သုံးဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့သည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၅၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၂၁၆ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၈၄ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၇၅၉ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

❖ **လင်းပိုင်ထိန်းသိမ်းရေးမှ**

ဒီတစ်ခေါက်တော့ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ ရေလုပ်သားတွေအပါအဝင် အမြင်စုံအောင် လေ့လာသွားဖို့လည်း ရှိပါတယ်။ ပုံမှန်နှစ်တွေကတော့ ဆောင်းအကုန်နွေဘက်အကူး ဖေဖော်ဝါရီလလောက်မှာ ထိန်းသိမ်းရေးနဲ့ သုတေသနခရီးစဉ် တစ်ခေါက်ပဲ လုပ်ပေမယ့် ဒီနှစ်တော့ သုံးခေါက်လုပ်ဖို့ ရှိပါတယ်" ဟု ၎င်းက ပြောသည်။

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာတိုးချဲ့နိုင်ရေး ရည်ရွယ်ထားမှုမှာ တတိယမြစ်ကျဉ်းထိပ်ဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မလယ်ရွာမှ ဒုတိယမြစ်ကျဉ်းထိပ်ဖြစ်သော ကချင်ပြည်နယ် ရွှေဂူမြို့အထိဖြစ်ကြောင်း၊ ယခုသုတေသနခရီးစဉ်သည် ယခုနှစ်၏ ဒုတိယမြောက်ခရီးစဉ်ဖြစ်ပြီး ဇွန်လပိုင်း ငါးရစ်ငါးသန်ကာလ တရားမဝင် ငါးဖမ်းဆီးမှုမဖြစ်ပွားရေး ပူးပေါင်းကင်းလှည့်မှုလည်း ဆောင်ရွက်ခဲ့ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးတာဝန်ခံ ဦးကျော်လှသိန်းက ပြောသည်။

ယခုခရီးစဉ်တွင် မန္တလေး၊ စစ်ကိုင်း၊ ကချင်ပြည်နယ်တို့မှ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူ ရှစ်ဦးက ခရီးစဉ်အစမှ အဆုံးထိ ထိန်းသိမ်းရေး သုတေသနလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၁၀ ရက်မှ စတင်သော ခရီးစဉ်မှာ နှစ်ပတ်ခန့် ကြာမြင့်မည်ဟု ခန့်မှန်းထားကြောင်း၊ ရွှေဘိုမြို့နယ်နှင့် ထီးချိုင့်မြို့နယ်တို့မှ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများလည်း ယင်းတို့၏ နယ်မြေအတွင်း သုတေသနခရီးစဉ်တွင် ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။



၂၀၁၇ ခုနှစ် ဇန်နဝါရီလ သုတေသနပြုလုပ်ချက်အရ ဧရာဝတီလင်းပိုင်အကောင်ရေ ၆၉ ကောင် နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

**(ညီတူး)**

# ယာဉ်မောင်းအိပ်ငိုက်ပြီး ရှေ့မှယာဉ်အားဝင်တိုက်



**နေပြည်တော် အောက်တိုဘာ ၁၁**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ယာဉ်မောင်းအိပ်ငိုက်ပြီး ရှေ့မှမောင်းနှင်နေသော ယာဉ်အား ဝင်တိုက်မိ၍ ယာဉ်မှာ လမ်းဘေးမြောင်းထဲသို့ ကျသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမြန်လမ်းမကြီး၏ ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းပိုင်း မိုင်တိုင် (၉၁/၂) နှင့် (၉၁/၃)အကြား နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ အောင်နိုင် မောင်းနှင်လာသော ပရိုဘောက်ယာဉ်မှ ယနေ့နံနက် ၇ နာရီ ၁၅ မိနစ်က ယာဉ်မောင်း အိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ ရှေ့မှ ဦးမြင့်ရွှေ မောင်းနှင်နေသည့် ဟိုက်ဂျက်ယာဉ်၏ နောက်ပိုင်းအား ဝင်တိုက်ခဲ့ရာ ဟိုက်ဂျက်ယာဉ်မှာ လမ်းယာဘက်ဘေးမြောင်းထဲသို့ ထိုးကျခဲ့သည်။

ဖြစ်စဉ်ကြောင့် ပရိုဘောက်ယာဉ်မောင်း အောင်နိုင်မှာ ထိခိုက်မှုမရှိသော်လည်း ဟိုက်ဂျက်ယာဉ်မောင်း ဦးမြင့်ရွှေမှာ ဒဏ်ရာအနည်းငယ်ရရှိသွားကြောင်း သိရသည်။ သို့ပါ၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ အောင်နိုင်အား မြို့ချောင်းအမြန်လမ်းရဲတပ်ဖွဲ့က အရေးယူထားကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)၊ ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် အစီး ၃၁၀၊ သွင်းကုန် ၃၅၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန်အစီး ၄၀၊ သွင်းကုန် ၁၁၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၅၈၇ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၅၈၅ သန်းခန့်) စုစုပေါင်း တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၁၇၂ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၁၀ ရက်တွင် မူဆယ်သို့ သွားရောက်မည့် ယာဉ်များအား သတင်းအရ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများပြုလုပ်စဉ် မိုင်တိုင် (၁၉၇/၅) စံလောင်းကျေးရွာအနီး၌ ရပ်တန့်ထားသော Toyota Mark II Blit ယာဉ်တစ်စီးနှင့် Toyota Mark II ယာဉ်တစ်စီးတို့ မသင်္ကာဖွယ်ရပ်တန့်ထားသည်ကိုတွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသားရွှေသစ် ၆၃ တုံး (၁ ဒသမ ဝ၃၈၆ )တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၁၁၅ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လုယက်မှုကျူးလွန်သူများအား စစ်ဆေးရာမှ လုယက်မှုကိုးမှု ဖော်ထုတ်ရရှိ

**ရန်ကုန် အောက်တိုဘာ ၁၁**

လုယက်မှုများကျူးလွန်ထားကြောင်း သတင်းရရှိထားသူ သက်နိုင်ထွန်း(ခ) သန်းနိုင်၊ သက်နိုင်အောင်(ခ)မင်းခန့်၊ ဇင်မျိုးထိုက်(ခ) စတစ်နှင့် ဖိုးလပြည့်တို့အား ဆိုင်ကယ်တစ်စီး၊ ဖုန်းနှစ်လုံးနှင့်အတူ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၆၀)ရပ်ကွက် စွယ်တော်ရိပ်လမ်းပေါ်တွင် အောက်တိုဘာ ၆ ရက် နံနက် ၅ နာရီက နယ်မြေလှည့်ကင်းဆောင်ရွက်နေသော ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့များက တွေ့ရှိ၍ စစ်ဆေးရာမှ လုယက်လာကြောင်း ပေါ်ပေါက်သဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့မရဲစခန်း၌ အမှုဖွင့်ကာ အရေးယူဆောင်ရွက်ခဲ့သည်။



ဖမ်းဆီးရမိသူတို့အား အသေးစိတ်ထပ်မံစစ်ဆေးခဲ့ရာ ချစ်ကို(ခ) စန်းမျိုးဦးနှင့်အတူ အခြားလုယက်မှုများကျူးလွန်ထားကြောင်း ပေါ်ပေါက်သဖြင့် ချစ်ကို(ခ) စန်းမျိုးဦးအား ၎င်းနေထိုင်သည့် (၆၀)ရပ်ကွက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့အား စစ်ဆေးရာ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်မှ ဆိုင်ကယ်ငါးစီး၊ ဖုန်းနှစ်လုံး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်မှ ဆိုင်ကယ်လေးစီး၊ ဖုန်းတစ်လုံး စုစုပေါင်း ဆိုင်ကယ် ကိုးစီး၊ ဖုန်းသုံးလုံးတို့အား ဓားထောက်လုယက်၍ ရောင်းချထားကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်းများကို သိမ်းဆည်းခဲ့ပြီး သက်ဆိုင်ရာ ရဲစခန်းများ၌ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

# ဘိန်းဖြူ၊ အိုက်စ်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၁**

မူးယစ်တပ်ဖွဲ့စု(၇) တမူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီခန့်တွင် တမူးမြို့ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ် သံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ပောင်မင်းထန် (အိန္ဒိယနိုင်ငံသား) မောင်းနှင်ပြီး ဆေးမင်ထန် (အိန္ဒိယနိုင်ငံသား) လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ပောင်မင်းထန်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ကိုလည်းကောင်း၊ ယင်းနေ့နံနက် ၁၁ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၄၅) ရန်ကုန်လေဆိပ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal (1) ပြည်ပထွက်ခွာ Gate(3)X-Ray စက်တွင် ခရီးသည် လာကြိုသူ ဝင်းပတ်ဖူးအား ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀ ကိုလည်းကောင်း၊ ညနေ ၃ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ရန်အောင်မြေလမ်းတွင် အောင်ဇော်အား မော်တော်ဆိုင်ကယ်နှင့်အတူ တွေ့ရှိ၍ ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၇၀ နှင့် အိုက်စ် ၅ ဂရမ်တို့ကိုလည်းကောင်း၊ တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် အာခါဈေးလမ်း အမှတ်(ဝက-၉၆)၊ အခန်း (၅)ရှိ ၎င်း၏နေအိမ်ကို ရှာဖွေရာ အိုက်စ် ၉၀၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။



အောင်ဇော်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ မူးယစ်တပ်ဖွဲ့စု(၂၈) ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့ နောင်ဖာရဲကင်းရှေ့လမ်းတွင် ယားပါမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ ဘိန်းဖြူ ၇ ဒသမ ၈ ဂရမ် နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ အောက်တိုဘာ ၇ ရက် ညနေ ၅ နာရီခန့်က တပ်မတော်သားများသည် မဘိမ်းမြို့၏အရှေ့မြောက်ဘက် ၂၈ မိုင်ခန့်အကွာ တောလမ်းဘေးရှိ မိုးကာတဲကို ရှာဖွေရာ ဆန်ကျင်အားတွေ့ရှိရပြီး ၎င်းထံမှ ဘိန်းဖြူ သုည ဒသမ ၄ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ တို့ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မကွေးမြို့မရဲစခန်းမှ အချုပ်သားခြောက်ဦး ထွက်ပြေးလွတ်မြောက်

**မကွေး အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့မရဲစခန်း၌ ယနေ့နံနက်ပိုင်းက အချုပ်သားခြောက်ဦး အချုပ်ခန်းဖောက်၍ ထွက်ပြေးလွတ်မြောက်သွားကြောင်း မကွေးမြို့မရဲစခန်းမှ ကနဦးသတင်းအရ သိရသည်။

လွတ်မြောက်သွားသော အချုပ်သားများမှာ အချုပ်ခန်း အခန်း(၆)မှ မုဒိမ်းမှုဖြင့် အချုပ်ကျနေသည့် အချုပ်သား လေးဦး၊ မူးယစ်တစ်ဦးနှင့် ခိုးမှုတစ်ဦး ပေါင်းခြောက်ဦးဖြစ်ပြီး နံနက် ၃ နာရီကျော်ခန့်က CCTV ကင်မရာစစ်ဆေးချက်အရ အချုပ်ခန်းခေါင်မိုးကို ဖောက်၍ ထွက်ပြေးသွားကြောင်း မြို့မရဲစခန်းစခန်းမှူး ဒု-ရဲမှူးဝင်းကျော် ပြောပြချက်အရ သိရသည်။ ထွက်ပြေးနေသည့် အချုပ်သားများဖမ်းမိရန် ကြိုးစားဆောင်ရွက်လျက်ရှိပြီး ယခုလောလောဆယ် တာဝန်ကျကင်းမှူးနှင့် ကင်းတပ်သား ခြောက်ဦးတို့ကို ရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေနှင့် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ အချုပ်ခန်းဖောက်၍ ထွက်ပြေးနေသူများမှာ စကုမြို့နယ် မင်းရွာနေ ဘိုဘိုလတ်၊ မကွေးမြို့အထက်ပွဲကြိုရပ်နေ စိုင်းသီဟ၊ မကွေးမြို့ မြင်ကွန်းကျေးရွာနေ ချစ်ကို၊ မကွေးယင်းဆိပ်ကျောင်းတော်ဦးကျေးရွာနေ အောင်ဇော်လင်းနှင့် သိန်းမင်းထိုက်၊ မကွေးမြို့အလပ်ကျေးရွာနေ ခိုင်စိုးတို့ဖြစ်ကြောင်း သိရသည်။

**မြတ်ဟိန်းကျော်(ကော့မှူး)**

# ဘိုကလေးကျေးရွာ၌ ပြောင်ချိုများ သိမ်းဆည်းရမိ

**ကျို္ကလီ အောက်တိုဘာ ၁၁**

ကျို္ကလီမြို့ ဘိုကလေးကျေးရွာ၌ အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီက ပြောင်ချိုများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘိုကလေးကျေးရွာ သင်္ချိုင်းအတွင်းသို့ အသက် (၅၀) ခန့်ရှိ အမျိုးသားတစ်ဦးသည် အထုပ်တစ်ထုပ် ကိုင်ဆောင်၍ ဝင်ရောက်သွားကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးထံ သတင်းပေးပို့လာသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးက ဘိုကလေး သစ်တော တောခေါင်းဦးကြည်လင်းထံ သတင်းပေးပို့ရာ တောခေါင်း ဦးကြည်လင်း၊ သစ်တောတပ်ကြပ် ဝေလင်းဇော်၊ စစ်ဘက်ရေးရာ လုံခြုံရေးအဖွဲ့မှ တပ်ကြပ်ကြီး မင်းထင်အောင်၊ သတင်းရဲတပ်ဖွဲ့မှ ဒု-တပ်ကြပ် နေမင်းထွန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်စိုးတို့နှင့် ပူးပေါင်းပြီး သွားရောက်စစ်ဆေးရာ ၎င်းမှာ ထွက်ပြေးသွားပြီး အထုပ်အား ပစ်ချထားခဲ့ကြောင်း သိရသည်။



ပစ်ချထားခဲ့သော အထုပ်အား ပူးပေါင်းအဖွဲ့က စစ်ဆေးရာ ပြောင်ချိုအကြီး အကျယ် ၂ ပေ ၅ လက်မရှိ ချိုနှစ်ချောင်း၊ ပြောင်ဦးခေါင်း အရှည် ၁ ပေ ၅ လက်မ၊ အနံ ၁ ပေ၊ ပြောင်ချိုအသေး အကျယ် ၉ လက်မနှင့် ၁ လက်မရှိသော ချိုနှစ်ချောင်း၊ ဦးခေါင်း၏ အရှည်မှာ ၁ ပေ ၅ လက်မ၊ အနံ ၁ ပေရှိ၍ ပြောင်ဦးခေါင်းနှင့် ချိုများကို တွေ့ရှိရသဖြင့် မြို့နယ်သစ်တောဦးစီးဌာနက ထိန်းသိမ်းထားပြီး အမှုဖွင့်ဆောင်ရွက်နိုင်ရေးနှင့် တရားခံအား ဖမ်းဆီးရမိရေးအတွက် ကျို္ကလီမြို့မရဲစခန်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြင်သစ်၊ ပေါ်တူဂီနဲ့ အာဂျင်တီးနားတို့လည်း ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ကြပြီ

**အောက်တိုဘာ ၁၁ ရက် မနက်အစောပိုင်းက ဇုန်အလိုက် ယှဉ်ပြိုင်ခဲ့တဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွေဟာ အတော်ကိုအကြိတ်အနယ်ရှိခဲ့ပြီး နာမည်ကြီး ပြင်သစ်၊ ပေါ်တူဂီ၊ အာဂျင်တီးနားနဲ့ ကိုလံဘီယာအသင်းတို့ဟာ ကမ္ဘာ့ဖလား ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ခဲ့ကြပါတယ်။ အာရှဇုန်မှာ ထပ်ကျော့ခြေစစ်ပွဲအဖြစ်နွှဲခဲ့တဲ့ ဩစတြေးလျနဲ့ ဆီးရီးယားအသင်းတို့ ပွဲစဉ်မှာတော့ ဩစတြေးလျအသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူကာ နှစ်ကျော့ပေါင်း သုံးဂိုး-နှစ်ဂိုးနဲ့ စစ်ဒဏ်သင့် ဆီးရီးယားပရိသတ်တွေကို အသည်းခွဲပြီး ရုရှားမြေကို ခြေချခွင့်ရယူသွားပါတယ်။**

## ကတိတည်တဲ့ စီရိုနယ်လ်ဒို

ဥရောပချန်ပီယံ ပေါ်တူဂီအသင်းက ဆွစ်ဇာလန်အသင်းကို လစ္စဘွန်းမြို့မှာ နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ယူပြီး ကမ္ဘာ့ဖလားခြေစစ်ပွဲ တိုက်ရိုက်အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ စူပါစတား စီရိုနယ်လ်ဒိုရဲ့ ပေါ်တူဂီဟာ ဘောလုံးပိုင်ဆိုင်မှု၊ ဂိုးပေါက်ခြိမ်းခြောက်မှုတို့မှာ ဆွစ်ဇာလန်ကို အသာယူနိုင်ခဲ့ပေမယ့် ဆွစ်ဇာလန်ကလည်း သရေကစားနိုင်ရုံနဲ့ တိုက်ရိုက်ခြေစစ်ပွဲအောင်မှာဖြစ်လို့ ပေါ်တူဂီရဲ့တိုက်စစ်ကို မာမာထန်ထန် ဖျက်ထုတ်နေခဲ့လို့ ပေါ်တူဂီတို့ အိမ်ကွင်းမှာ ရှန်းကန်ခဲ့ရပါတယ်။

ဒါပေမယ့် ပွဲချိန် မိနစ် ၄၀ မှာတော့ ဆွစ်ဇာလန်ရဲ့ ဂျိုဟန်ဂျိုရူးက ကိုယ့်ဂိုးကိုယ် သွင်းယူမိခဲ့တာကြောင့် ပေါ်တူဂီတို့ အိမ်ကွင်းမှာ ဦးဆောင်ဂိုး ရသွားခဲ့ပါတယ်။ အဲဒီနောက် ဗယ်လန်တီဆေးလ်ဗားက ပွဲချိန် ၅၇ မိနစ်မှာ



ပေါ်တူဂီအတွက် အနိုင်သေချာစေခဲ့တဲ့ ဒုတိယဂိုးကို ထပ်မံသွင်းယူပြီး ပေါ်တူဂီဟာ ဥရောပဇုန်မှာ ပြင်သစ်၊ ဂျာမနီ၊ စပိန်၊ အင်္ဂလန်၊ ပိုလန်၊ ဆားဘီးယား၊ ဘယ်လ်ဂျီယံနဲ့ အိုက်စလန်တို့နဲ့အတူ တိုက်ရိုက်ခြေစစ်ပွဲအောင်ခဲ့ပါတယ်။

ပေါ်တူဂီဟာ ယခုပွဲမယှဉ်ပြိုင်မီ ဆွစ်ဇာလန်ထက် ရမှတ်သုံးမှတ်လျော့နည်းနေခဲ့ပေမယ့် နိုင်သင့်တဲ့ပွဲကို အနိုင်ကစားနိုင်ခဲ့ပြီး ကမ္ဘာ့ဖလားတိုက်ရိုက် ဝင်ခွင့်လက်မှတ်ကို ယူသွားခဲ့ပါတယ်။ ပေါ်တူဂီအသင်းခေါင်းဆောင် စီရိုနယ်လ်ဒိုက ဒီပွဲမတိုင်မီကတည်းက ပေါ်တူဂီအနေနဲ့ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်မှာဖြစ်ပြီး ဒီအတွက် စိုးရိမ်မှုမရှိဘူးလို့ ပြောကြားခဲ့ဖူးတာကြောင့် စီရိုနယ်လ်ဒိုတစ်ယောက် ကတိအတိုင်း စွမ်းဆောင်နိုင်ခဲ့ပါတယ်။

ယခုပွဲမှာ အရေးနိမ့်ခဲ့တဲ့ ဆွစ်ဇာလန်ကတော့ ဆွီဒင်၊ အီတလီ၊ မြောက်အိုင်ယာလန်၊ အိုင်ယာလန်၊ ဒိန်းမတ်၊ ဂရိ၊ ခရိုအေးရှားတို့နဲ့အတူ ပြန်ကန်ပွဲကစားပြီး ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ရေး ကြိုးပမ်းတော့မှာဖြစ်ပါတယ်။ ဒီရှစ်သင်းထဲကမှ လေးသင်းဟာ ကမ္ဘာ့အဆင့် သတ်မှတ်ချက်အရ ဦးစားပေးအသင်းအဖြစ် သတ်မှတ်ခံရပြီး ဘယ်အသင်းနဲ့ ကျရောက်မယ်ဆိုတာ မဲခွဲမှုကို လာမယ့်ရက်သတ္တပတ်အတွင်း ပြုလုပ်သွားမှာဖြစ်ပါတယ်။

## ဝေဖန်မှုတွေကို နှုတ်ဆိတ်သွားစေခဲ့တဲ့ မက်ဆီ

၂၀၁၄ ကမ္ဘာ့ဖလားမှာ ဒုတိယရခဲ့တဲ့ အာဂျင်တီးနားအသင်းက ကမ္ဘာ့ဖလားနောက်ဆုံးခြေစစ်ပွဲမှာ အီကွေဒေါအသင်းကို မက်ဆီရဲ့ သွင်းဂိုးသုံးဂိုး (ဟက်ထရစ်ဂိုး)တွေနဲ့ အဝေးကွင်းမှာ အနိုင်ကစားပြီး ရုရှားမြေဆီ အရောက်ချီနိုင်ခဲ့ပါတယ်။ အာဂျင်တီးနားအသင်းဟာ အခုပွဲမတိုင်မီ ယှဉ်ပြိုင်ခဲ့တဲ့ ခြေစစ်ပွဲသုံးပွဲစလုံးမှာ သရေရလဒ်သာ ထွက်ပေါ်ခဲ့တာကြောင့် မက်ဆီ မပါတဲ့ ကမ္ဘာ့ဖလားကို ကြည့်ရတော့မလားဆိုပြီး အမျိုးမျိုးဝေဖန်ခဲ့ကြပေမယ့် အကျပ်အတည်းအချိန်မှာ အကောင်းဆုံးကစားသမားဆိုတာ ဘယ်လိုလူမျိုးကို ခေါ်တာလဲဆိုတာကို မက်ဆီက သက်သေပြသွားခဲ့တဲ့ ပွဲလို့ ဆိုရမှာပါ။ အာဂျင်တီးနားဟာ ၄-၃-၃ ကစားကွက်နဲ့ ပွဲထွက်လာခဲ့ပြီး အနိုင်ရလဒ်အတွက် တရစပ်တိုက်စစ်ဆင်ခဲ့ပေမယ့် ပြိုင်ဘက်အသင်းထက် ဂိုးဖန်တီးမှု၊ ဂိုးပေါက်ခြိမ်းခြောက်မှု အပိုင်းတွေမှာ သာလွန်ခဲ့ခြင်းမရှိခဲ့ဘူး။ ဒါပေမယ့် ကမ္ဘာ့အကောင်းဆုံးကစားသမားကို ပိုင်ဆိုင်ခွင့်ရထားတဲ့ အာဂျင်တီးနားက ရလဒ်ကို အပြောင်းအလဲပြုနိုင်ခဲ့တာလို့ ဆိုရမှာဖြစ်ပါတယ်။

အီကွေဒေါအသင်းဟာ ပွဲအစ တစ်မိနစ်မှာပဲ ဦးဆောင်ဂိုးရသွားခဲ့ပေမယ့် ဒီမာရီယာရဲ့ မက်ဆီက ဖန်တီးပေးပို့မှုကနေ အာဂျင်တီးနားအတွက် ချေပဂိုးကို သွင်းယူသွားခဲ့ပြီး နောက်ထပ် ၁၀ မိနစ် မပြည့်ခင်မှာဘဲ ဒုတိယဂိုးကို ထပ်မံသွင်းယူခဲ့ပါတယ်။ အဲဒီနောက် အာဂျင်တီးနားက ပွဲရလဒ်ကို ထိန်းဖို့ ပြိုင်ဘက် အားနည်းချက် အခွင့်အရေးကိုကြည့်ပြီး စိတ်ရှည်ရှည်နဲ့ ကစားသွားခဲ့လို့ ပွဲချိန် ၆၂ မိနစ်မှာတော့ မက်ဆီကပဲ တတိယဂိုးကို သွင်းယူခဲ့ပြီး အာဂျင်တီးနားကို ကမ္ဘာ့ဖလားပြိုင်ပွဲဆီ အရောက်ပို့ပေးခဲ့ပါတယ်။




***နေမာ-ကာဗာနီ အဖြစ်မျိုးကို ရီးယဲလ်ရှောင်ရှားနိုင်ရန် ရီးယဲလ်၏ ပင်နယ်တီများကိုစီရိုနယ်လ်ဒို ကန်သွင်းမည်***

ပီအက်စ်ဂျီအသင်းတွင် ပင်နယ်တီ လုကန်ရင်း ပြဿနာဖြစ်ခဲ့သော နေမာနှင့် ကာဗာနီတို့လို အဖြစ်မျိုး ရီးယဲလ်ရှောင်ရှားနိုင်မည်ဟု ယုံကြည်မှုအပြည့်အဝရှိကြောင်း အသင်းခေါင်းဆောင် ရာမို့စ်က ပြောကြားခဲ့သည်။

ရာမို့စ်က "ခရစ္စတီယာနိုက ပင်နယ်တီတွေကို တာဝန်ယူပါမယ်။ သူကွင်းထဲမှာ မရှိရင်တော့ ကျွန်တော့်တာဝန်ပါ။ ပွဲတစ်ပွဲမကစားမီတိုင်းမှာ တတိယလူတစ်ယောက်က ဒီတာဝန်ကို ဘယ်သူယူမလဲဆိုတာ ပုံစံထုတ်ပေးထားရမှာဖြစ်ပါတယ်။ ဒါမှသာ မလိုလားအပ်တဲ့ ပြဿနာတွေကို ရှောင်ရှားနိုင်မှာဖြစ်ပါတယ်"ဟု ပြင်သစ်ဘောလုံးမဂ္ဂဇင်းသို့ ပြောကြားခဲ့သည်။

***နိုင်ငံလက်ရွေးစင်အဖြစ်မှ ရော်ဘင်အနားယူ***

ဟော်လန်အသင်း ခေါင်းဆောင် အာဂျန်ရော်ဘင်သည် ဆွီဒင်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ယူခဲ့သော ပွဲစဉ်အပြီးတွင် နိုင်ငံလက်ရွေးစင်အဖြစ်မှ အနားယူပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ ရော်ဘင်သည် အဆိုပါပွဲစဉ်တွင် ဟော်လန်အတွက် ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဆွီဒင်ကို ခုနစ်ဂိုးဖြင့် အနိုင်ရမှသာ ခြေစစ်ပွဲအောင်မည့် အခြေအနေဖြစ်လာအောင် စွမ်းဆောင်နိုင်ခြင်းမရှိဘဲ



ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့် လွဲချော်ခဲ့သည်။ ရော်ဘင်သည် ၂၀၀၃ ခုနှစ် အသက်(၁၉)နှစ်အရွယ် ပေါ်တူဂီအသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲတွင် နိုင်ငံလက်ရွေးစင်အသင်းအတွက် စတင်ကစားခွင့်ရရှိခဲ့ပြီး ဟော်လန်အသင်းအတွက် ကမ္ဘာ့ဖလားသုံးပွဲနှင့် ဥရောပဖလားသုံးပွဲ ဝင်ရောက်ကစားပေးခဲ့သည်။ ၂၀၁၀ ကမ္ဘာ့ဖလားတွင် ဟော်လန်အသင်းကို ဒုတိယရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သလို ၂၀၁၄ ကမ္ဘာ့ဖလားတွင်လည်း တတိယရရှိစေခဲ့သူဖြစ်သည်။ သူသည် နိုင်ငံအသင်းအတွက် ၉၇ ပွဲ ဝင်ရောက်ကစားပြီး ၃၇ ဂိုးသွင်းယူကာ ဂိုးဖန်တီးမှု ၂၉ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ရာ ၁၁၂ မိနစ် ဝင်ရောက် ကစားတိုင်း ဂိုးတစ်ဂိုးရရှိရန် ပါဝင်ပတ်သက်မှုရှိသည်ဆိုသည့် မှတ်တမ်းကောင်းကိုပါ ပိုင်ဆိုင်ထားသူဖြစ်သည်။

**မေလွှဲသင်း - စုစည်းသည်**

# အက်သလက်ကို ဘာစီလိုနာ ဘယ်လိုရင်ဆိုင်မလဲ . . .

**ရှိုင်း မင်း မင်း**

**၂၀၁၇-၁၈ လာလီဂါရင်ခုန်သံ-၈**

**အက်စပန်ညို - လီဗန်တေး — နံနက် ၁း၃၀ (၁၄-၁၀-၁၇)**

အက်ပန်ညိုက နောက်ဆုံးကစားခဲ့တဲ့ ရီးယဲလ်မက်ဒရစ်နဲ့ပွဲစဉ်မှာ ရှုံးပွဲကြုံတွေ့ခဲ့ပေမယ့်လည်း ခြေစွမ်းပိုင်းကောင်းမွန်ခဲ့ပါတယ်။ အထူးသဖြင့် အက်စပန်ညိုဟာ အိမ်ကွင်းကစားအား ပိုမိုကောင်းမွန်တဲ့အသင်းဖြစ်လို့ လီဗန်တေးကို ဖိအားပေးနိုင်မှာပါ။ လီဗန်တေးကတော့ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းကျဆင်းနေပြီး ရှုံးပွဲတွေ ကြုံတွေ့ခဲ့ပါတယ်။ ဒါကြောင့် အခုပွဲမှာ အိမ်ရှင် အက်စပန်ညိုကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

**ဘီဘာအို - ဆီဗီလာ — ညနေ ၅း၃၀ (၁၄-၁၀-၁၇)**

ဘီဘာအိုဟာ စပိန်လာလီဂါပြိုင်ပွဲမှာ အသင်းကြီးတိုင်းကို ပြန်လည်ဖိအားပေးကစားနိုင်တဲ့အသင်းမျိုးဖြစ်ပြီး ကစားသမားကောင်းတွေ အများအပြားရှိနေတဲ့အသင်းဖြစ်တယ်။ ဆီဗီလာကတော့ ဒီရာသီမှာခြေစွမ်းကောင်းရရှိနေပြီး အမှတ်ပေးဇယား ဒုတိယနေရာမှာရပ်တည်နေတဲ့ အသင်းဖြစ်တယ်။ သွင်းဂိုးတွေ အပြန်အလှန်မြင်တွေ့ရနိုင်တဲ့ပွဲဖြစ်ပြီး ဆီဗီလာသာ နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

**ဂီတာဖေး - ရီးယဲလ် — ည ၇း၄၅ (၁၄-၁၀-၁၇)**

ဂီတာဖေးဟာ ကစားပုံကျစ်လျစ်မှုရှိကာ ခံစစ်ပိုင်းမာကျောတဲ့အသင်းဖြစ်တယ်။ ရီးယဲလ်မက်ဒရစ်ကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းကောင်းပြန်လည်ရရှိနေပြီး တိုက်စစ်ပိုင်းကလည်းသွင်းဂိုးတွေရရှိနေခဲ့ပါတယ်။ အဝေးကွင်းဖြစ်နေတာကြောင့် ရီးယဲလ်အတွက်အနည်းငယ် ခက်ခဲနိုင်ပေမယ့် လာလီဂါမှာနိုင်ပွဲလိုအပ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာပါ။ ဂီတာဖေးရဲ့ ခုခံအားကြောင့် ရီးယဲလ်အနည်းအခက်တွေ့နိုင်ပေမယ့် နိုင်ပွဲကပ်ရမယ်။

**အလာဗက်စ် - ဆိုစီဒက် — ည ၁၁း၀၀ (၁၄-၁၀-၁၇)**

အလာဗက်စ်ဟာ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ လီဗန်တေးကို အနိုင်ယူကာနိုင်ပွဲစတင်ရရှိထားခဲ့ပါတယ်။ ဒါပေမယ့်လည်း အလာဗက်စ်ဟာ အခုပွဲမှာ ဆိုစီဒက်လိုအသင်းကောင်းနဲ့ရင်ဆိုင်ရမှာဖြစ်လို့ ရလဒ်ကောင်းရဖို့ရုန်းကန်ရမှာဖြစ်တယ်။ အိမ်ရှင်အားနဲ့ အလာဗက်စ်တို့ ရလဒ်ကောင်းအောင်ကြိုးပမ်းမှာဖြစ်ပေမယ့်လည်း ဆိုစီဒက်ရဲ့တိုက်စစ်ကစားအားကို ထိန်းချုပ်ဖို့ခက်ခဲနိုင်ပါတယ်။ ဆိုစီဒက်တို့ နိုင်ပွဲလိုအပ်နေလို့အခုပွဲမှာ ဂိုးပြတ်နိုင်ပွဲရသွားနိုင်ပါတယ်။

**အက်သလက်တီကို - ဘာစီလိုနာ — နံနက် ၁း၁၅ (၁၅-၁၀-၁၇)**

အက်သလက်တီကိုဟာ နောက်ဆုံးကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်မှာ မထင်မှတ်ဘဲ လီဂါနက်စ်နဲ့သရေကျထားခဲ့ပါတယ်။ အက်သလက်တီကိုတို့ အိမ်ကွင်းမှာခပ်မာမာကစားဟန်နဲ့ ဘာစီလိုနာရဲ့တိုက်စစ်ကို ဟန့်တားနိုင်ဖို့ကြိုးပမ်းလာဦးမှာ သေချာပါတယ်။ ဘာစီလိုနာရဲ့ တိုက်စစ်မှာ မက်ဆီခြေစွမ်းပြနေပြီး အက်သလက်တီကိုနဲ့ဆုံတိုင်း ဂိုးသွင်းယူတတ်တာကြောင့် ဘာစီလိုနာကသာ အဝေးကွင်းမှာ နိုင်ပွဲကပ်ရနိုင်ပါတယ်။

**အီဘား - ဒီပို့တီဗို — ညနေ ၄း၃၀ (၁၅-၁၀-၁၇)**

အီဘားဟာ ဒီရာသီ စပိန်လာလီဂါပွဲစဉ်မှာ ခြေစွမ်းကောင်းတွေရရှိဖို့ခက်ခဲရုန်းကန်နေရတဲ့အသင်းဖြစ်ပြီး ရှုံးပွဲတွေဆက်တိုက်များပြားနေခဲ့တဲ့ အသင်းဖြစ်တယ်။ ဒီပို့တီဗိုကတော့ရှုံးပွဲတွေများခဲ့ပေမယ့်လည်း အိမ်ကွင်းပွဲစဉ်တွေမှာတော့ ကစားပုံကောင်းမွန်ကာ နိုင်ပွဲရရှိတတ်ပါတယ်။ အခုပွဲကို အီဘားတို့အိမ်ကွင်းမှာ ကစားရမှာဖြစ်ပေမယ့်လည်း ခြေစွမ်းကျဆင်းနေတာကြောင့် နိုင်ပွဲရဖို့ခက်ခဲနိုင်ပါတယ်။ သွင်းဂိုးနည်းမယ့်ပွဲသာဖြစ်လာနိုင်ပြီး ဒီပို့တီဗို ကပ်နိုင်မယ်။

**ဂျီရိုနာ - ဗီလာရီးယဲလ် — ည ၇း၄၅ (၁၅-၁၀-၁၇)**

တန်းတက်ဂျီရိုနာဟာ လူငယ်ကစားသမားသစ်တွေနဲ့ကစားပုံ လျင်မြန်တဲ့အသင်းဖြစ်ပြီး တိုက်စစ်ကစားအားကောင်းတယ်။ ဂျီရိုနာဟာ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ ဆယ်လ်တာဗီဂိုအသင်းကို သုံးဂိုးစီသရေကစားထားနိုင်ခဲ့ပါတယ်။ ဗီလာရီးယဲလ်ကလည်း ကစားသမားကောင်းတွေနဲ့အတူ ခြေစွမ်းကောင်းနေတဲ့အသင်းဖြစ်ပြီး တိုက်စစ်အားကောင်းတဲ့အသင်းဖြစ်တယ်။ ဒီပွဲမှာလည်း နှစ်သင်းစလုံးဟာ တိုက်စစ်အားပြုကစားတတ်တဲ့ အသင်းတွေဖြစ်လို့ သွင်းဂိုးတွေ အပြန်အလှန်မြင်တွေ့နိုင်ကာ ဂိုးများနိုင်ပြီး သရေကျသွားနိုင်ပါတယ်။

**မာလာဂါ - လီဂါနက်စ် — ည ၁၁း၀၀ (၁၅-၁၀-၁၇)**

မာလာဂါဟာ ဒီရာသီမှာ ခြေစွမ်းပိုင်းဆိုးရွားနေဆဲဖြစ်ပြီး ခုနစ်ပွဲကစားပြီးချိန်မှာ ရမှတ်တစ်မှတ်သာရယူထားနိုင်ခဲ့ပါတယ်။ လီဂါနက်စ်ကတော့ အသင်းလိုက်ကစားအားကောင်းတဲ့အသင်းဖြစ်ပြီး နောက်ဆုံးပွဲမှာ အက်သလက်တီကို ကိုတောင် သရေကစားနိုင်ခဲ့ပါတယ်။ မာလာဂါတို့ ခြေစွမ်းကျဆင်းနေတာကြောင့် လီဂါနက်စ်ကသာ နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

**ဘက်တစ် - ဗလင်စီယာ — နံနက် ၁း၁၅ (၁၆-၁၀-၁၇)**

ဘက်တစ်ဟာ အစောပိုင်းရာသီတွေမှာ တန်းမဆင်းရရေးကို ဦးစားပေးခဲ့ရပေမယ့်လည်း လက်ရှိရာသီမှာတော့ ခြေစွမ်းကောင်းတွေပြသကာ အမှတ်ပေးဇယားအဆင့် ၆ နေရာမှာရပ်တည်နေပါတယ်။ ဗလင်စီယာကလည်း ဒီရာသီမှာခြေစွမ်းကောင်းတွေတောက်လျှောက်ပြသနေတဲ့အသင်းဖြစ်ပြီး တိုက်စစ်ထက်မြက်တဲ့အသင်းဖြစ်တယ်။ ဘက်တစ်တို့ အနည်းဆုံးသရေကစားနိုင်မှာပါ။

**လက်ပါးမက်စ် - ဆယ်လ်တာဗီဂို — နံနက် ၁း၃၀ (၁၇-၁၀-၁၇)**

လက်ပါးမက်စ်ဟာ နောက်ဆုံးကစားခဲ့တဲ့ စပိန်လာလီဂါသုံးပွဲဆက်တိုက် ရှုံးပွဲတွေသာကြုံတွေ့ထားခဲ့ပါတယ်။ ဆယ်လ်တာဗီဂိုကတော့ အစောပိုင်းရာသီတွေကလို တိုက်စစ်ဦးစားပေးအသင်းတစ်သင်းဖြစ်ပြီး ကစားပုံလျင်မြန်တဲ့အသင်းဖြစ်တယ်။ အခုလို အိမ်ကွင်းပွဲစဉ်မျိုးမှာ လက်ပါးမက်စ်တို့ ရလဒ်ကောင်းအောင် ခြေကုန်ထုတ်ကြိုးပမ်းမှာ ဖြစ်တယ်။ ဆယ်လ်တာဗီဂိုကတော့အဝေးကွင်းဖြစ်ပေမယ့်လည်း တိုက်စစ်အားပြုကစားမှာဖြစ်တယ်။ ဒါပေမယ့် လက်ပါးမက်စ်ရဲ့ ကစားအားကြောင့် ဂိုးနည်းနိုင်ပြီး အိမ်ရှင်က နိုင်ပွဲကပ်ရနိုင်တယ်။

# ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့(World Sight Day)

ဒေါက်တာဇော်ထွန်းလင်း(ဆေးပညာမဟာသိပ္ပံ)

၂၀၁၇ခုနှစ် အောက်တိုဘာလ(၁၂)ရက်နေ့သည် "ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့" (World Sight Day) ဖြစ်ပြီး ဆောင်ပုဒ်မှာ "အမြင်အာရုံကောင်းစေဖို့ အရွယ်မရွေးစမ်းသပ်လို့ ကာကွယ်ကုသကြပါစို့"ဟူ၍ ဖြစ်ပါသည်။ နှစ်စဉ်အောက်တိုဘာလ၏ ဒုတိယမြောက်ကြာသပတေးနေ့ကို "ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့" အဖြစ်သတ်မှတ်၍ ၂၀၀၀ ပြည့်နှစ်တွင် ပထမဦးဆုံးအကြိမ်အဖြစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ကို ကျင်းပနိုင်ခဲ့သည်။

**နောက်ခံသမိုင်း**

၁၉၉၉ ခုနှစ်မှစတင်၍ "မျက်စိကျန်းမာ လူချမ်းသာ" (The Right to Sight)ကို စတင်အကောင်အထည်ဖော်ခဲ့သည်။ လူတိုင်း မလိုအပ်ဘဲ အမြင်မချို့ယွင်းစေရ၊ မရှောင်လွှဲနိုင်သော အမြင်ချို့တဲ့မှုရှိသူများကို မြင်နိုင်သမျှမြင်အောင် စွမ်းဆောင်နိုင်ရန်ရည်ရွယ်ပါသည်။ ၂၀၂၀ ခုနှစ်တွင် ကာကွယ်၍ရသော မျက်မမြင်ဖြစ်ခြင်းကို လုံးဝပပျောက်အောင်လုပ်ဆောင်နိုင်မည့် ရည်မှန်းချက်အတွက် ကာကွယ်ရေးနည်းလမ်းပေါင်းစုံကို အင်ပြည့်အားပြည့် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်မှန်းချက်ထားရှိသည်။

၎င်းရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် မျက်မမြင်ဖြစ်စေသော အဓိကရောဂါများကို ပစ်မှတ်ထား၍ တစ်ဖက်ကလည်း ကုန်ကျသလောက် အကျိုးဖြစ်ထွန်းမည့် နည်းလမ်းများကို ရွေးချယ်ရမည်ဖြစ်ပေသည်။ ၂၀၀၆ ခုနှစ်တွင် ၂၀၀၆-၂၀၁၁ ကာလအတွက် လုပ်ငန်းစီမံချက် (Action Plan for The Period 2006-2011) ကို ချမှတ်နိုင်ခဲ့သည်။ ထိုစီမံချက်အရ ကာကွယ်ကုသနိုင်လျက် မျက်မမြင်ဖြစ်စေသော ရောဂါများကို လုံးဝပပျောက်ရေးသာမက အမြင်အာရုံချို့ယွင်းမှု (အထူးသဖြင့် မျက်မှန်ဖြင့်မြင်နိုင်လျက် မျက်မှန်မတပ်၍ ဖြစ်သော အမြင်အာရုံချို့ယွင်းမှု)ကို လုံးဝပပျောက်စေရန် ရည်မှန်းလုပ်ဆောင်မည်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ စုံညီအစည်းအဝေးဆုံးဖြတ်ချက် လေးခု(၂၀၀၃,၂၀၀၆,၂၀၀၉နှင့် ၂၀၁၃) ကလည်း "အမြင်သန်စွမ်း တို့အခွင့်အလမ်း ၂၀၂၀ အရောက်လှမ်း" ရေးအတွက် တွန်းအားပေးနိုင်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ် အဖွဲ့ကြီး၏ စုံညီအစည်းအဝေးဆုံးဖြတ်ချက် အမှတ် ၆၆ ဒသမ ၄ ဖြင့် တစ်ကမ္ဘာလုံးဆိုင်ရာ မျက်စိကျန်းမာရေးစီမံချက် ၂၀၁၄-၂၀၁၉ ကိုချမှတ်နိုင်ခဲ့သည်။




**တစ်ကမ္ဘာလုံး၏ပန်းတိုင်**

၂၀၁၀ ခုနှစ်ရှိ ကာကွယ်ကုသနိုင်သော မျက်မမြင်ဖြစ်ပွားမှုနှုန်းထက် ၂၀၁၉ ခုနှစ်တွင် ၂၅ ရာခိုင်နှုန်း လျှော့ချနိုင်ရေးသည် အဓိကပန်းတိုင်ဖြစ်ပေသည်။ ၂၀၂၀ ခုနှစ်ရောက်လျှင် နိုင်ငံတော်တော်များများသည် လုံးဝ (သို့မဟုတ်) လုံးဝနီးပါး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ၂၀ ရာစုတွင် ရှိနေသော မျက်မမြင်နှင့်အမြင်အာရုံချို့တဲ့သူမှ ၈၀ ရာခိုင်နှုန်းကိုကာကွယ်ခြင်း၊ ကုသခြင်းများကို လုပ်ဆောင်ပေးနိုင်မည်ဖြစ်ပေသည်။

**Vision ၂၀၂၀ ၏ အဓိကရည်မှန်းချက်(၃)ခု**

(၁) စူးစိုက်သော၊အလေးထားသော၊ ပူးပေါင်းပါဝင်သော စိတ်ဓာတ်များဖြင့် တစ်ကမ္ဘာလုံးမျက်မမြင်ပပျောက်ရေးနှင့် ကာကွယ်ကုသနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်။

(၂) နိုင်ငံတိုင်း မျက်မမြင်ပြဿနာကို လက်တွေ့ချဉ်းကပ်လေ့လာ၍ နိုင်ငံတကာနှင့် အမျိုးသားမျက်စိကျန်းမာရေးစီမံချက်များကို တန်ဖိုးထားပြီး မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် အင်အားတောင့်တင်းရေးအတွက် အစွမ်းကုန်ဆောင်ရွက်လာနိုင်စေရန်။

(၃) ကြီးမားကျယ်ပြန့်သော ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှု(ဥပမာ-အာဆီယံနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု)များမှသည် တစ်ကမ္ဘာလုံးပူးပေါင်းဆောင်ရွက်မှုသို့ရှေးရှုရန် တို့ဖြစ်သည်။

**ကာကွယ်ကုသနိုင်လျက် မျက်မမြင်ဖြစ်ပွားသောရောဂါများ**

**(၁)အတွင်းတိမ်(Cataract)(၄၆ရာခိုင်နှုန်း)**။ အတွင်းတိမ်သည် ကာကွယ်ကုသနိုင်လျက် မျက်မမြင်ဖြစ်ပွားမှုနှုန်း အများဆုံးရောဂါဖြစ်လေသည်။ အတွင်းတိမ်ဆိုသည်မှာ မျက်စိတွင်းရှိ မှန်ဘီလူးသည် ကြည်လင်နေရမည့်အစား၊ အသက်ကြီး၍ သော်လည်းကောင်း၊ ထိခိုက်ဒဏ်ရာကြောင့်လည်းကောင်း၊ ဆီးချို၊ သွေးချိုရောဂါစသည်တို့ကြောင့်လည်းကောင်း နောက်ကျိ၍ အမြင်အာရုံချို့တဲ့စေခြင်းဖြစ်သည်။ ခွဲစိတ်ကုသ၍ မျက်စိတွင်းမှန် ဘီလူးငယ်ထည့်ခြင်းဖြင့် ကြည်လင်သော အမြင်အာရုံကို ပြန်လည်ရရှိပါသည်။

**(၂) ရေတိမ်ရောဂါ**

**ဆီးချိုမျက်စိရောဂါ၊ မြင်လွှာရောဂါနှင့်** ထိခိုက်ဒဏ်ရာရခြင်းတို့ကြောင့် အမြင်အာရုံ ချို့တဲ့သူမှာ ၃၇ ဒသမ ၅ ရာခိုင်နှုန်းရှိ၍ ဒုတိယလိုက်သည်။ ရေတိမ်ရောဂါကို မျက်စိရေချိန်တိုင်းခြင်း၊ မျက်စိအာရုံကြော စစ်ဆေးခြင်း၊ မြင်ကွင်းစမ်းခြင်းတို့ ပြုလုပ်ခြင်း၊ လိုအပ်လျှင် မျက်စဉ်းဆေးဝါးများပေးခြင်း၊ ခွဲစိတ်ကုသခြင်းတို့ဖြင့် မျက်မမြင်ဘဝမရောက်အောင် ကာကွယ်ကုသနိုင်သည်။ ဆီးချိုမျက်စိရောဂါတွင် ဆီးချိုကြောင့် အတွင်းတိမ်ဖြစ်ခြင်း၊ မြင်လွှာရေဝပ်ခြင်း (Cystoid Macular Edema)၊ မြင်လွှာသွေးကြောကျဉ်း/ပိတ်ခြင်းကြောင့် မြင်လွှာပျက်စီးခြင်းနှင့် မျက်လုံးဂျယ်လီအတွင်း သွေးယိုခြင်း (Vitreous Haemorrhage) တို့ကြောင့် အမြင်ချို့တဲ့ခြင်းဖြစ်ရသည်။ ထိုသို့ အမြင်ချို့တဲ့ခြင်း မဖြစ်စေရန်၊ဆီးချိုသွေးချိုထိန်းခြင်း၊ ခွဲစိတ်ကုသခြင်း၊ လေဆာဖြင့်ကုသခြင်းတို့ဖြင့် ကာကွယ်ကုသနိုင်သည်။ မြင်လွှာကွာကျရောဂါ(Retinal Detachment) သည် ထိခိုက်ဒဏ်ရာကြောင့်သော်လည်းကောင်း၊ ဆီးချိုရောဂါကြောင့်လည်းကောင်း၊ မြင်လွှာသွေးကြောရောဂါများကြောင့်သော်လည်းကောင်း ဖြစ်ပွား၍ အမြင်အာရုံချို့တဲ့စေသည်။ များသောအားဖြင့် အချိန်မီခွဲစိတ်ကုသလျှင် အမြင်အာရုံပြန်လည် ရရှိသည်။

ထိခိုက်ဒဏ်ရာကြောင့် အမြင်အာရုံချို့တဲ့ခြင်းကိုလည်း ကာကွယ်ကုသနိုင်ဖို့လိုသည်။ ဒဏ်တိမ်(Traumatic Cataract) ကို ခွဲစိတ်ကုသလျှင် ပြန်မြင်သည်။မြင်လွှာကွာလျှင် ခွဲစိတ်ကုသ၍ ပြန်မြင်နိုင်သည်။ မျက်လုံးတွင်း ပြင်ပအရာဝတ္ထုဝင်လျှင် ကျွမ်းကျင်သူနှင့် ထိုအရာဝတ္ထု (ဥပမာ-သံစ)ကို အမြန်ဆုံးထုတ်ပစ်ရမည်။ မျက်လုံးပေါက်ပြဲဒဏ်ရာ(Perforation)ရလျှင် မျက်စိဆရာဝန်နှင့် အမြန်ဆုံးအရေးပေါ် ချုပ်၍ကုသပါက ပြန်မြင်မည်။ နယ်မှ မျက်လုံးပေါက်ပြဲဒဏ်ရာရှိသူများကိုနယ်ရှိ ကျန်းမာရေး ဝန်ထမ်းမှ အနည်းဆုံးမျက်စိကို ပတ်တီးစည်းပေးလိုက်ရမည်။ ပတ်တီးစည်းမပေးပါက မျက်စိဆရာဝန်သို့မဟုတ် ကျွမ်းကျင်သည့်ဆရာဝန်ရှိရာသို့ သွားရာလမ်းတွင် မျက်လုံးတွင်းအရည်များထွက်ကျ၍ မျက်စိကွယ်နိုင်သည်။ ကုမရဖြစ်တတ်သည်။ စက်ရုံအလုပ်ရုံ လုပ်ငန်းခွင်များတွင် မျက်စိကာကွယ်ပစ္စည်းများ၊ ရောင်ခြည်ကာကွယ်မျက်မှန်များ၊ ထိခိုက်ဒဏ်ရာ ကာကွယ်ရေးအစီအမံများကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်ထားရှိသင့်သည်။

**(၃)မျက်ခမ်းစပ်ရောဂါ(Trachoma-၁၂ ဒသမ ၅ ရာခိုင်နှုန်း)**။ မြန်မာနိုင်ငံတွင် ၁၉၆၉ ခုနှစ်၌ ၄၃ရာခိုင်နှုန်းရှိရာမှ ၂၀၁၆ ခုနှစ်တွင် ၁ ဒသမ ၅ ရာခိုင်နှုန်းအောက် လျှော့ချနိုင်ခဲ့သည်။ မျက်ခမ်းစပ်ရောဂါသည် မျက်တောင်မွေးစိုက်ရာမှ မျက်ကြည်လွှာကို ပျက်စီးစေသဖြင့် အမြင်ချို့ယွင်းမှုကိုဖြစ်စေသည်။ သို့သော်ကာကွယ်ကုသနိုင်ပါသည်။

**(၄)ကလေးဘဝ မျက်စိအမြင်ချို့တဲ့ခြင်းများ။** ၃ ဒသမ ၃ ရာခိုင်နှုန်းကိုလည်းကာကွယ်ကုသနိုင်ပါသည်။ မျိုးရိုးဗီဇ ချို့တဲ့ခြင်း၊ မွေးရာပါချို့ယွင်းခြင်း၊ လမစေ့မီမွေးခြင်း၊ အာဟာရချို့တဲ့ခြင်း၊ ရောဂါပိုးကူးစက်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းနှင့် အခြားအကြောင်းများကြောင့် အမြင်အာရုံချို့တဲ့နိုင်သည်။ အသက် (၁၆)နှစ်အောက် ကလေးတစ်ယောက်သည် သာမန်ကလေး ပေ ၆၀ လောက်မြင်နိုင်တာကို သူက သုံးပေလောက်ကပ်မှမြင်ရရင် "ကလေးအမြင်ချို့ယွင်းခြင်း"(Childhood Blindness) ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။အထူးသဖြင့် မျက်မှန်တပ်လျှင်မြင်နိုင်သော ကလေးများကို မျက်မှန်မစမ်း၊ မျက်မှန်မတပ်သောကြောင့် အဝေးမှုန်ဖြစ်ကြရသည်က အများစုဖြစ်သည်။ "ကလေးပဲ မျက်မှန်စမ်းစရာမလို လောက်ဘူး"ဟု လူကြီးမိဘများက ပေါ့ပေါ့မတွေးစေလိုပါ။

**ကျွန်ုပ်တို့၏ ရည်မှန်းချက်**

ပြည်ထောင်စုမြန်မာနိုင်ငံ အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာန မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံချက်မှ အဓိကရည်မှန်းချက်မှာ မျက်မမြင်ဖြစ်ပွားမှုနှုန်းကို သုည ဒသမ ၅ ရာခိုင်နှုန်းအောက်သို့လျှော့နည်းကျဆင်းသွားစေရန်ဖြစ်ပါသည်။ ယခု သုည ဒသမ ၆ ရာခိုင်နှုန်းကျော်ရှိနေသည်။ မျက်မမြင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် ၂၀၁၇ မှ ၂၀၂၁ အထိ အမျိုးသားအဆင့် ငါးနှစ်စီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ တစ်ကမ္ဘာလုံးမျက်မမြင်ပပျောက်ရေးအတွက် "အမြင်အာရုံကောင်းစေဖို့ အရွယ်မရွေးစမ်းသပ်လို့ ကာကွယ်ကုသကြပါစို့"ဟု "ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့"ကို ဂုဏ်ပြုရေးသားလိုက်ရပေသတည်း။

> "အတွင်းတိမ်ဆိုသည်မှာ မျက်စိတွင်းရှိမှန်ဘီလူးသည် ကြည်လင် နေရမည့်အစား၊ အသက်ကြီး၍သော်လည်းကောင်း၊ ထိခိုက်ဒဏ်ရာကြောင့် လည်းကောင်း၊ ဆီးချိုသွေးချိုရောဂါ စသည်တို့ကြောင့်လည်းကောင်း နောက်ကျို၍ အမြင်အာရုံ ချို့တဲ့စေခြင်းဖြစ်သည်။ ခွဲစိတ်ကုသ၍ မျက်စိတွင်းမှန် ဘီလူးငယ်ထည့်ခြင်းဖြင့် ကြည်လင်သော အမြင်အာရုံကို ပြန်လည်ရရှိ . . ."

## စီမံကိန်း၊ ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသင်တန်း လွိုင်ကော်မြို့၌ဖွင့်

**လွိုင်ကော် အောက်တိုဘာ ၁၁**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် စီမံကိန်း၊ ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသင်တန်း(၁/၂၀၁၇)သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ ပြည်နယ်စီမံကိန်းဦးစီးရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ကယားပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော် တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကယားပြည်နယ်စီမံကိန်းဦးစီးရုံး ညွှန်ကြားရေးမှူး ဦးသန်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ၊ သင်တန်းသား ၄၅ ဦးတက်ရောက်၍ သင်တန်းကာလ အောက်တိုဘာ ၁၀ ရက်မှ ၂၆ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး စီမံကိန်း၏သဘောသဘာဝ၊ မြန်မာနိုင်ငံတွင် ရေးဆွဲခဲ့သည့် စီးပွားရေးစီမံကိန်းများ၊ ကဏ္ဍ/ဒေသန္တရစီမံကိန်းရေးဆွဲမှုနှင့်ဦးစားပေးအစီအစဉ်များ၊ ငွေကြေးနှင့်ဘဏ်လုပ်ငန်း၊ ကျေးရွာ/ရပ်ကွက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များရေးဆွဲခြင်း၊ အကောက်ခွန်ဦးစီးဌာန၏လုပ်ငန်းများ၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာညွှန်းကိန်းများ၊ ပြည်တွင်းအခွန်များဦးစီးဌာန၏လုပ်ငန်းများ၊ အာမခံလုပ်ငန်း၊ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွက်ချက်ခြင်း (လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီး)၊ ရသုံးမှန်းခြေ ငွေစာရင်းလုပ်ငန်းများ၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏လုပ်ငန်းများ၊ ပင်စင်ဦးစီးဌာန၏လုပ်ငန်းများ၊ စစ်တမ်းကောက်ယူခြင်းဆိုင်ရာ အခြေခံအချက်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနလုပ်ငန်းများ၊ စီမံကိန်းများအကောင်အထည်ဖော်ခြင်းနှင့်ထိန်းကျောင်းကြပ်မတ်ခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းများ စသည့်ဘာသာရပ်များ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## မြစ်ကြီးနားမြို့၌ ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံ မေတ္တာပို့ဆုတောင်း

**မြစ်ကြီးနား အောက်တိုဘာ ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် ကချင်ပြည်နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ပြည်နယ်ရုံး၌ ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံ ဆုတောင်းပွဲကို အောက်တိုဘာ ၁၀ ရက် ညနေ ၆ နာရီတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ဦးဆောင်ကျင်းပခဲ့သည်။

ဆုတောင်းပွဲတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော လူမျိုးဘာသာအားလုံး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးနှင့် ပတ်သက်၍ စိတ္တသုခကျောင်းတိုက် ဆရာတော် ဦးပဏ္ဍိတက ဦးစွာဆုတောင်းမေတ္တာပို့သပေးပြီး ခရစ်ယာန်ဘာသာဝင်များအားလုံးကိုယ်စား Rev; ဇော်အာန်း၊ အစ္စလာမ်ဘာသာဝင်များကိုယ်စား ဆရာတော် ဦးကြည်ဝင်း၊ ဟိန္ဒူဘာသာဝင်များကိုယ်စား ဆရာတော် ဦးပဏ္ဍိတဦးမာဓဝ၊ ဆစ်ဘာသာဝင်များကိုယ်စား ဆရာတော် ဘိုင်းပရင်းဆင်း၊ ရိုမန်ကတ်သလစ်ဘာသာဝင်များကိုယ်စား ဘုန်းတော်ကြီး ဒေါက်တာ ပီတာခါးအောင်တူးတို့က ဘာသာအလိုက် အသီးသီး ဆုတောင်းမေတ္တာပို့ပေးခဲ့ကြသည်။

ယင်းနောက် ဆရာတော်များနှင့်ဆုတောင်းပွဲသို့ တက်ရောက်လာကြသော ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၊ ဒေသခံများက နှစ်မိနစ် ငြိမ်သက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ဆုတောင်းမေတ္တာပို့ခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

■

## ၆၆/၁၁ ကေဗွီ ထရန်စဖော်မာ ကေဘယ်ကြိုး အသစ်လဲလှယ်တပ်ဆင်

**မိုးနဲ အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသော မိုးနဲမြို့ရှိ ၆၆/၁၁ ကေဗွီထရန်စဖော်မာ ကြံ့ခိုင်ရေးအတွက် ဓာတ်အားလိုင်းများ စစ်ဆေးခြင်းနှင့် ကေဘယ်ကြိုး အသစ်လဲလှယ်တပ်ဆင်ခြင်းကို မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းများ၊ ခွဲရုံ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက အောက်တိုဘာ ၁၀ ရက် မွန်းလွဲပိုင်းက အဆိုပါဓာတ်အားခွဲရုံ၌ ဆောင်ရွက်ခဲ့သည်။

လုပ်ငန်းဆောင်ရွက်နေမှုများအား ၆၆/၁၁ ကေဗွီ လျှပ်စစ်ဓာတ်အားခွဲရုံမှူး ဦးဝင်းနိုင်ထွန်းနှင့် မြို့နယ်လျှပ်စစ်မှူး ဦးခင်မောင်အေးတို့က လုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

## အထူးကာကွယ်စောင့်ရှောက်ရန်လိုအပ်သောကလေးများ (ဉာဏ်ရည်မသန်စွမ်း) အား ပြုစုပျိုးထောင်ရေးအခြေခံဆရာဖြစ်သင်တန်းဖွင့်

**ထားဝယ် အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံမှာ အထူးလိုအပ်လျက်ရှိသော အထူးဂရုပြုစောင့်ရှောက်ရန်လိုအပ်သည့် ကလေးများအား ပြုစုပျိုးထောင်သင်ကြားပေးမည့် ဆရာ၊ ဆရာမများအား မွေးထုတ်ပေးနိုင်ရန်၊ ဆရာ၊ ဆရာမများမှတစ်ဆင့် ဉာဏ်ရည်မသန်စွမ်းကလေးတိုင်း ပညာသင်ကြား၊ သင်ယူခွင့်ရှိလာစေရန် ရည်ရွယ်ချက်ဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် University of Wolverhampton (UK)၊ With Love All Things Are PossibleCharity (UK) နှင့် မြန်မာနိုင်ငံ အထူးပညာရေးအသင်းတို့ ပူးပေါင်းစီစဉ် ကျင်းပသော တနင်္သာရီတိုင်းဒေသကြီး ပထမအကြိမ် အထူးကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးများ (ဉာဏ်ရည်မသန်စွမ်း) အား ပြုစုပျိုးထောင်ရေး အခြေခံဆရာဖြစ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၁ ရက် နံနက် ၈ နာရီ ခွဲက ထားဝယ်မြို့ ထားဝယ်မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ယခု သင်တန်းမှာ ပါဝင်တက်ရောက်သွားမည့် ဆရာ၊ ဆရာမများ အနေဖြင့် ဖွဲလုံ့လ၊ ဝီရိယစိုက်ထုတ်ပြီး ကြိုးစားလေ့လာ သင်ယူကြရန်လိုကြောင်း၊ မိမိပတ်ဝန်းကျင်ရှိ အထူးဂရုပြုစောင့်ရှောက်ရန်လိုအပ်သော ကလေးများကို ပြုစုပျိုးထောင် သင်ကြားပေးရာမှာ မေတ္တာ၊ စေတနာ၊ ကိုယ်ချင်းစာတရားတို့ဖြင့်ကာ ဆက်လက်လုပ်ဆောင်သွားပြီး ကလေးများ၏ ဘဝများပိုမိုတောက်ပလာအောင် ပံ့ပိုးသူများဖြစ်လာစေရန် ကြိုးစားဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ မြန်မာနိုင်ငံ အထူးပညာရေးအသင်းမှ အထူးဂရုပြုစောင့်ရှောက်ရန် လိုအပ်သော ဉာဏ်ရည် မသန်စွမ်းကလေးများအတွက် ပြုစုပျိုးထောင်သင်ကြားပေးမည့် ဆရာ၊ ဆရာမ မွေးထုတ်မည့် သင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူး ဒေါ်ခင်စန်းရီက လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံအထူးပညာရေးအသင်း အတွင်းရေးမှူး ဦးအယ်လ်ဇော်ဒိမ်(ခ)ဒေးဗစ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် မြန်မာနိုင်ငံအထူးပညာရေးအသင်းအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ ၇၀ အား Promoting Inclusive Practice (အားလုံးအကျုံးဝင်သော ပညာရေးကို မြှင့်တင်ပေးခြင်း)၊ Communication and Literacy (ဆက်သွယ်ရေးနှင့်စာပေ သင်ကြားရေး)၊ Autistic Spectrum Disorders and Inclusion (ဖွံ့ဖြိုးမှုနှောင့်နှေးသော Autistic ကလေးများနှင့် ၎င်းတို့အားလုံးအကျုံးဝင် ပညာရေးတွင် ပူးပေါင်းပါဝင်စေရန်) Cerebral Palsy (သူငယ်နာအကြောတင်းကလေးများနှင့်ဆိုင်သောပညာရပ်များ)၊ Behavior Management (အပြုအမူပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များကိုကူညီပံ့ပိုးပေးရန်)၊ Learning Disabilities (သင်ကြားမှုဆိုင်ရာ ခက်ခဲသောကလေးများအား ပြုစုစောင့်ရှောက်ခြင်း) တို့ကို အောက်တိုဘာ ၁၄ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



## ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး ဘာသာပေါင်းစုံ မေတ္တာပို့ ဆုတောင်းပွဲကျင်းပ

**ယင်းမာပင် အောက်တိုဘာ ၁၁**

ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံ ဆုတောင်းပွဲကို ယင်းမာပင်မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းက ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံ ဆုတောင်းပွဲ ဖြစ်ပေါ်လာပုံအကြောင်း ရှင်းလင်းတင်ပြခဲ့ပြီး မြို့နယ်အတွင်းရှိ ကျောင်းထိုင်ဆရာတော်ကြီးများက မေတ္တသုတ်ပရိတ်တရားတော် ရွတ်ပွားပေးခြင်း၊ အစ္စလာမ်ဘာသာရေးခေါင်းဆောင်များကလည်း အစ္စလာမ်ဘာသာဖြင့် မေတ္တာတရားများကို ရွတ်ဖတ်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းရီနှင့် ဒေါ်အောင်မေရီ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဘာသာရေးခေါင်းဆောင်များ၊ ပြည်သူများ တက်ရောက်ခဲ့ကြသည်။ အောက်တိုဘာ ၁၇ ရက်တွင် ဒုတိယအကြိမ် ဘာသာပေါင်းစုံ ဆုတောင်းပွဲကို ထပ်မံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မိုးမိုး (ပြန်/ဆက်)**

## ဘားအံ့သံလွင်တံတား ထပ်ပိုးကတ္တရာခင်းစဉ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောပိတ်ဆို့ခြင်းများ မဖြစ်ပေါ်စေရန် ပူးပေါင်းဆောင်ရွက်

**ဘားအံ အောက်တိုဘာ ၁၁**

ဘားအံ-သထုံကားလမ်း သံလွင်တံတား ဘားကပ်ဘက်အခြမ်း တံတားအသုံးပြုခ ကောက်ခံရေး ဂိတ်အနီးတွင် ရောင်ခြည်သစ် ကုမ္ပဏီမှ အောက်တိုဘာ ၈ ရက် မွန်းလွဲ ၁ နာရီခွဲက စတင်ပြီး AC နိုင်လွန်ကတ္တရာထပ်ပိုး လမ်းခင်းခြင်းများ ဆောင်ရွက်နေသဖြင့် ယာဉ်ကြောကျပ်ခြင်းများဖြစ်ပေါ်ခဲ့ရာ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောပိတ်ဆို့ခြင်းများ မဖြစ်ပေါ်စေရန် ဘားကပ်ရဲကင်းမှူး ရဲအုပ်ဇော်လင်းဦးစီး၍ အမှတ် (၁၀) ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူးရုံးမှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သံလွင်တံတားလုံခြုံရေးတာဝန်ကျ ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ယာဉ်ကြောရှင်းလင်းရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ယာဉ်အန္တရာယ်ကင်းရှင်းဖို့နဲ့ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေးအတွက် သံလွင်တံတား တရုတ်လှခြမ်းနဲ့ သံလွင်အနောက်ဘက် ဘားကပ်ဘက်ခြမ်းကို တစ်လှည့်စီ လွှတ်ပေးရတယ်။ အဲဒီလို အလှည့်ကျလွှတ်ပေးရာမှာ အချို့အရေးပေါ် လူနာတင်ယာဉ်တွေ၊ သံဃာတော်တွေလိုက်ပါလာတဲ့ ယာဉ်တွေနဲ့ အဖွဲ့အစည်းအပါအဝင် ဌာနဆိုင်ရာ တာဝန်ရှိသူတွေရဲ့ ယာဉ်တွေလည်းပါတယ်။ တော်တော်လေး နားလည်အောင် ရှင်းပြရတယ်။ တစ်ဖက်က လွှတ်နေတဲ့အချိန်မှာ သွားလို့မရဘူး။ တစ်ဖက်ခြမ်းမှာ လမ်းပိတ်




သွားမှာမို့ မသွားဖို့မေတ္တာရပ်ခံရပါတယ်။ နည်းနည်းပါးပါး နားလည်မှုလွဲတာလေးတွေ တော့ရှိပါတယ်"ဟု ယာဉ်လမ်းရှင်းလင်းရာတွင်ဆောင်ရွက်နေသည့် ရဲအရာရှိတစ်ဦးက ပြောသည်။

ဘားအံ-သထုံ ကားလမ်းသည် ကရင်ပြည်နယ်၌ ယာဉ်သွားလာမှု အများဆုံးလမ်းတစ်လမ်းဖြစ်သည့်အားလျော်စွာ တစ်ဖက်နှင့်တစ်ဖက် အပိတ်အဖွင့်ဆောင်ရွက်စဉ် စောင့်ဆိုင်းနေရသည့် ယာဉ်အစီးရေမှာ ရာနှင့်ချီအထိရှိခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ခရီးသည် ပို့ဆောင်ရေးယာဉ်ပေါ် လိုက်ပါလာတဲ့ ခရီးသည်အချို့ကတော့ အခြားနေရာကို ခရီးဆက်ဖို့လည်းရှိတယ်။ အချို့ခရီးသည်တွေကျတော့လည်း ကလေးငယ်လေးတွေနဲ့ဆိုတော့ တော်တော်လေး အခက်အခဲဖြစ်ကြပါတယ်။ ဖြစ်နိုင်မယ်ဆိုရင် ယာဉ်သွားလာမှုနည်းတဲ့ ညလိုအချိန်မှာ လုပ်စေချင်ပါတယ်"ဟု ခရီးသည်ပို့ဆောင်ရေး ယာဉ်မောင်းတစ်ဦးဖြစ်သူ မောင်ကျော်က ပြောကြားခဲ့သည်။

အဆိုပါ ဘားကပ်ရွာအဝင်လမ်းထိပ်မှ သံလွင်တံတားအခြေထိ ထပ်ပိုး ACနိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို ရောင်ခြည်သစ်ကုမ္ပဏီက ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရပြီး အောက်တိုဘာ ၉ ရက် နေ့ခင်းပိုင်းမှ ညနေ ၅ နာရီခွဲထိ လမ်းခင်းကျင်းမှုလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ တံတားလုံခြုံရေးအဖွဲ့နှင့် ဘားကပ်ရဲကင်းစခန်းတပ်ဖွဲ့များ ပူးပေါင်းအဖွဲ့ဖြင့် ယာဉ်ကြောကျပ်တည်း၍ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရေးအတွက် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ခရီးသွားပြည်သူများနှင့် ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့ခဲ့သည်။

**မင်းသူ၊ ထွန်းထွန်းထွေး (ဘားအံ)**

# တိုင်းရင်းသားပြည်သူတို့၏ လိုအပ်ချက်များကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေး

**လှိုင်ကော် အောက်တိုဘာ ၁၁**
ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖေါင်းရှိုသည် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီခွဲက ဒီးမော့ဆိုမြို့နယ်ရှိကျေးရွာအုပ်စု(၁၄)အုပ်စုမှ တိုင်းရင်းသားပြည်သူများနှင့် ဒီးမော့ဆိုမြို့နယ်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖေါင်းရှိုက ဒီးမော့ဆိုမြို့နယ်သည် ကယားပြည်နယ်၏ အဓိကအားထားရသည့် စပါးကျီဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဘက်စုံကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံးဖြစ်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စုများ ဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် အဆင့်ဆင့်သောကဏ္ဍများတွင် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဘက်စုံကဏ္ဍစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးနေသလို တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါးကင်းစင်နယ်မြေတစ်ခုဖြစ်စေရေးကိုလည်း သက်ဆိုင်ရာအစိုးရဌာနများနှင့် ဒေသခံပြည်သူလက်တွဲညီညီဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဆောင်ရွက်မည့်လုပ်ငန်းများကိုလည်း ရေရှည်အကျိုးကို မျှော်ကိုးပြီး ဒေသ၏ လိုအပ်ချက်ပေါ်မူတည်၍ ဦးစားပေးပုံဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများနှင့်ပြည်သူများ လက်တွဲ၍ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒီးမော့ဆိုမြို့နယ်ရှိ ကျေးရွာအုပ်စု(၁၄)အုပ်စုမှ ကိုယ်စားလှယ်များက ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်ချက်များ တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒီးမော့ဆိုမြို့နယ် တနီးလာလဲကျေးရွာတွင် ပြုလုပ်သော ကယားပြည်နယ်အစိုးရအဖွဲ့ကြီးကြပ်မှုဖြင့် ပြည်နယ်ဘဏ္ဍာရေးရန်ပုံငွေနှင့်ဆောင်ရွက်သော ဆိတ်မွေးမြူရေးစီမံချက်အရ ဆိတ်မွေးတောင်သူများအား မျိုးကောင်းမျိုးသန့်ဆိတ်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖေါင်းရှိုက ဆိတ်မွေးတောင်သူများထံ မျိုးကောင်းမျိုးသန့်ဆိတ်များပေးအပ်ပြီး ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုက ဆိတ်မွေးတောင်သူများအား မွေးမြူရေးဘဏ်စနစ်အရ ဝိုင်းကြီးချုပ်စာချုပ်များ ပေးအပ်သည်။

၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဒီးမော့ဆိုမြို့နယ် ဒေါ်ညေးခူကျေးရွာနှင့် ဖားဆောင်းမြို့နယ် တောင်ပေါ်ကျေးရွာများတွင် ဆိတ်ကောင်ရေ ၄၀၀ ကို ဖြန့်ဖြူးပေးခဲ့ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဒီးမော့ဆိုမြို့နယ် ဒေါတဒါးကျေးရွာ၊ ရွာသစ်မြို့နယ်၊ လွယ်ဝိုင်းကျေးရွာနှင့် မယ်စဲ့မြို့နယ် ဟိုဂျစ်၊ လယ်တော၊ လမ်းဆုံ၊ ကျောက်စုကျေးရွာများသို့ ဆိတ်ကောင်ရေ ၅၈၀ ကို ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင်လည်း ဒီးမော့ဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်၊ ရှားတောမြို့နယ်၊ ဖားဆောင်းမြို့နယ်နှင့် မယ်စဲ့မြို့နယ်များသို့ ဆိတ်ကောင်ရေ စုစုပေါင်း ၁၅၈၀ ကို ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ ယခုတနီးလာလဲကျေးရွာတွင် တစ်အိမ်ထောင် ဆိတ် ၁၀ ကောင်နှုန်းဖြင့် အိမ်ထောင်စု ၃၀ ထံသို့ ဆိတ်ကောင်ရေ ၃၀၀ ဖြန့်ဖြူးပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တနီးလာလဲကျေးရွာ မူလတန်းလွန်ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအတွက် မြက်ရိတ်စက်ဝယ်ယူရန် အလှူငွေကျပ် တစ်သိန်းခွဲ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းမကြီး ကွန်ကရစ်ခင်းမှု ရာနှုန်းပြည့်ပြီးစီးတော့မည်

**တောင်ဥက္ကလာပ အောက်တိုဘာ ၁၁**
တောင်ဥက္ကလာပမြို့နယ်၏ အဓိကလမ်းမကြီးတစ်ခုဖြစ်သည့် သစ္စာလမ်းမကြီးကို ခြောက်လမ်းသွားကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ရာနှုန်းပြည့်နီးပါးခင်းကျင်းပြီးပြီဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာဒေါ်ဥမ္မာအောင်ကျော်ထံမှ သိရသည်။

"ခြောက်လမ်းသွားကွန်ကရစ်လမ်းအကျယ် ၇၈ ပေနှင့် အရှည် ပေငါးထောင်ကျော်ရှိပါတယ်။ သစ္စာလမ်းမကြီးကို နှစ်ပိုင်းခွဲပြီးဆောင်ရွက်ပေးတာပါ။ ဝေဇယန္တာလမ်းမကြီးကနေ သုမင်္ဂလာလမ်းအထိ ပေ၂၀၀၀ ကျော်ကို အင်ဂျင်နီယာ ဒေါ်ဥမ္မာအောင်ကျော်ကကြီးကြပ်ပြီး အင်ဂျင်နီယာဒေါ်အေးပွင့်ဖြူနှင့် ဒေါ်ခင်ထက်ထက်စံတို့က အနီးကပ်ဆောင်ရွက်ပေးလျက်ရှိကာ ရာနှုန်းပြည့်ပြီးပါပြီ။ သုမင်္ဂလာလမ်းနှင့်သံသုမာလမ်းအထိ ပေအရှည် ၃၀၀၀ နီးပါးရှိပြီး အင်ဂျင်နီယာဦးထွန်းလှနှင့် အင်ဂျင်နီယာ ဒေါ်ချိုချိုသန်းတို့က ကြီးကြပ်ဆောင်ရွက်ပေးပါတယ်။ ဒီအပိုင်းကတော့ပေ ၈၀၀ ခန့်ခင်းဖို့ ကျန်ရှိပြီး အောက်တိုဘာလကုန်ပိုင်းလောက်မှာ အားလုံးပြီးစီးတော့မှာပါ" ဟု တာဝန်ခံက ရှင်းပြသည်။

"သစ္စာလမ်းမကြီးကအနိမ့်ပိုင်းကျပြီး မိုးရွာတာနှင့် တစ်ပြိုင်တည်း ရေဝပ်စေပါတယ်။ အခုလိုလမ်းသားမြှင့်ပြီးပိုကျယ်သွားတဲ့အတွက် ကားသွားလာရတာ အဆင်ပြေစေမှာပါ။ ရေဝပ်တာတွေလည်း ကင်းရှင်းသွားမယ်လို့ထင်ပါတယ်။ အင်ဂျင်နီယာတွေရဲ့ကြပ်မတ်မှုကြောင့် စနစ်တကျလမ်းတားတွေနဲ့ သွားလမ်းလာလမ်းလုပ်ပေးထားတဲ့အတွက် ယာဉ်ကြောပိတ်တာတွေလည်းမရှိဘဲ အဆင်ပြေတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု (၉)ရပ်ကွက် သူရလမ်းနေ ဦးအောင်မျိုးသူက ပြောသည်။

**မောင်မောင်**

# ပြည်ထောင်စုမြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဘာသာပေါင်းစုံမှ ဆုတောင်းပွဲ ကျင်းပ

**ပဲခူး အောက်တိုဘာ ၁၁**
ပဲခူးမြို့ မဇင်းရပ်ကွက် ရွှေသာလျောင်းဘုရားဝင်းရှိ သုဝဏ္ဏရွှေဘုံခန်းမ၌ အောက်တိုဘာ ၁၀ ရက် ညနေ ၆ က ပြည်ထောင်စုမြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဘာသာပေါင်းစုံမှ ဆုတောင်းပွဲ ကျင်းပသည်။



ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပဲခူးတိုင်းဒေသကြီးဥက္ကဋ္ဌ ဦးသိန်းဒန်က ဆုတောင်းပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ ဗုဒ္ဓဘာသာမှ အရှင်ဥက္ကံသ (မဟာစေတီကန်ကျောင်း နာယကချုပ်ဆရာတော်)က ငြိမ်းချမ်းရေး ဥယျောဇဉ် ဆုတောင်းမေတ္တာ ပို့သခြင်းကိုလည်းကောင်း၊ အစ္စလာမ်ဘာသာမှ ဓမ္မကထိက အလ်ဟာဂျ်ခလီဖွာ ဆရာဦးအေးလွင်(M.Sc) (ဦးဆောင်ဆော်သြရေးမှူး အစ္စလာမ်ဓမ္မဗိမာန် ရန်ကုန်မြို့)က ငြိမ်းချမ်းရေး ဥယျောဇဉ် ဆုတောင်းမေတ္တာ ပို့သခြင်းကိုလည်းကောင်း၊ ခရစ်ယာန်ဘာသာမှ သိက္ခာတော်ရဆရာတော် ဖာသာစိန်မြင့်ကြည်က ငြိမ်းချမ်းရေး ဥယျောဇဉ် ဆုတောင်းမေတ္တာ ပို့သခြင်းကိုလည်းကောင်း၊ ဟိန္ဒူဘာသာမှ ဓမ္မဆရာ Rahul Dev က ငြိမ်းချမ်းရေး ဥယျောဇဉ် ဆုတောင်းမေတ္တာ ပို့သခြင်းကို လည်းကောင်း၊ ဗုဒ္ဓဘာသာမှ အရှင်သာသနာသီရိ (မြန်မာဂုဏ်ထူး ဓမ္မစရိယ၊ အောင်ဇေယျာစာသင်တိုက် နာယကချုပ်ဆရာတော်)က ငြိမ်းချမ်းရေး ဥယျောဇဉ် ဆုတောင်းမေတ္တာ ပို့သခြင်းကိုလည်းကောင်း အသီးသီး ဆုတောင်းမေတ္တာပို့သခဲ့ကြပြီး တက်ရောက်လာကြသူများက ဆုတောင်းဖယောင်းတိုင် မီးညှိကိုင်ဆောင်ကြကာ စုပေါင်းမေတ္တာပို့သခဲ့ကြသည်။

အဆိုပါ ဆုတောင်းပွဲသည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် ဘာသာပေါင်းစုံမှ ဘာသာရေး ခေါင်းဆောင်များ၊ ပြည်သူများက ဆုတောင်းမေတ္တာပို့သသည့် ပွဲဖြစ်ကြောင်းနှင့် ယင်းဆုတောင်းပွဲအား အောက်တိုဘာ ၁၇၊ ၂၄ ရက်နှင့် ၃၁ရက်တို့တွင်လည်း ထပ်မံပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# လူထုဗဟိုပြုစီမံကိန်းတတိယနှစ်စက်ဝန်း TTF-1 နည်းပညာစည်းရုံးရေးမှူးသင်တန်း လွိုင်ကော်မြို့၌ဖွင့်

**လွိုင်ကော် အောက်တိုဘာ ၁၁**
ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းက ဖွင့်လှစ်သည့် TTF-1 နည်းပညာစည်းရုံးရေးမှူးသင်တန်းအပိုင်း-၁ ဖွင့်ပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီခွဲက မိုင်းလုံးရပ်ကွက် နှစ်ခြင်းခရစ်ယာန်အသင်းတော်ခန်းမဆောင်၌ ကျင်းပရာ ကယားပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကို၊ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး၊ လူထုဗဟိုပြု စီမံကိန်းဝန်ထမ်းများနှင့် နည်းပညာစည်းရုံးရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကယားပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုက ၂၀၁၅-၂၀၁၆ ခုနှစ်မှ စတင်ကာ ဒီးမော့ဆို၊ ဖရူဆိုမြို့နယ်တို့တွင်ဆောင်ရွက်ပြီး ၂၀၁၆ - ၂၀၁၇ ခုနှစ်တွင် လွိုင်ကော်၊ရှားတော၊ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ်တို့၌ဆောင်ရွက်ခဲ့ရာ ယခုအခါ ပြည်နယ်လုံးကျွတ်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကျေးရွာလူထုတင်ပြချက်များအပေါ် မဖြစ်နိုင်သည့်ကိစ္စရပ်များရှိပါက နည်းပညာအပိုင်းအနေဖြင့် ရှင်းလင်းအောင်ထောက်ပြပေးနိုင်ရန် သင်တန်းမှာ ကြိုးကြိုးစားစားသင်ကြားသွားရန်လိုကြောင်း၊ စီမံကိန်း၏ အနှစ်သာရနှစ်ခုဖြစ်သော အရည်အသွေးပြည့်ဝသည့် တည်ဆောက်ရေးလုပ်ငန်းများကိုဆောင်ရွက်ပေးခြင်းနှင့် ကျေးရွာလူထု၏ Capacity Building ကို မြှင့်တင်ပေးခြင်းတို့အနက် အရည်အသွေးပြည့်ဝသည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ယခုသင်တန်းက အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကျော်သူအောင်က အမှာစကားဆက်လက်ပြောကြားခဲ့ပြီး ယခုသင်တန်းသို့ ကယားပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ နည်းပညာစည်းရုံးရေးမှူး ၄၁ ဦးတက်ရောက်ကြကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

# မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်၏ ကင်းထောက်သင်တန်း (အခြေခံ) ဆင်းပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၁**
မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်၏ ကင်းထောက်သင်တန်း (အခြေခံ) ဆင်းပွဲကို အောက်တိုဘာ ၉ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ ကင်းထောက်ကော်မတီဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ဒုတိယကင်းထောက်ချုပ် ဦးသာစိန်တို့က သင်တန်းဆင်းလက်မှတ်နှင့်ဂုဏ်ပြုလက်မှတ်များချီးမြှင့်ကြပြီး သင်တန်းသားများကိုယ်စား ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်က ကျေးဇူးတင်စကားပြောကြားကာ သင်တန်းသား၊ သင်တန်းသူများက ကင်းထောက်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းကင်းထောက်သင်တန်း (အခြေခံ)သို့ အခြေခံပညာဦးစီးဌာနမှ တိုင်းဒေသကြီးအဆင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ ဆရာ ဆရာမများ၊ ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမများ၊ တက္ကသိုလ်ကောလိပ်မှ ကျောင်းသား ကျောင်းသူများ၊ လူထုကိုယ်စားပြုလူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ပြီး ကင်းထောက်သင်တန်း (အဆင့်မြင့်) သင်တန်းကိုလည်း လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် အောက်တိုဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ထပ်မံဖွင့်လှစ်မည် ဖြစ်သည်။

**(ကြေးမုံ)**

# "Creed 2" ကို စတားလုံးတာဝန်ယူရိုက်ကူးသွားမည်



ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသားကြီးတစ်ဦးဖြစ်တဲ့ ဆီဗက်စတာစတားလုံးဟာ အသက်အရွယ်ရလာပြီးတဲ့နောက် သရုပ်ဆောင်တစ်ဦးအဖြစ်ထက် ဒါရိုက်တာတစ်ဦးအဖြစ် အနုပညာခရီးဆက်လာခဲ့တာ ဖြစ်ပါတယ်။ လတ်တလောမှာ အသက်(၇၁)နှစ်အရွယ်ရှိပြီဖြစ်တဲ့စတားလုံးက ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း သူကိုယ်တိုင်ပါဝင်ခဲ့တဲ့ "Creed"ရုပ်ရှင်ရဲ့ နောက်ဆက်တွဲရုပ်ရှင်ကို ဖန်တီးသွားမှာဖြစ်ပြီး သူကိုယ်တိုင်ဒါရိုက်တာတစ်ဦးအဖြစ် တာဝန်ယူရိုက်ကူးသွားမှာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပထမဆုံးထုတ်လွှင့်ပြသခဲ့တဲ့ "Creed"ရုပ်ရှင်မှာတော့ ဟောလိဝုဒ်သရုပ်ဆောင် မိုက်ကယ်လ်ဘီဂျော်ဒန်က ခေါင်းဆောင်ပါဝင်ခဲ့တာဖြစ်ပြီး ယင်းရုပ်ရှင်မှာတော့ စတားလုံးက ဇာတ်ပို့တစ်ဦးအဖြစ်ပါဝင်ခဲ့ကာ ယင်းရုပ်ရှင်နဲ့ပင် အနုပညာထူးချွန်ဆုတစ်ခုဖြစ်တဲ့ အကယ်ဒမီဆုအတွက် ဇာတ်ပို့ဆုကို သိမ်းပိုက်နိုင်ခဲ့တာဖြစ်ပါတယ်။ လာမယ့် "Creed 2"မှာလည်း ဇာတ်ဆောင်အဖြစ် မိုက်ကယ်လ်ဘီဂျော်ဒန်နဲ့သာ ဆက်လက်ရိုက်ကူးသွားမှာဖြစ်ကြောင်းနဲ့ သူဟာ ဒါရိုက်တာတစ်ဦးအဖြစ် ပါဝင်သွားမှာဖြစ်ကြောင်း စတားလုံးက လတ်တလောမှာ သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေ တစ်ဆင့်ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။

"Creed 2"မှာတော့ မင်းသားကြီးစတားလုံးက ဒါရိုက်တာတစ်ဦးအဖြစ် ပါဝင်သွားမယ့်အပြင် ထုတ်လုပ်ရေးပိုင်းတွေမှာလည်း တာဝန်ယူဆောင်ရွက်သွားမှာဖြစ်ကြောင်းသိရပါတယ်။ ယင်းရုပ်ရှင်သစ်နဲ့ပတ်သက်ပြီး စတားလုံးက "အံ့ဩဖွယ်အရည်အချင်းတွေကို ပိုင်ဆိုင်ထားတဲ့ မိုက်ကယ်လ်ဘီဂျော်ဒန်နဲ့အတူ Creed 2 ကို လာမယ့်နှစ်မှာ တာဝန်ယူရိုက်ကူးပေးဖို့နဲ့ ထုတ်လုပ်သွားဖို့အတွက် မျှော်လင့်နေမိပါတယ်။ နောက်ထပ်တစ်ပတ်လည်လာခဲ့ပြန်ပါပြီ"လို့ သူ့ရဲ့ လူမှုကွန်ရက်မီဒီယာစာမျက်နှာပေါ်မှာ ရေးသားဖော်ပြလာတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့လအတွင်း စတားလုံးက "Creed 2"ကို လာမယ့်နှစ်အတွင်း စတင်ရိုက်ကူးသွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး သူနဲ့မိုက်ကယ်လ်ဘီဂျော်ဒန်တို့အတူ လေ့ကျင့်ရေးဆင်းနေကြပုံကိုလည်း တွဲဖက်ဖော်ပြခဲ့ကာ ၂၀၁၈ ခုနှစ်မှာ ပိုမိုသန်မာလာပြီလို့ ရေးသားဖော်ပြခဲ့တာတွေ့ရပါတယ်။ လတ်တလောမှာတော့ ဒုတိယမြောက်ရုပ်ရှင်သစ်ကို သူကိုယ်တိုင် ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးပေးသွားမှာဖြစ်ကြောင်း ထုတ်ဖော်အသိပေးခဲ့တာလည်း ဖြစ်ပါတယ်။

# အိမ်ထောင်သက်တစ်နှစ်ကျော်မှာ ရင်သွေးလေးရရှိခဲ့ပြီဖြစ်တဲ့ ကမ်ဟာနူး

တောင်ကိုရီးယားရဲ့နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ ကမ်ဟာနူးဟာ လတ်တလောမှာတော့ သူ့အနေနဲ့ ပထမဆုံးရင်သွေးလေးကို လွယ်ထားရပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်ပါတယ်။ ကမ်ဟာနူးဟာ (၂၂)ကြိမ်မြောက် ဘူဆန်နိုင်ငံတကာရုပ်ရှင်ပွဲတော်မှာ အစီအစဉ်တင်ဆက်သူတစ်ဦးအဖြစ် ပါဝင်ထားဖို့စီစဉ်ထားခဲ့ပေမယ့် ရင်သွေးလေးကြောင့် အစီအစဉ်ဖျက်ခဲ့ရကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ကြာသပတေးနေ့မှာတော့ ကမ်ဟာနူးရဲ့နေရာမှာ အစီအစဉ်တင်ဆက်သူအဖြစ် ယွန်နက အစားထိုးဆောင်ရွက်ခဲ့တာကိုတွေ့ရပြီးနောက် ယခုလို ကမ်ဟာနူးရဲ့ ရင်သွေးလေးရနေပြီဖြစ်ကြောင်း သတင်းတွေထွက်လာခဲ့တာဖြစ်ပါတယ်။ ကမ်ဟာနူးဟာ သူ့ရဲ့ရင်သွေးလေးကျန်းမာစွာမွေးဖွားလာနိုင်ဖို့ စီစဉ်နေတာဖြစ်တယ်လို့လည်း သိရပါတယ်။

ကမ်ဟာနူးရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အက်စ်အမ်စီအန်စီကလည်း ကမ်ရဲ့ဝမ်းမြောက်ဖွယ်သတင်းကို အတည်ပြုပေးခဲ့ပြီးဖြစ်တယ်လို့လည်း သိရပါတယ်။ အေဂျင်စီက "ကမ်ဟာမကြာသေးမီကမှ ကိုယ်ဝန်လွယ်ထားရပြီဖြစ်ကြောင်း သိခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ မိခင်နဲ့ကလေးရဲ့ ကျန်းမာရေးအတွက် အထူးဂရုစိုက်နေတာဖြစ်ပါတယ်"လို့ ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် မတ်လအတွင်းက ကမ်ဟာ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနဲ့ ချစ်သူသက်တမ်းတစ်နှစ်ကျော်ချိန်မှာ လက်ထပ်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ အသက်(၃၉)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကမ်အတွက် ပထမဆုံးရင်သွေးလေးပိုင်ဆိုင်ခွင့်ရခဲ့ပြီဖြစ်တာကြောင့် မိသားစုဝင်တွေကလည်း အလွန်ဝမ်းမြောက်နေတာဖြစ်တယ်လို့ သိရပါတယ်။

# စင်မြင့်ပေါ် ပြန်လည်တက်လှမ်းလာတဲ့ တေလာဆွစ်



"Look What You Made Me Do "တေးသီချင်းရဲ့ တေးသံရှင်ဖြစ်တဲ့ တေလာဆွစ်ဟာ စင်မြင့်ပေါ်မှာ တေးသီချင်းတွေ ဖျော်ဖြေတင်ဆက်ခြင်းမရှိတာ အတော်ကြာခဲ့ပြီဖြစ်ပါတယ်။ လတ်တလောမှာတော့ ပေါ့ပ်ကြယ်ပွင့်တေလာဆွစ်က တိုက်ရိုက်ဖျော်ဖြေတင်ဆက်မှု နှစ်ခု ပြုလုပ်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။ ယင်းဖျော်ဖြေပွဲတွေကတော့ သူ့ရဲ့မကြာမီထုတ်လွှင့်သွားမယ့်တေးအယ်လ်ဘမ်သစ် "Reputation" ထုတ်လွှင့်မှုအတွက် ရည်ရွယ်တာဖြစ်တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာ ၉ ရက်မှာ ကန်းထရီးတေးသံရှင်တစ်ဦးမှသည် ပေါ့ပ်ကြယ်ပွင့်တစ်ဦးအဖြစ် ဂီတခရီးရှည်လျှောက်ခဲ့တဲ့ တေလာဆွစ်က သူ့ရဲ့တေးအယ်လ်ဘမ်သစ် "Reputation"မှာ ပါဝင်မယ့်တေးသီချင်းနှစ်ပုဒ်ဖြစ်တဲ့ "Look What You Made Me Do"နဲ့ "Ready For It"တေးသီချင်းတွေကို ပြီးခဲ့တဲ့လအတွင်း စတင်ထုတ်လွှင့်ခဲ့ပြီးနောက်မှာတော့ ယခုလို တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် တေးသီချင်းတွေနဲ့ ဖျော်ဖြေကာ စင်မြင့်ထက်ပြန်လည်တက်လှမ်းမယ့်အကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ တေလာဆွစ်ဟာ အသံလွှင့်ရုံနှစ်ခုကနေ ပံ့ပိုးမှုနဲ့ထုတ်လွှင့်သွားမယ့်ဖျော်ဖြေပွဲနှစ်ပွဲမှာ ပါဝင်တင်ဆက်သွားမှာဖြစ်ပါတယ်။

တေလာဆွစ်ရဲ့ တေးအယ်လ်ဘမ်သစ် "Reputation"ကို လာမယ့်နိုဝင်ဘာ ၁၀ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်တာကြောင့် တေလာဆွစ်အနေနဲ့ တေးအယ်လ်ဘမ်သစ်အတွက် ဖျော်ဖြေပွဲတွေပြုလုပ်သွားမှာဖြစ်ပြီး ယခုလို စင်မြင့်ထက် ပြန်လည်တက်ရောက်ဖျော်ဖြေမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာလည်း ဖြစ်ပါတယ်။ တေလာဆွစ်ရဲ့ တေးအယ်လ်ဘမ်သစ်အတွက် ပြုလုပ်သွားမယ့်ဖျော်ဖြေပွဲနှစ်ခုစလုံးကို လာမယ့် ဒီဇင်ဘာလအတွင်း ပြုလုပ်ပေးသွားမှာဖြစ်ပြီး ဒီဇင်ဘာ ၂ ရက်နဲ့ ၇ ရက်တွေမှာ ပြုလုပ်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီဇင်ဘာလအတွင်း ပြုလုပ်သွားမယ့် တေလာဆွစ်ရဲ့ဖျော်ဖြေပွဲမှာတော့ အခြားသော နာမည်ကျော်ဂီတကြယ်ပွင့်တွေဖြစ်ကြတဲ့ အက်ဒ်ရှီရန်နဲ့ နီးဟော်ရန်တို့လို ဗြိတိန်ပေါ့ပ်ကြယ်ပွင့်တွေနဲ့ တေးဂီတအဖွဲ့တွေဖြစ်ကြတဲ့ "Fifth Harmony"၊ "The Chainsmokers"၊ "Backstreet Boys"စတဲ့တေးသံရှင်တွေလည်း ပါဝင်ဖျော်ဖြေသွားကြမှာဖြစ်ပါတယ်။

ယင်းဒီဇင်ဘာဖျော်ဖြေပွဲတွေဟာ တေလာဆွစ်အတွက်တော့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း "Super Bowl"ရက်သတ္တပတ်ဖျော်ဖြေတင်ဆက်မှုတွေမှာ ပါဝင်ခဲ့ပြီးနောက် ပထမဆုံးပြန်လည်ပြုလုပ်မယ့် ဖျော်ဖြေပွဲတွေဖြစ်လာမှာဖြစ်ပြီး နာမည်ကျော်ပေါ့ပ်ကြယ်ပွင့်တစ်ဦးရဲ့ အချိန်အတော်ကြာမှ ဖျော်ဖြေရေးစင်မြင့်ပေါ် ပြန်လည်တက်လှမ်းလာခြင်းလည်း ဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်




# အိုင်ယူပြောလာတဲ့ ရေကြောက်ရတဲ့ အကြောင်းအရင်း

တောင်ကိုရီးယားရဲ့ နာမည်ကျော် တစ်ကိုယ်တော်တေးသံရှင်တစ်ဦးဖြစ်ပြီး သရုပ်ဆောင်တစ်ဦးအဖြစ်ပါအောင်မြင်နေတဲ့ အိုင်ယူက သူ့မှာရေကိုကြောက်တဲ့စိတ်ရှိကြောင်းနဲ့ ဒီလိုခံစားရတဲ့အကြောင်းအရင်းလည်း ရှိနေခဲ့တာဖြစ်ကြောင်း လတ်တလောမှာ ဖွင့်ဟလာခဲ့တာဖြစ်ပါတယ်။ ဒီလိုရေကြောက်ရတဲ့အကြောင်းကတော့ အိုင်ယူဟာ ကျော်ကြားတဲ့ ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ "Running Man"မှာ ပါဝင်သရုပ်ဆောင်ခဲ့ရင်း ယင်းရိုက်ကွင်းမှာ ရေနစ်ခဲ့တာကြောင့်ဖြစ်ကြောင်းနဲ့ ဒီလိုရေနစ်ခဲ့ရပြီးတဲ့နောက်မှာတော့ ရေကိုကြောက်တဲ့စိတ်စွဲသွားတာဖြစ်ကြောင်းလည်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက်(၂၄)နှစ်အရွယ်သာရှိသေးတဲ့ တေးသံရှင်တစ်ဦးလည်းဖြစ်၊ တေးရေးတစ်ဦးလည်းဖြစ်တဲ့အပြင် မင်းသမီးတစ်ဦးအဖြစ်လည်း အောင်မြင်နေတဲ့ အိုင်ယူက အက်စ်ဘီအက်စ်ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်တဲ့ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ "Running Man"မှာ ပါဝင်သရုပ်ဆောင်ရင်း ရေနစ်ခဲ့ရတာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

"Palette"တေးသီချင်းရဲ့တေးသံရှင်ဖြစ်တဲ့ အိုင်ယူက ယင်းထိတ်လန့်စရာကောင်းတဲ့ အတွေ့အကြုံနဲ့ပတ်သက်ပြီးလည်း ဖွင့်ဟခဲ့ပါတယ်။ "Running Man"အစီအစဉ်မှာကစားပွဲတွေကို ပါဝင်ကစားခဲ့ရင်းက အလွန်နက်တဲ့ ရေကန်ထဲကို ခြေချော်ကျခဲ့ကာ ရေနစ်ခဲ့ရတာဖြစ်တယ်လို့လည်း သိရပါတယ်။ ယင်းအတွေ့အကြုံနဲ့ပတ်သက်ပြီး အိုင်ယူက "ကျွန်မရဲ့ဘဝတစ်လျှောက်မှာ ကိုယ့်ကိုယ်ကိုယ်ရေကူးတတ်မယ်လို့ တစ်ချိန်လုံးထင်ခဲ့မိတယ်။ ဒါပေမယ့် ရေထဲကို ကျခဲ့တဲ့အချိန်မှာတော့ ကျွန်မရေနစ်ပြီး သေလုမြောပါးဖြစ်ခဲ့ရတယ်။ ဒါဟာကျွန်မဘဝမှာ ပထမဆုံးရေထဲကိုကျခဲ့တာဖြစ်ပြီး ရေထဲဆင်းဖို့လည်း ကြောက်တဲ့စိတ်ကိုဖြစ်စေခဲ့တယ်"လို့ ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး အိုင်ယူက "ကျွန်မရေပေါ် မျောနေတယ်လို့ ခံစားလိုက်ရတဲ့ အချိန်မှာ ကျွန်မလက်တွေကိုဝှေ့ယမ်းကြည့်ခဲ့တယ်။ ဒါပေမယ့် ကျွန်မကြိုးစားမှုဟာ အရာမရောက်ဘဲ ရေနစ်တော့တာပဲ။ ဒါကြောင့် အတော်လေးထိတ်လန့်ခဲ့တယ်"လို့လည်း ပြောကြားခဲ့ပါတယ်။

အဆိုပါရိုက်ကွင်းရဲ့ ဗီဒီယိုမှာတော့ အိုင်ယူရေနစ်နေတာကို တွေ့ရပြီး "Running Man"ရဲ့ ပင်တိုင်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ မင်းသမီးဆောင်းဂျိဟိုက အိုင်ယူရှိရာဘက်ကို မျက်နှာမူနေကာ သူ့ကိုစိုးရိမ်တကြီး ကြည့်နေတာကိုလည်း တွေ့ရပါတယ်။


g&g grab & go
300
STORES
CELEBRATION
13th to 31st October, 2017
လေးစားချစ်ခင်ရတဲ့
Customer များရဲ့ဝယ်ယူ
အားပေးမှုများနှင့် အဘက်ဘက်မှ
ကူညီပံ့ပိုးမှုများကြောင့်
g&g grab & go Convenience Store
များကိုဆိုင်(၃၀၀)ထိ ဖွင့်လှစ်နိုင်ခဲ့ပါပြီ။


The 5th Housing & Living 2017
October 13 to 15, 2017
Tatmadaw Hall, Yangon
၂၀၁၈ မြန်မာ့စီးပွားရေး အပါအဝင် အိမ်ခြံမြေဆိုင်ရာဗဟုသုတများကိုပညာရှင်ကြီးများမှဟောပြော
ဆွေးနွေးသွားမည်ဖြစ်ပြီးစိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်လေ့လာနိုင်ပါသည်။
ပြပွဲသို့တက်ရောက်လေ့လာသူများအတွက်နေ့စဉ်တီဗွီ၊ ရေခဲသေတ္တာနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများစွာကိုကံစမ်းမဲဖွင့်လှစ်ပေးမည်ဖြစ်သည်။
MODERN TECH
DG
MAEX
SUCCESS Property Consultant
asm
GS GRAND STYLE
i GREEN
SHIN WATAHAN
THE WALLS
GWI
THE LEAF Residence
K.A.E INTERNATIONAL MARKETING AGENCY CO.,LTD
SAI UNI
95 MYANMAR
GEO APPLIED INTERNATIONAL
SingTech Global
Zaw Hpone
အရည်အသွေးမြင့်တိုက်ခန်းများကို (၁)နှစ်မှ(၁၅)နှစ်ထိ ဘဏ်ချေးငွေဖြင့် အရစ်ကျစနစ်နှင့်
အတူ၊ ကုမ္ပဏီများမှလည်း အတိုးနှုန်းအခမဲ့အစီအစဉ်ဖြင့် ပြိုင်ဆိုင်ရောင်းချမည်ဖြစ်သည်။
www.events-housingandliving.com
Hot Line: 09 450098008

## တေဇ(၂၂)

### (၂၂)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားဖိတ်ကြားလွှာ

အလုပ်သင်ဗိုလ်၊ ဗိုလ်လောင်းသင်တန်းအပတ်စဉ်(၂၂)၏ (၂၂)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို အောက်ဖော်ပြပါနေ့ရက် အစီအစဉ်များအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် သူငယ်ချင်းများနှင့် မိသားစုများ တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

(၁) အမှတ်တရဂေါက်သီးရိုက်ပြိုင်ပွဲ
- (က) နေ့ရက်/အချိန် - ၁၉-၁၀-၂၀၁၇ ရက်၊ ၁၁း၀၀ နာရီ
- (ခ) နေရာ - Royal Mingalardon Golf & Country Club မင်္ဂလာဒုံဥယျာဉ်မြို့တော်

(၂) လှူဒါန်းမှုများပြုခြင်း
- (က) နေပြည်တော် - ၂၀-၁၀-၂၀၁၇ရက်၊ ၉း၀၀နာရီ ကရုဏာကမ္ဘာစစ်မှုထမ်းဟောင်းဘိုးဘွားရိပ်သာ၌ အလှူငွေပေးအပ်ပွဲ ကျင်းပခြင်း
- (ခ) ရန်ကုန် - ၂၀-၁၀-၂၀၁၇ ရက်၊ ၈း၀၀နာရီ၊ ကြေးခေါင်းလောင်းလှူဒါန်းရေစက်ချပွဲနှင့် သံဃာတော်များ ဆွမ်းဆက်ကပ်မှုအား ရွှေတိဂုံဘုရား အနောက်မြောက်ထောင့်ရှိ တန်ဆောင်းနှင့် ပုံတော်ဘုရားတွင် ပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ပေးကြပါရန်။

(၃) ပညာရည်ချွန်ဆုပေးပွဲနှင့် ညစာစားပွဲ
- (က) နေ့ရက်/အချိန် - ၂၀-၁၀-၂၀၁၇ ရက်၊ ၁၈း၃၀နာရီ
- (ခ) နေရာ - Yangon City Hotel (၈)မိုင်လမ်းဆုံ၊ ရန်ကုန်

**နှစ်ပတ်လည်နေ့ကျင်းပရေးကော်မတီ**

## ပေါင်းတည် အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏

### (၂၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့၊ ပေါင်းတည် အထက၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးကို (၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်) ၄-၁၁-၂၀၁၇ ရက်တွင် ပေါင်းတည်အထက ပညာရတနာခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးနေ ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများကို လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ဦးကျော်ဇင် | - | ၀၉-၅၃၇၆၂၁၇ |
| ဦးအောင်မြင့် | - | ၀၉-၅၃၁၂၆၂၉ |
| ဦးတင်မြင့် | - | ၀၉-၅၃၇၆၇၁၅ |
| ဦးရွှေတိုး | - | ၀၉-၄၂၃၇၀၃၅၅၃ |
| ဦးသန်းစိုး | - | ၀၉-၂၅၀၂၁၈၀၆၈ |

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

## ရေးမြို့နယ်အသင်း(ရန်ကုန်)

### တတိယအကြိမ်စုပေါင်းမဟာဘုံကထိန်ပွဲဖိတ်ကြားလွှာ

ရေးမြို့နယ်အသင်း(ရန်ကုန်)၏ တတိယအကြိမ် စုပေါင်းမဟာဘုံကထိန်ပွဲကို (၁၃၇၉ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်) ၁၅-၁၀-၂၀၁၇ ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် နေလကမ္ဘာသာသနာ့ဗိမာန်ကျောင်း၊ အာဒိကာရုံ အနောက်တိုက် ကျောင်းအမှတ်(၃၀)၊ (၇)ရပ်ကွက်၊ သာကေတမြို့နယ်၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများနှင့် ရေးမြို့နယ်သူ/ရေးမြို့နယ်သားများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဖွယ်ပစ္စည်း၊ ဝတ္ထုငွေများအား ဦးမြင့်ဆွေ ဖုန်း-၀၉-၄၂၄၇၄၂၂၈၉၊ ဦးဖေအောင် ဖုန်း၀၁-၅၇၀၀၆၂၊ ဦးစံလွင် ဖုန်း-၀၉-၅၁၇၂၆၈၄၊ ဦးစိုးတင့် ဖုန်း၀၉-၅၂၀၀၁၁၂၊ ဦးသက်ဝင်း ဖုန်း-၀၉-၅၀၅၈၅၂၅၊ ဒေါ်ခင်စောမြင့် ဖုန်း-၀၉-၃၀၃၅၄၉၉၆၊ ဒေါ်မိမိဆန်း ဖုန်း-၀၉၅၀၄၂၂၇၄၊ ဒေါ်ခင်မျိုးညွန့် ဖုန်း၀၁-၅၂၅၄၀၂၊ ဒေါ်ခင်မြင့်လွင် ဖုန်း ၀၉-၄၂၅၃၄၆၆၂၇၊ ဒေါ်မြင့်မြင့်ဦး ဖုန်း၀၉-၂၅၃၄၃၁၉၈၁၉၊ အသင်းရုံးဖုန်း ၀၉-၇၃၂၀၁၂၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး မပျက်မကွက် တက်ရောက်ပေးကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**မှတ်ချက်။ ။ နံနက်စာဖြင့်ဧည့်ခံပါမည်။**

**အလုပ်အမှုဆောင်အဖွဲ့**
**ရေးမြို့နယ်အသင်း(ရန်ကုန်)**






## (၂၄)ကြိမ်မြောက် အထက(၂)အလုံမြတ်ဆရာပူဇော်ပွဲ

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အထက(၂)အလုံ၏ မြတ်ဆရာပူဇော်ပွဲအား (၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) (အမျိုးသားအောင်ပွဲနေ့) ၁၃-၁၁-၂၀၁၇ ရက် (တနင်္လာနေ့) နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီအတွင်း အထက(၂)အလုံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ဆရာကြီး၊ ဆရာမကြီးများ ကိုယ်တိုင်တက်ရောက်အပူဇော်ခံ ကြွရောက်ပါရန်နှင့် ကျောင်းသားဟောင်းများ (မည်သည့်နှစ်ကျောင်းသားမဆို) စုံစုံညီညီ မပျက်မကွက် တက်ရောက် ကန်တော့ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ဖိတ်စာရသည်ဖြစ်စေ၊ ဖိတ်စာမရသည်ဖြစ်စေ ကျောင်းသား/သူများအားလုံး ပါဝင်ကြပါရန် နှိုးဆော်အပ်ပါသည်။**

**အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ Facebook Link တွင်လည်း သွားရောက်ကြည့်ရှုနိုင်ပါသည်။**

**https://www.facebook.com/groups/BEHS2Ahlone Yangon**

**အောက်ပါပုဂ္ဂိုလ်များထံတွင် အလှူငွေများထည့်ဝင်လှူဒါန်းနိုင်ပါသည်။**

| | | | | | |
|---|---|---|---|---|---|
| ဦးထွန်းအောင် | ၀၉-၇၃၀၇၇၃၇၇ | ဒေါ်ကျင်စွမ် | ၀၉-၂၅၀၀၈၀၈၂၈ | ဦးထွန်းလှိုင် | ၀၉-၅၁၀၁၁၉၅ |
| ဒေါ်စန်းစန်းဦး | ၀၉-၅၁၅၂၉၆၉ | ဦးတင်ကြိုင် | ၀၉-၇၃၂၀၅၃၃၇ | ဦးထွန်းစိန် | ၀၉-၅၀၀၉၆၅၇ |
| ဒေါ်ဥမ္မာမွန် | ၀၉-၇၃၁၃၃၅၃၄ | ဒေါ်မြင့်မြင့်စန်း | ၀၉-၄၂၅၃၀၄၃၁၉ | ဦးသိန်းအောင်အေး | ၀၉-၂၅၄၀၁၀၄၀၇ |
| ဦးဝေလွင် | ၀၉-၄၃၁၅၁၄၄၈ | ဒေါ်အိသက်မွန် | ၀၉-၄၂၅၂၉၅၀၈၃ | ဒေါ်မေဦးခင် | ၀၉-၂၅၄၂၁၄၇၃၂ |

**မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**
**အထက(၂)အလုံ**


လက်ရှိအသုံးပြုနေသော
မြေတူးစက်ရောင်းမည်
KOBELCO Ton 20
(၂၇၀)သိန်း ညှိနှိုင်း
Ph:09-785084831

နိုင်ငံခြားသားများအတွက် တိုက်ခန်းနှင့် Condo များ ငှားလိုပါသည်။ 5 သိန်းမှ 15 သိန်းအတွင်း။ အမြန်ဆုံး ငှားထွက်သွားအောင်အကျိုးဆောင်ပေးမည်။ပိုင်ရှင်တိုက်ရိုက် သာဆက်သွယ်ပါ။(မှတ်ချက်-နိုင်ငံခြားသားအများစု မှာ ဥရောပ နိုင်ငံသား များဖြစ်ပါသည်) 09 2529 222 07

ထိပ်တန်း
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09-254256969
09-971322259

ပန်းချစ်သူ
နံ့သာဖြူ
ပင်ရင်း နံ့သာဖြူထတာဝ ထနပ်ခါးစစ်စစ်ဖြင့် ထုတ်လုပ်ထားသည်








# ကြော်ငြာ

## အထူးဝမ်းနည်းကြေကွဲခြင်း
**ရဟန်း ဒါယကာကြီး**
**ဦးအောင်ရွှေ (မြေစာရင်းအင်စပက်တော်-ငြိမ်း)**
**အသက် (၉၁) နှစ်**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာနမှ ဌာနမှူး ဒေါက်တာဝေဖြိုးအောင်၏ဖခင်ကြီး ဦးအောင်ရွှေသည် ၂-၁၀-၂၀၁၇ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းရပါသည်။

**ဇမ္ဗူသီရိအထူးကုဆေးရုံကြီး ဝန်ထမ်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဆရာကြီး ဦးအေးမြင့် (၈၈)နှစ်**
**(မြန်မာမှုဒီဇိုင်းသုတေသီ)**

ခင်မင်လေးစားကျွမ်းဝင်ရပါသော ကျေးဇူးရှင် မင်္ဂလဓမ္မဇောတိက ဓဇ မြန်မာမှုဒီဇိုင်းပညာရှင် ဆရာကြီး ဦးအေးမြင့် (မြန်မာမှုဒီဇိုင်းသုတေသီ)သည် ၃-၁၀-၂၀၁၇ ရက်နေ့တွင် အမရပူရ နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မြန်မာအနုပညာနယ်ပယ်အတွက် နှမြောတသမဆုံး ဖြစ်ရပါကြောင်းနှင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမဆုံး ဖြစ်ရပါကြောင်း။

(ဆရာကြီး ကောင်းရာသုဂတိလားပါစေ)

လေးစားဂါရဝတရားဖြင့်

**ဦးသက်စိန် (ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်-၁၊ ကိုယ်စားလှယ်)-ပါမောက္ခ ဒေါက်တာဒေါ်အေးအေးမြင့် မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်အေးမြင့်**
**အသက် (၈၄)နှစ်**

မြန်မာ-ဂျပန် SEDA လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းကြီး၏ အဖွဲ့ဒုဥက္ကဋ္ဌ ဦးသက်ဇော်၏မိခင်ကြီး ဒေါ်အေးမြင့်သည် ၈-၁၀-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာ-ဂျပန် SEDA လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း CEC/EC နှင့် အဖွဲ့ဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးစိုးမြင့်**
**အသက် (၇၉) နှစ်**

ဒေါ်ဖြူဖြူစိုး (ညွှန်ကြားရေးမှူး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာန)၏ဖခင်ဖြစ်သူ ဦးစိုးမြင့် အသက်(၇၉)နှစ်သည် ၁၀-၁၀-၂၀၁၇ ရက် (အင်္ဂါနေ့) ည ၈း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစု**
**ငွေတိုက်ဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးတင်နွယ် (ပ/၃၉၉၆)**
**အသက် (၅၃) နှစ်**
**ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နွယ်(ပ/၃၉၉၆)သည် ၁၀-၁၀-၂၀၁၇ ရက် (အင်္ဂါနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ထွေအုပ်အပတ်စဉ်(၁၅)မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

နေပြည်တော်၊ ဥတ္တရခရိုင်၊ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နွယ် အသက်(၅၃)နှစ်သည် ၁၀-၁၀-၂၀၁၇ ရက်နေ့တွင် ကြွေလွင့်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နေပြည်တော်/ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဟာဂျီ ဦးမြင့်နိုင်-ဟာဂျီမ ဒေါ်အေးအေးမာ တို့၏မိခင်ကြီး ဟာဂျီမ ဒေါ်မာရီယန်ဘီဘီသည် ၁၁-၁၀-၂၀၁၇ရက်နေ့တွင် အလ္လာဟ်အမိန့်ခံယူကြောင်းကြားသိရ၍ ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

**Orchid Hotel မိသားစု**

## ခရစ်တော်၌အိပ်ပျော်ခြင်း
**ဒေါ်နိုရာ (၉၂) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို (၂)ရပ်ကွက်၊ အမှတ်(၆၇)၊ နတ်မောက်လမ်းသွယ်(၁)နေ (ဦးမောင်ဘ-ဒေါ်ကျင်အေး)တို့၏သမီး၊ (ဦးစောအောင်စိန်-ဒေါ်ရှိစီ)၊ (ဦးစောသာချို-ဒေါ်စေးရာ)၊ (ဒေါ်လူစီ)၊ (ဦးစောဘာဘရေ-ဒေါ်ပရစ်စီလာ)၊ (ဦးစောဘန်နီ-ဒေါ်ထရူးဒီ)တို့၏ အစ်မ/ညီမ၊ ဦးစန်းယု-ဒေါ်အေးအေး (Harmony Studio)၊ ဦးမောင်မောင်လေး-ဒေါ်နန့်ဂျူဂျူးတို့၏မွေးသမိခင်၊ စမြတ်စည်သူ(JSM Shipping)-နန်းပန်းနုနိုင်၊ မအေးယုယုသွယ်(Victoria University College)တို့၏အဘွား၊ စအီသန်၏ဘွားဘွား၊ [ဦးမောင်မောင်မြင့်(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အငြိမ်းစားတိုင်းအင်ဂျင်နီယာ)]၏ချစ်လှစွာသောဇနီး ဒေါ်နိုရာသည် ၁၀-၁၀-၂၀၁၇ (အင်္ဂါနေ့) နံနက် ၅း၁၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၁၀-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်း၍ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) [အောင်းမေ့ဘွယ်ဝတ်ပြုကိုးကွယ်ခြင်းကို ၁၆-၁၀-၂၀၁၇ (တနင်္လာနေ့) နံနက် ၇း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါသောကြောင့် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
**ဂါ့သန်းချစ် (တောကြီး၊ ကညင်ပင်စု၊ ကျုံပျော်မြို့နယ်)**
**အသက် (၈၀)**

အမှတ်(၄၁၃)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့နေ (ဒေါက်တာမန်းမိုးကျော်)၏ဇနီး၊ စမိုးမြင့်နိုင်-ဒေါ်မင်းမင်းထွန်း၊ စမိုးညွှန့်နိုင်-နော်မူးလာသော၊ စမိုးမော်၊ စဇော်လွမ်းမိုး၊ နန့်ခင်သန်းစိန်တို့၏မိခင်၊ နန့်အေးမြင့်မြတ်မိုး၊ နန့်ခင်မြင့်မြတ်ဌေး၊ နန့်ချောရတီစံ၊ မောင်ဘုန်းမင်းသန့်၊ Glory Moses တို့၏ အဘွားသည် ၁၀-၁၀-၂၀၁၇ (အင်္ဂါနေ့) ည ၁၁း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၁၀-၂၀၁၇(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး မွန်းလွဲ ၁နာရီတွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်ဦးသိန်း (၇၈)နှစ်
**(AE၊ ဆည်မြောင်းဦးစီးဌာန-ငြိမ်း)**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ နယ်မြေ(၁၄)၊ မြတ်ရတနာလမ်း၊ အမှတ် (၄၁)နေ (ဒေါ်ဝင်းကြည်)၏ ခင်ပွန်း၊ ဒေါ်စန်းရီ၏မောင်၊ ဦးတင်ရွှေ၊ ဒေါ်နီနီသိန်း၊ ဒေါ်ဖြူဖြူသိန်း၊ ဦးတင်မောင်ဝင်း၊ ဦးမြင့်စိုး၊ ဒေါ်သီသီအေးတို့၏ အစ်ကိုကြီး၊ ဦးခင်အောင်-ဒေါ်အေးဝင်းသိန်း၊ ဦးဟန်ထွန်းဦး၊ ဦးအောင်သန်းဦး၊ (ဦးလှမင်းဦး)၊ (ဦးသန်းဌေးဦး)တို့၏ဖခင်၊ မြေး ၁၃ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၀-၁၀-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ တိုင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးသန်းမြင့် (၇၈)နှစ်**
**ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) O.T.S (36)**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) စ-စ-စ**

ရန်ကုန်မြို့နေ (ဦးချစ်-ဒေါ်နှင်းရီ)တို့၏ သား၊ ဗိုလ်မှူးချုပ်အေးစန်(ငြိမ်း)-ဒေါ်ခင်ခင်တို့၏သားသမက်၊ (ဦးထွန်းရီ)-ဒေါ်စိန်မြင့်တို့၏မောင်၊ ဦးထွန်းအောင်ကျော်-(ဒေါ်မြဝင်း)၊ ဦးကြည်ညွှန့်-(ဒေါ်ငွေစိန်)၊ ဦးသိန်းအောင်-(ဒေါ်တင်တင်လှ)၊ ဦးကျော်ဆန်း-ဒေါ်တင်ရွှေ၊ (ဦးတင်မောင်ဘုန်း)-ဒေါ်ကြူကြူတို့၏အစ်ကို၊ (ဒေါ်တင်တင်သန်း)၏ခင်ပွန်း၊ အမှတ်(B1)လုံးချင်း၊ တော်ဝင်အိမ်ရာ၊ ဦးဝိစာရလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးကြည်လင်းထက်-ဒေါ်မြင့်သီတာအေး၊ ဦးဝင့်ကျော်အေး-ဒေါ်ချိုသဲတို့၏ဖခင်၊ မောင်ပိုင်မှူးခန့်၊ မလဝန်းတို့၏ အဘိုးသည် ၁၀-၁၀-၂၀၁၇ (အင်္ဂါနေ့) ည ၁၀း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၁၇ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိုးမြင့် (၇၉)နှစ်
**B.E (Petroleum) [1967 Batch]**
**ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၅)ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ် (၆၁၆)နေ (ဦးကာလီ-ဒေါ်စက်ကြိမ်)တို့၏သား၊ (ဦးတွာပ-ဒေါ်ဝက်)တို့၏ သားသမက်၊ ဒေါ်ခင်ဝင်းရီ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ရီလှ၏မောင်၊ ဒေါ်ခင်ဝင်းကြည်၏အစ်ကို၊ ဒေါ်ခိုင်ခိုင်စိုး(ကထိက၊ သင်္ချာ၊ ဒဂုံတက္ကသိုလ်)၊ ဒေါ်လဲ့လဲ့စိုး (ဒု-ညွှန်ကြားရေးမှူး၊ ရသုံးမှန်းခြေ၊ ငွေစာရင်းဦးစီးဌာန)၊ ဒေါ်ဆင့်ဆင့်စိုး (လ/ထ ညွှန်ကြားရေးမှူး၊ ရသုံးမှန်းခြေ)၊ ဒေါ်ဖြူဖြူစိုး(ညွှန်ကြားရေးမှူး၊ ငွေတိုက်ဦးစီးဌာန)၊ ဒေါက်တာဥမ္မာစိုး(ကထိက၊ ရူပဗေဒဌာန၊ ဟင်္သာတ တက္ကသိုလ်)၊ဦးထွန်းမင်းလွင်(ခေတ္တ-စင်ကာပူ)-ဒေါ်စုစုစိုး(လ/ထ ညွှန်ကြားရေးမှူး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)၊ ဒေါက်တာပပစိုး (ကထိက၊ ဥပဒေပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မပန်းချယ်ရီသင်း၏အဘိုးသည် ၁၀-၁၀-၂၀၁၇ (အင်္ဂါနေ့) ည ၈း၄၅ နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၁၂-၁၀-၂၀၁၇ ရက် ညနေ ၄ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ် မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကိုကိုလေး (၆၉)နှစ်
**စာရင်းစစ်မှူး (ငြိမ်း)**

ရန်ကုန်မြို့၊ အမှတ် (၉)၊ (၁၆၆)လမ်းနေ (ဦးစိန်တင်-ဒေါ်တင်ရီ)တို့၏ သား၊ အမှတ် (၄၂)၊ (၁၆၄)လမ်းနေ (ဦးစိန်ဝင်း)-ဒေါ်ခင်စိန်တို့၏ သားသမက်၊ အမှတ် (၂၅)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နေ ဒေါ်မော်လီဝင်း(ခ)ဒေါ်သန်းရင်၏ခင်ပွန်း၊ (ဦးမောင်မောင်ကြီး-ဒေါ်ညိုညိုထွန်း)တို့၏ညီ၊ ဦးတင်ထွန်း၊ ဦးခင်မောင်ဌေး-ဒေါ်ကြည်ကြည်ချို၊ ဒေါ်တင်တင်လတ်၊ ဦးသိန်းဆွေ-ဒေါ်သင်းသင်းလတ်တို့၏ အစ်ကို၊ ကိုကျော်မိုးဝင်း-မကေသီတာနွယ်တို့၏ဖခင်၊ ဦးမိုးလှိုင်ဝင်း-ဒေါ်မေသန်းနွယ်၊ ဦးတင်ကိုကိုမြင့်-ဒေါ်မေသက်လွင်၊ မလတ်ဖြိုးဖြိုးအိ၊ မောင်ဖြိုးဝေလတ်၊ မောင်အောင်ကိုကို၊ မောင်နန္ဒကျော်၊ မောင်ဟိန်းဇော်ဆွေတို့၏ဘကြီး၊ မဂျူးသက်ထားစံ၏ ချစ်လှစွာသောဘိုးဘိုးသည် ၁၀-၁၀-၂၀၁၇ရက် ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (၁၆၆ လမ်းနေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# အနိစ္စ

## ဒေါ်အေးတင် (၉၃)နှစ်
**(မအူပင်)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ဝရဇာလမ်း၊ အမှတ်(၆၄၀)နေ (ဦးဘိုးအော)၏ဇနီး၊ (ဦးအေးလွင်)-ဒေါ်ခင်ဝင်း (လူမှုဝန်ထမ်းဦးစီးဌာန-ငြိမ်း)၊ (ဦးနန်းချို)-ဒေါ်အေးအေးမြင့် (စက်မှုသီးနှံ၊ ငြိမ်း)၊ (ဦးထင်ကျော်)-ဒေါ်ညွှန့်ညွှန့်သန်း (စက်မှုသီးနှံ၊ ငြိမ်း)၊ ဦးစိုးမင်း-ဒေါ်တင်တင်မြတ်တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်အေးတင်သည် ၁၀-၁၀-၂၀၁၇ ရက် ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၇ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခန့်သက်ရှည်(ခ) ဒေါ်ညွှန့်ရွှေ(ခ)ဒေါ်ရင်ရွှေ
**အသက် (၈၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးတောင်ရပ်ကွက်၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ်(၁၀၅/၈)နေ (ဦးရင်ကြီး-ဒေါ်အေး)တို့၏သမီး၊ (ဦးဘိုညွှာ-ဒေါ်မိုးခင်)တို့၏သမီးချွေးမ၊ (ဦးစိုးသွင်)၏ ချစ်လှစွာသောဇနီး၊ ဦးဖေအောင်-ဒေါ်မြင့်မြင့်ရီ(သူနာပြုဆရာမကြီးပါရဂူဆေးရုံ)၊ (ဦးဌေးဝင်း)-ဒေါ်မူမူ၊ ဦးဇော်ထွန်း-ဒေါ်ဝင်းမာ၊ ဦးစိုးညွှန့်-ဒေါ်သိန်းသိန်းမြင့်၊ ရဲတပ်ကြပ်ကြီး အေးအေးသွင် (ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး)၊ ဒုတိယရဲမှူးခင်မာသွင်(မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး)၊ မောင်ဌေးအောင်-ဒေါ်တင်တင်ဆွေတို့၏ မွေးသမိခင်ကြီး၊ မြေး ၁၂ယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီး ဒေါ်ခန့်သက်ရှည်(ခ)ဒေါ်ညွှန့်ရွှေ(ခ) ဒေါ်ရင်ရွှေသည် ၁၀-၁၀-၂၀၁၇ ရက် နံနက် ၁း၅၅နာရီတွင် သျှင်ပါဂူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၁၇ ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဖျာပုံမြို့နယ်အသင်း (ရန်ကုန်)
**ဦးသန်းမြင့်(ဖျာပုံ) (၇၈)နှစ်**
**စ-စ-စ ညွှန်/ချုပ် (ငြိမ်း)**

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)၏ အတွင်းရေးမှူး ဦးကျော်ဆန်းနိုင်၏ အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ ဦးဝိစာရလမ်း၊ တော်ဝင်လုံးချင်းအိမ်ရာ၊ အမှတ် (B.1)နေ ဖျာပုံမြို့နယ်အသင်း (ရန်ကုန်)၏ နာယကကြီး ဦးသန်းမြင့်သည် ၁၀-၁၀-၂၀၁၇ (အင်္ဂါနေ့) ည ၁၀း၅၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂-၁၀-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များလိုက်ပါပို့ဆောင်ပေးကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ခင်ဆွေညွှန့် (B-E Textile)**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ကန်/နောက်)ရပ်ကွက်၊ (၈၉)လမ်း၊ အမှတ်(၄၁)၊ မြေညီ (A)နေ ဒေါ်ခင်စိန်ညွှန့်၊ ဦးစိုးဝင်း-ဒေါ်ဌေးဌေးလွင်၊ ဦးသန်းထွန်းဦး-ဒေါ်အေးအေးခိုင်၊ ဦးမြင့်ဦး-ဒေါ်တင်တင်မြတ်၊ (ဦးရဲမင်း)-မချိုမာသိန်းတို့၏ အစ်မ၊ မောင်ကျော်ဝင်းထွန်း-မဟန်နီထွန်းတို့၏အဒေါ် ဒေါ်ခင်ဆွေညွှန့်သည် ၁၁-၁၀-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၀-၂၀၁၇ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
**ဦးတင်နု (၈၈)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်(တောင်ပိုင်း)၊ သုမန(၄)လမ်း၊ အမှတ်(၄၃၃)နေ (ဦးဘဇံ-ဒေါ်ရီ)တို့၏သား၊ ဒေါ်တင်ညွှန့်၏ခင်ပွန်း၊ ဦးသန်းနိုင်-ဒေါ်ညိုညိုဝင်း၊ ဦးဌေးဝင်း-ဒေါ်လှလှနု(ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)၊ ဒေါ်ခင်ဝေ၊ ဒေါ်အေးအေးရီ(သမဦးစီး)၊ ဒေါ်တင်တင်ရီ(ကကငွေ)၊ ဦးလေးနိုင် (TMW Enterprise Ltd)-ဒေါ်ခိုင်ခိုင်ထွေး၊ ဒေါ်စုစုမာ(လ. ဝ. က)တို့၏ဖခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၁၁-၁၀-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍၁၇-၁၀-၂၀၁၇(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဆရာကြီး ဦးအောင်ရှိန်း
**(မြို့နယ်ပညာရေးမှူး-ငြိမ်း၊ မြစ်ကြီးနားမြို့)**
**အသက် (၈၀)**

ယခင်ဝိုင်းမော်မြို့သူကြီးဟောင်း(ဦးတင်-ဒေါ်လင့်)တို့၏သား၊ ပြည်မြို့နေ ဦးချိန်စွမ်း-ဒေါ်မီမီရှိန်း(အထက-၁၊ ပြည်)၊ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ အမှတ်(၇၉)နေ ဒေါ်ကေသီရှိန်း၊ ဒေါ်ကေသွယ်ရှိန်း(သူနာပြုဆရာမကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး)၊ (ကိုဝင်းကျော်သူ)၊ ကိုအောင်နိုင်သူ (Htoo Petroleum)၊ ဦးဇော်ဆမ်-ဒေါ်ခင်နှင်းဝေတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏အဘိုး၊ (ဆရာမကြီးဒေါ်လထော်ဂျာအိန်)၏ ချစ်လှစွာသောခင်ပွန်း ဆရာကြီး ဦးအောင်ရှိန်းသည် ၁၁-၁၀-၂၀၁၇ ရက် နံနက် ၄ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် မြစ်ကြီးနားမြို့၊ ရာဒါကောင်း ဗုဒ္ဓဘာသာသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးဝင်းမွန် (၇၉)နှစ်**
**(တက္ကသိုလ်ဝင်းမွန်၊ ဘာသာပြန်အောင်ခန့်၊ အမျိုးသားစာပေတစ်သက်တာစာပေဆုရှင်၊ ဆရာဝန်တင်ရွှေတစ်သက်တာစာပေဆုရှင်၊ တွဲဖက်ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ပန်းတနော်လမ်း၊ အမှတ်(၁၅-B)၊ မြေညီထပ်နေ (ဦးအောင်သန်းခင်-ဒေါ်သန်းကြည်)တို့၏သား၊ (ဦးဘဖေ-ဒေါ်မိမိ)တို့၏သားသမက်၊ [ဒေါ်စန်းလွင်(အထပြ-ငြိမ်း၊ အထက-၁၊ စမ်းချောင်း)]၏ချစ်လှစွာသောခင်ပွန်း၊ (ဦးအောင်မွန်)၊ ဦးသက်မွန် (ခေတ္တ-စင်ကာပူ)-ဒေါ်လဲ့ကေသီ (ကထိက၊ မနုဿဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးသန်းနိုင်ဦး-ဒေါက်တာလွင်လွင်မွန် (ပါမောက္ခ၊ မနုဿဗေဒဌာန၊ ရတနာပုံတက္ကသိုလ်၊ မန္တလေး)၊ ဦးရဲမွန်-ဒေါ်သူဇာမြင့်၊ ဦးထွန်းလင်းမွန်(ခေတ္တ-USA)တို့၏ ချစ်လှစွာသောဖခင်၊ မယဉ်မြတ်မွန်(SMBC)၊ မချောမဒီနိုင်၊ မောင်မြတ်ကျော်ကောင်း၊ မောင်ဝင်းမြတ်၊ မသစ်သစ်စံ၊ မောင်ကောင်းကြည်စင်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၀-၁၀-၂၀၁၇(အင်္ဂါနေ့) ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၁၇ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှစိုး (၆၇)နှစ်
**ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ငြိမ်း)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၅) ရပ်ကွက်၊ (၂၇)လမ်း၊ အမှတ် (၁၉၆)နေ (ဦးသိန်းနု-ဒေါ်သန်း)တို့၏ သား၊ (ဦးမြမောင်-ဒေါ်ကျင်)တို့ သားသမက်၊ ဦးလှဝေ-ဒေါ်ခင်ခင်သိန်းတို့၏ ညီ၊ ဒေါ်တင်တင်ဝေ၏ ခင်ပွန်း၊ ကိုလှဌေး-မစပ္ပာယ်၊ ကိုလှထွဋ်၊ ကိုထွန်းအောင်ကျော်တို့၏ဖခင်၊ မောင်မင်းဝေယံအောင်၏အဘိုးသည် ၁၀-၁၀-၂၀၁၇ (အင်္ဂါနေ့) ညနေ ၄း၅၅ နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၁၂-၁၀-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
**ဟာဂျီဟာဖွင်ဇ်အဗ္ဗဒုရ်ရရှစ်(ခ)ဦးလှရွှေ(ကိုင်ရီ) (၆၂)နှစ်**
**Embassy of Indonesia-Malaysia-Brunei**
**(IISY Indonesia International School Yangon Religion & Arabic Language teacher)**

ရန်ကုန်မြို့၊ ကိုင်ရီအပ်ချုပ်ဆိုင်ပိုင်ရှင် (ဦးမဂျစ်-ဒေါ်စဖီယာဘီ)တို့၏ သား၊ ရန်ကုန်မြို့၊ မီယန်းအပ်ချုပ်ဆိုင်ပိုင်ရှင် (MHရရှစ်-ဒေါ်မာဝါဘီ)တို့၏ သားသမက်၊ (ဦးသန်းရွှေ)၊ (ဦးကျော်မြင့်)၊ ဒေါ်ချိုချို၊ ဦးရွှေကြည်၊ (ဒေါ်နု)၊ ဒေါ်သန်းသန်းနု၊ ဒေါ်တင်တင်အေး၊ (ဦးအောင်နိုင်ဦး)၊ ဦးညီညီ၊ ဦးအောင်ထွေးတို့၏အစ်ကို၊ မောင်မျိုးမင်းဦး-မဝင်းဝင်းမြင့်၊ မောင်ဇော်မင်းဦး-မမိုးစန္ဒီမောင်၊ မစံပယ်ဦး-မောင်မိုးအောင်၊ မသန်းသန်းဌေး-မောင်ဌေးအောင်၊ မောင်တင်မိုးဟိန်း-မဇင်သီသီထွန်း၊ မသီတာအေး-မောင်ခင်မောင်ဝင်းတို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ ဒေါ်ခင်ချို၏ ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ အမှတ်(၉)၊ ငါးလွှာနေ ဟာဂျီဟာဖွင်ဇ်အဗ္ဗဒုရ်ရရှစ်(ခ)ဦးလှရွှေသည် ၁၀-၁၀-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇း၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါဖြင့် ယင်းနေ့ ဇိုဟိုရ်နမာဇ်အပြီး သန်လျင်ဒါရ်ဝါကဘာစတန်၌ ဒါဖွာနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးတင်နွယ် (၅၃)နှစ်**
**မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဇေယျာသီရိမြို့နယ်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ (၈၇×၄၁)လမ်း၊ သံလျက်မှော်အရှေ့၊ မာလကာခြံရပ်ကွက်နေ ဒေါ်အေးအေးသင်း၏ခင်ပွန်း၊ ဦးကောင်းသန့်ထွန်း-ဒေါ်သိင်္ဂီသင်းနွယ်၊ မသီရိယမင်းနွယ်၊ မနန်းသီတာနွယ်တို့၏ ဖခင်၊ မကောင်းစုစုစံ၏အဘိုး၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နွယ်သည် ၁၀-၁၀-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ခတင်(၁၀၀၀)ဆေးရုံမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၀-၂၀၁၇(စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝန်ထမ်းနေအိမ်နှင့် ၁၆-၁၀-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မန္တလေးမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် နိုင်ငံတော်၏စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေရုံသာမက ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အဓိကကျသည့် မောင်းနှင်အားဖြစ်



ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၁**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေရုံသာမက ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အဓိကကျသည့် မောင်းနှင်အားဖြစ်ကြောင်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားသည်။

ဒုတိယသမ္မတက "နိုင်ငံ့စီးပွားရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းကျော်ဟာ ပုဂ္ဂလိကကဏ္ဍဖြစ်လို့ လုပ်ငန်းစဉ်တွေ ကူညီဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် စီးပွားရေးလုပ်ငန်းတွေ တိုးတက်ကောင်းမွန်လာမှာ ဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍကို ဝန်ဆောင်မှုတွေပေးရာမှာ ပြည်ထောင်စုဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေအနေနဲ့ အောင်မြင်နေတဲ့နိုင်ငံတွေကို လေ့လာပြီး ပြုပြင်ပြောင်းလဲသင့်တဲ့ ကိစ္စရပ်တွေကို

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

# လင်းပိုင်ထိန်းသိမ်းရေးဇရိယာ တိုးချဲ့နိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၁**

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာ တိုးချဲ့နိုင်ရေးအပါအဝင် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မန္တလေးမြို့မှ ကချင်ပြည်နယ် ဗန်းမော်အထိ သုတေသနခရီးစဉ်ကို ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုသုတေသနခရီးစဉ်တွင် လင်းပိုင်အကောင်ရေကို သုတေသနပြုလုပ်ခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနက မြို့နယ်အလိုက် SMART Data Base သင်တန်းတက်ရောက်ထားသူများ လက်တွေ့ဆောင်ရွက်ခြင်း၊ ရှော့တိုက် ငါးဖမ်းဆီးမှုများကို သက်ဆိုင်ရာမြို့နယ်များနှင့် ပူးပေါင်းအရေးယူပြီး ပညာပေးဟောပြောပွဲများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခရီးစဉ်၏ အဓိကဖြစ်သော ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာ တိုးချဲ့နိုင်ရေးအတွက် လိုအပ်သော အချက်အလက်များနှင့် ဒေသခံများကို စစ်တမ်းကောက်ယူခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးတာဝန်ခံ ဒုတိယဦးစီးမှူး ဦးဟန်ဝင်းက ပြောသည်။

"အဓိကက ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာတိုးချဲ့ဖို့ကို လိုအပ်တဲ့ အချက်အလက်တွေနဲ့ အသိပညာပေးမှုတွေ ဆောင်ရွက်သွားမယ်။ ပြီးခဲ့တဲ့အခေါက်ကလည်း အဲဒီဒေသတွေမှာ သုတေသနစစ်တမ်းတွေ လုပ်ပါတယ်။

**စာမျက်နှာ ၁၁ ကော်လံ ၃ သို့ ❖**



ရေတိုက်စား၍ ပျက်စီးသွားသည့် ယောချောင်း(ကံတွင်း)တံတားနေရာကို တွေ့ရစဉ်။

# ဆိပ်ဖြူမြို့နယ် ယောချောင်း (ကံတွင်း) တံတားအသစ်တည်ဆောက်မည်

**ဆိပ်ဖြူ အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ဆိပ်ဖြူ-ပခုက္ကူ ကားလမ်း အရှေ့ကံတွင်းကျေးရွာတွင် ယောချောင်းတံတား(ကံတွင်း)ကို အသစ်တည်ဆောက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ■**

